www.burmeseclassic.com

# ပန်းသိဂိုင်

## အမုန်းပြေးလမ်း အချစ်ပန်းတိုင်

BURMESE CLASSIC

design : bo bo htoon .2005

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၅၀၁ / ၂၀၀၄(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀ ၅၀၀၅၀၁

ပုံနှိပ်ခြင်း - ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၁၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇လမ်း
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပန်းသီခိုင်

# အမုန်းပြေပြီးလည်း အချစ်ပန်းတိုင်

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ...သမီး ...ပြုံးမြ"

မေမေ့ခေါ်သံကြောင့် ထမင်းစားခန်းကျယ်ကျယ်မှာ ခေါက်ဖျာချောတစ်ချပ်ကို ဖြန့်ခင်းလျက် အားပါးတရ ရှပ်ပွကာ ခေါင်းငုံ့အာရုံစိုက်နေမိသော ပြုံးမြမြမှာ လည်ပင်းလေးထောင်ကာ ခြံထဲကို လှမ်းကြည့်ပေမယ့် ပြတင်းပေါက်က မြင့်တော့ ခြံထဲမှာ ပန်းပင်ရေလောင်းနေသော မေမေ့ကို လှမ်းမမြင်ရပါ။

"ပြုံးမြရေ ...သမီး အိမ်ရှေ့သံပန်းတံခါးဖွင့်ဦး။ ဒီမှာ မောင်သန့်လာတယ်ဟေ့"

"ဟုတ် ...လာပြီ မေမေ"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြမြက ကိုယ်ပေါ် တစ်ဝက်တပျက်တင်ကာ တစ်ဝက်တပျက် ဖျာပေါ်ပုံနေသော အင်္ကျီကို ဆေးချထား လိုက်ကာ ထမင်းစားခန်းနှင့် ကပ်လျက် ဧည့်ခန်းဆီ ပြေးထွက် လာခဲ့၏။ ဧည့်ခန်းသံပန်းတံခါးကို မေမေ ခြံထဲဆင်းခါနီး ပိတ်သွားပေးခဲ့တာပါ။

'ညုတု' အောက်ဆင်းသွားမှာစိုးလို့ ခြံထဲဆင်းပြီး ညစ်ပတ်နေမှာစိုးလို့ပါ။ ခုတလော ညုတုက ခြံထဲလစ်တာ နှင့် ပြေးဆင်းပြီး တစ်ကိုယ်လုံး ညစ်ပတ်ပေရေလာအောင် ဆော့ကစားတတ်ပါသည်။

"ရှိတယ် ဒေါ်လေး ...ကျွန်တော် ဖွင့်တတ်တယ်"

မောင်မောင်စိန်ရောင်သန့်က ပန်းပင်တွေ ကိုယ်တိုင် စိတ်တိုင်းကျ ရေလောင်းနေသော ပြုံးမြ မေမေကို ပြန်ပြော လိုက်၏။ ပြုံးမြက ချက်ချင်းထွက်မလာပါ။

"အေးကွယ် ...ဝင်သွားလိုက်၊ ပြုံးမြရှိတယ်၊ ဒေါ်လုံးနဲ့ မိညိုတော့ ဈေးသွားကြတယ်၊ ညုတုထွက်လာမှာ





စိုးတာနဲ့ ဒေါ်ဒေါ် သံပန်းတံခါး ချက်ချထားတာ"

"ဟုတ်ကဲ့"

စိန်ရောင်သန့်က သံပန်းတံခါးဆွဲဖွင့်ပြီး ဧည့်ခန်း အရောက် ပြုံးမြကလည်း ထမင်းစားခန်းကထွက်လာပြီး ဧည့်ခန်းအရောက် ဆိုဖာဆက်တီဘေးမှာ ဆုံမိကြပါသည်။

သူတို့နှစ်ယောက်ကို ခေါင်းကလေးထောင်ပြီး လှမ်း ကြည့်ကာ ညုတုက လှစ်ခနဲ ထပြေးသွားတော့၏။

"ဟာ ...မောင်သန့် နင် တံခါးမပိတ်ဘူးလား"

ပြုံးမြက ညုတုကိုဖမ်းဖို့ ပြေးလိုက်သွား၏။

"သွားပါစေဟာ ...ခြံထဲဆင်းဆော့ပါစေ"

"မောင်သန့်ရယ် ...နင်မသိပါဘူး၊ ညစ်ပတ်ရွှံ့နစ် လာတာဟဲ့၊ ဒီကောင် ခုတလော ဘယ်လိုလျှောက်ဆော့မှန်း မသိဘူး"

"အိမ်ထဲမှာ ပျင်းလို့ပေါ့ဟ"

"အမယ် ...ပျင်းစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆော့ပါစေဟာ ...ပေးဆော့လိုက်ပါ၊ သနားပါတယ်၊ ညစ်ပတ်လာတော့လည်း ဘာဖြစ်လဲ"

"ဖြစ်တာပေါ့၊ ဟိုပေါ်လျှောက်တက်၊ ဒီပေါ်ခုန်တက်နဲ့ အကုန်လုံး လျှောက်ပေကုန်မှာ၊ ငါ ရေမချိုးပေးအားဘူးနော်"

"အေးပါ ...သွားပါစေ၊ သူဆော့လို့ မောပြီးပြန်တက်လာတော့ ငါ ရေချိုးပေးလိုက်မယ်"

"ပြီးရော ...နင်ချိုးပေးမယ်ဆို ပြီးတာပဲ"

"နင်ဘာလုပ်နေတာလဲ ပြုံးမြ"

မောင်မောင်စိန်ရောင်သန့် မေးတာကို မဖြေဘဲ "လာလိုက်ခဲ့"ဟု ပြုံးမြက ခေါ်လိုက်၏။ နှစ်ယောက်အတူတူ ထမင်းစားခန်းထဲ ရောက်သွားကြသည်။

"ဟာ ...ရှုပ်ပွနေပါလား"

"ငါဝတ်မယ့် ဂါဝန်ရှည်ကို စီးကွင့်ထိုးနေတာ"

"ဆိုင်မှာအပ်လိုက် ပြီးရော"





"ဈေးကြီးဝယ် အများကြီးပေးရမှာဟဲ့၊ နှမြောစရာကြီး၊ ငါလည်း ထိုးတတ်နေတာပဲဟာ"

"ပင်ပန်းတာပေါ့"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ပြုံးမြက ဖျာပေါ်ပြန်ထိုင်ချလိုက်ရင်း ...

"ငါ့အစ်ကိုမင်္ဂလာဆောင်ပဲဟဲ့၊ ဒီလောက်တော့ ပင်ပန်းမှာပေါ့၊ ပြီးတော့ ဒါ ငါတို့အိမ်ရဲ့ မင်္ဂလာဦးခေါ်တယ်၊ ပွဲဦးထွက်မင်္ဂလာပွဲ၊ ငါတို့က မောင်နှမနှစ်ယောက်တည်းရှိတာ"

"ဘာထူးလဲ ...ငါတို့ရော ဘယ်နှစ်ယောက်ရှိလို့လဲ၊ ငါ့အစ်မ မင်္ဂလာဆောင်က ငါတို့အိမ်ရဲ့ မင်္ဂလာဦးပဲ၊ နင်တို့တစ်အိမ်တည်းမှမဟုတ်ဘဲ"

"အေးပါ၊ ဟုတ်ပါတယ်"

ပြုံးမြက ခေါင်းညိတ်ပြီး မှုန်စိစိနှင့် တဖျတ်ဖျတ် လက်နေသော ဘော်ကြယ်ချောင်းအရှည်လေးတွေကို ရွေး



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူပြီး ထိုးလက်စစီးကွင့်ကို ဆက်ထိုးဖို့ပြင်တော့ စိန်ရောင်သန့်က …

"နေပါဦးဟာ …ငါပြစရာရှိလို့"ဟု တားၡ၏။

"ဘာလဲဟင်"

"ဖိတ်စာရပြီ၊ ဒီမှာကြည့်"

စိန်ရောင်သန့်က ပြုံးမြဘေးမှာ ထိုင်လိုက်ပြီး အိတ်ထဲက ပန်းနုရောင်ဖိတ်စာလှလှကို ထုတ်၏။

"ဟယ် …လှလိုက်တာနော်"

ပြုံးမြက ဖျတ်ခနဲဆွဲယူပြီး ကြည်နူးစွာ ရေရွတ်၏။

"ဒါက ဘယ်လိုပုံစံကြီးလဲ"

စိန်ရောင်ခန့်က စီးကွင့်ထိုးနေသော အင်္ကျီရှည်ကြီးကို ကောက်ယူကာကြည့်၏။

"ဟွန့် …မသိဘူးလား၊ အဲဒါ ရှေးသူမဂါဝန်ရှည်ပေါ့၊ လှတယ်မဟုတ်လား၊ ငါက ရှေ့ဆုံးကနေ ပန်းကြဲရမယ့်သူဆိုတော့ အားလုံးထက်လှဖို့လိုတယ်"





"ဟုတ်တာပေါ့၊ သတို့သမီးထက် လှအောင်လုပ်"

စိန်ရောင်သန့်က မျက်ခုံးပင့်ပြီး ငေါ့လိုက်၏။

"အမယ်လေးနော် …နှင့်အစ်မထက်တော့ ပိုပြီးမလှပါဘူး၊ စိတ်ချပါနော်၊ မင်္ဂလာပွဲမှာ သတို့သမီးဆိုတာ အလှဆုံးပဲ သိရဲ့လား၊ အပေါ်လွှင်ဆိုးဝတ်စုံနဲ့၊ ဘယ်သူနဲ့မှမတူဘူး၊ မရောဘူး၊ မမှားဘူး၊ ဘယ်သူဘာဝတ်ဝတ် သတို့သမီးကို မနိုင်ပါဘူး"

စိန်ရောင်သန့်က ဖွဖွပြုံး၏။

သူ့စကားကို အထနကောက်လွဲပြီ။

ပြုံးမြ ပြန်ချေပပုံက မှကျေနပ်တာ ပေါ်လွှင်သည်။

"ငါ အဲ့ဒီလိုပြောတာ မဟုတ်ပါဘူး"

ပြုံးမြက သူ့ကို မျက်စောင်းကလေးရွယ်၏။

"နှင့်အစ်မထက် ပိုလှနေမလားလို့ စိုးရိမ်မနေပါနဲ့"

"ဟာ …အဓိပ္ပာယ်မရှိတာ၊ ငါ့အစ်မ ငါ့အစ်မနဲ့ ခွဲခြားပြောရအောင် နှင့်အစ်ကိုနဲ့ယူမှာ နှင့်ယောင်းမပဲဟာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား”

“ဟုတ်ပါတယ်၊ နင်သည်းပုံကို ကြည့်မရတာ”

စိန်ရောင်သန့်က ဖြိုးမြကိုကြည့်ကာ ခေါင်းယမ်းသည်။

“အရမ်းစွာတာပဲ၊ ငါ့သူငယ်ချင်းကို ဒီလောက်စွာမှန်း မသိဘူး၊ ဆတ်ဆတ်ထိမခံပဲ”

ဖြိုးမြက သူ့ကို တစ်ချက်ပဲကြည့်ကာ ဖိတ်စာကို စူးစူးစိုက်စိုက်ကြည့်နေ၏။

“မောင်သန့်”

“ဟင်”

“နင် မသိချင်ယောင်ဆောင်ပြီး ပြန်မသွားနဲ့နော်၊ ညတုကို ရေချိုးပေးရဦးမယ်”

“အေးပါ”

“နင်ပဲ ရှည်ပြီး လွှတ်ပေးလိုက်တာကိုး”

“ဖြိုးမြရာ သွားပါစေ”





“ဘာသွားပါစေလဲ၊ ဟွန်း”

“အေးပါ …ငါ ညတုကို ရေချိုးပေးပါ့မယ်၊ ရေချိုးခန်းနဲ့ နင့်ကားပါ ဆေးပေးခဲ့မယ်၊ ဖုန်တွေချည်းပဲ၊ ကားလည်းညစ်ပေ၊ ခွေးလည်းညစ်ပေ၊ လူလည်း …”

“အမယ် …မောင်သန့်နော် နင်က နာမည်ပဲသန့်တာ သိလား၊ ဖြိုးမြတို့က ခုနကပဲရေချိုးပြီးပြီ”

သနပ်ခါးနံ့လေးသင်းနေတာကို စောစောကတည်းက သူ သတိပြုရှူရှိုက်ခဲ့မိ၏။

“ငါ နင့်ကို ပြစရာရှိသေးတယ်ဟဲ့”

“ဘာလဲ”

“မေ့နေတာ …မင်္ဂလာလက်စွပ်ကလေးတွေ ကိုကိုသွားယူလာခဲ့ပြီ သိလား၊ အရမ်းလှတာပဲ”

“ဟုတ်လား”

နှစ်ဘက်မိဘအသိုင်းအဝိုင်းက သဘောတူကြည်ဖြူလိုလားစွာ အခမ်းနားဆုံးဖြစ်အောင် အချိန်ယူကာ စီစဉ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သော မင်္ဂလာပွဲမို့ ပြီးပြည့်စုံမှာ သေချာနေ၏။

ပြုံးမြက ကိုဦးနှင့် မမခြယ်တို့၏ လက်ထပ်လက်စွပ်ကို သွားယူလာခဲ့၏။

"လာလေ …ထမင်းစားပွဲမှာ သွားကြည့်ရအောင်"

"အေး …ကောင်းသားပဲ"

ထမင်းစားပွဲပေါ် လက်စွပ်ဘူးလေးနှစ်ခုကို ချလိုက်တော့ စိန်ရောင်သန့်က ဖျတ်ခနဲ လျင်မြန်စွာ ကိုကို့လက်စွပ်ကို ဘူးကလေးဖွင့်ကာယူလျက် လက်မှာစွပ်လိုက်၏။

"ဟဲ့ …ဟဲ့ ခြော် အဲဒါ မဝတ်ကြည့်ကောင်းဘူးလေ၊ သူများမင်္ဂလာဆောင်လက်စွပ်ကို မောင်သန့်ရယ်၊ နင်က ခက်လိုက်တာ၊ ဘာမှန်းလည်းမသိဘူး"

ပြုံးမြက နှုတ်ခမ်းရူကာရှုတ်တော့ စိန်ရောင်သန့် မျက်နှာပျက်သွား၏။ ပြီးမှ ဟက်ခနဲ ရယ်လိုက်ကာ …

"နင် တော်တော်အတွေးခေါင်ပါလားဟ"ဟု ရှုံ့ချပြစ်တင်လျက် စားပွဲပေါ်ချထားသော မမခြယ်၏လက်စွပ်က





လေးကို ကောက်ယူကာ ပြုံးမြလက်မှာ ဝတ်ပေးဖို့ အစွမ်းကုန်ကြိုးစား၏။

"ဟာ …မလုပ်နဲ့ မောင်သန့်နော်၊ ကျိန်းကျေမှာငါ ကြောက်တယ်၊ ဖယ် ..မဝတ်ပါနဲ့ဆို၊ လွှတ်လေ၊ နင်နော် လွှတ်"

ပြုံးမြ လက်ကောက်ဝတ်ကို ဖမ်းချုပ်လျက် မရမက ဝတ်ပေးလိုက်တော့သည်။

နှုတ်ခမ်းလေးကိုက်ကာ မျက်စောင်းရှယ်ရင်း စိတ်အနှောင့်အယှက် အလွန်တရာဖြစ်သွားမိပေမယ့် သူငယ်ချင်းကို စိတ်မဆိုးချင်တာရယ်၊ တဖျတ်ဖျတ်လက်နေသော စိန်လက်စွပ်ကလေးကို ကိုဦးရွေးလာခဲ့ကတည်းက မျက်စိကျဝတ်ကြည့်ချင်ခဲ့တာရယ်။ ပြုံးမြ လက်ချောင်းကလေးမှာ တိုင်းပြီး အပ်ထားသလို ကွက်တိအနေတော်ကလေးမို့ ကိုယ့်လက်ကလေး ကိုယ်ဖြန့်ကြည့်ကာ သဘောကျငြိမ်သက်သွားမိတာရယ်၊ မောင်သန့်ကို ပြစ်တင်စကား ထပ်မဆိုဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လှတယ်၊ နင်နဲ့အရမ်းလိုက်တာပဲ ပြုံးမြ"

စိန်ရောင်သန့်ကလည်း အားပါးတရပြော၏။

"မမြှောက်ပါနဲ့"

"တကယ်ပါဟ …နင့်လက်နဲ့ အရမ်းလိုက်တယ်"

"သွား …မောင်သန့် နှင် ဖွတ်တရွတ်ပဲ"

ပြုံးမြက လက်စွပ်ကလေးကို ဖြည်းဖြည်းပြန်ချွတ်လျက် ဗူးကလေးထဲ ပြန်ထည့်သည်။

"မောင်သန့် ပေးတော့"

"ငါ့လက်နဲ့ လိုက်ရဲ့လား"

"မလိုက်ဘူး၊ မလှဘူး"

"စိတ်လုပ်ပြန်ပြီ"

"ဟွန်း"

စိန်ရောင်သန့် လက်ကို ဖျတ်ခနဲဆွဲယူပြီး လက်စွပ်ကို ညင်ညင်သာသာ ချွတ်ယူလိုက်၏။

"ပြုံးမြ"





"ဟင်"

"နင်ရော အဲဒါမျိုးလေး မလိုချင်ဘူးလား"

"သွားစမ်းပါဟယ်"

"ငါဝယ်ပေးမယ်လေ"

"မောင်သန့်"

ပြုံးမြက သည်းမခံနိုင်ဘဲ အော်ပစ်၏။

"ငါ့ကို မောင်သန့်၊ မောင်သန့်နဲ့ မခေါ်နဲ့"

"ခေါ်မှာပဲ"

"နင်က ငယ်တယ်လေ"

"ဘာဖြစ်လဲ၊ ငယ်ငယ် ကြီးကြီး"

"ငါက အိမ်မှာအငယ်၊ ဖေဖေနဲ့ မေမေပြီးတော့ မမ၊ ငါ့ထက်ကြီးတဲ့သူကြီးပဲ၊ သူတို့ခေါ်သလို နင်ခေါ်ရင် ငရဲကြီးမယ်"

"မဆိုင်ပါဘူး"

ပြုံးမြက မျက်နှာကလေးမော့ပြီး မဖြုံသလိုလုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ပေါင်ဆိုသည့်အတိုင်း။

ထိုစတိုင်သည် ပြုံးမြ၏ မူပိုင်။

ပြုံးမြ၏ ထိုမူပိုင်ပ န်ကို စိန်ရောင်သန့်က မကြိုက်။

တစ်ခါတလေ မခေါ်မပြောဘဲ နေမိတာလည်း အဲဒီ ပုံစံကြောင့်ပါ။

စိန်ရောင်သန့်၏မာနကို တူးဆွပြီး မခံချင်ဖြစ်အောင် လုပ်နိုင်လွန်းသော အပြုံး။

"မနက်ဖြန် မမခြယ် သတို့သမီးဝတ်စုံ သွားကြည့်မယ်ပြောတယ်၊ နင်လိုက်မယ်မဟုတ်လား"

"လိုက်မှာပေါ့ဟဲ့"

စပ်စုမကလေးပဲ နေရာတကာ ဝင်ပါသိချင်၊ စိန်ရောင်သန့်က သဘောပေါက်ပြီးသား။

"မောင်သန့်"

"ပြော"

"နင် …လက်စွပ်ဝတ်ကြည့်တဲ့ကိစ္စ မမခြယ်ကို သွားမပြောနဲ့နော်"

"ပြောမှာပေါ့၊ ဘာဖြစ်လဲ"

"မကြိုက်ဘဲနေဦးမယ်"

"ခဏဝတ်ကြည့်တာပဲ ဘာဖြစ်လဲ"

"မောင်သန့်ရယ် …နင်တော်တော် ဖွတ်တရွတ်နိုင်ပါလား၊ အဲဒါ သူများမင်္ဂလာလက်စွပ်ဟဲ့၊ ခုလို မသိအောင် ဝတ်ကြည့်တာ ဘယ်ကောင်းမလဲ"

"ဘာမှမဆိုင်ဘူး"

"နင်မသိပါဘူး"

ထိုကိစ္စကို စိန်ရောင်သန့်ကဖြင့် မေ့တောင်မေ့သွားပြီ။ ရင်ထဲဘာမှမရှိ။

တစ်စုံတစ်ရာ ရည်ရွယ်ချက်လည်း မရှိပါ။

မမခြယ်က ဘာလို့မကြိုက်ရမှာလဲ။

"မောင်သန့်"

"ဘာ ဆရာမကြီးလုပ်ဦးမလဲ"





www.burmeseclassic.com

www.burmeseclassic.com



"ငါပြောပြမယ်"

"နားညည်းလာပြီ"

စိန်ရောင်သန့်က ရေခဲသေတ္တာ သွားဆွဲဖွင့်သည်။

ရေခဲရေတစ်ဗူး ဆွဲယူပြီး မော့သောက်၏။

ပြုံးမြက မင်္ဂလာဆောင်ခံပွဲမှာ ပန်းကြဲပေးလျှင် ဝတ်မည့် ရေသူမဂါဝန်ရှည်ကလေးကို စီးကွင့်သွားပြန်ထိုးဖို့ ထိုင်ချ ရင်း ပင့်သက်တစ်ရှိုက်နှင့် …

"ရှေးထုံးမပယ်ရဘူးဆိုတဲ့ စကားရှိတယ်လေ"

ဟု စပြီးပြောလာ၏။

"မင်္ဂလာပွဲသတို့သမီးရဲ့ လက်ထပ်လက်စွပ်တို့၊ မင်္ဂလာသတို့သမီးရဲ့လက်ကိုင်ပန်းတို့၊ မင်္ဂလာအိပ်ရာတို့ အဲဒါ တွေက နက်ရှိုင်းတဲ့ အဓိပ္ပာယ်တစ်မျိုးဆောင်တယ်ဟဲ့၊ အယူ အဆတွေမျိုးစုံရှိတယ်၊ သိလား"

စိန်ရောင်သန့်က ပြုံးမြဘေးမှာ လာထိုင်၏။

"ရှင်းရှင်းပြောရရင် မဝတ်ကြည့်ကောင်းဘူး"





"ဟာ …တော်ပါတော့"

ပြုံးမြကို သူက လက်ကာပြပြီးတား၏။

"ငါက စိန်လက်စွပ်ကို မျက်စိကျလွန်းလို့ ခဏဝတ် ကြည့်တာ၊ ရှည်ရှည်ဝေးဝေးမတွေးမိပါဘူး"

"နောက်တစ်ခါ ဖွတ်မလုပ်နဲ့၊ ဒါပဲ"

"အေးပါ၊ ဟဲ …ဟဲ"

"ပြောင်ချော်ချော်နဲ့"

"ဟူး …မိန်းမတွေ တော်တော်ပစိပစပ်များပါလား၊ နားညည်းလာပြီ၊ လျှာရှည်လွန်းတယ်"

ပြုံးမြက ဆက်မပြောတော့ဘဲ ခေါင်းငုံ့ကာ အာရုံ စိုက်ပြီး စီးကွင့်ထိုးနေ၏။

"မောင်သန့် …ညတုကို ခေါ်လိုက်တော့လေ၊ ဆာတာလူးနေလောက်ပြီ"

"ဆော့ပါစေဦးဟာ …နင့်ကားလေးကို ငါ အရင် ရေဆေးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားဆေးပေါ့၊ ကောင်းတာပဲ"

"နင်လိုက်ခဲ့လေ"

"မပြီးသေးဘူးဟဲ့ဒီမှာ"

"ထားလိုက်ပါဟာ၊ ရက်တွေအများကြီး ကျန်ပါသေးတယ်၊ ပြီးသွားမှာပါ"

ရွှေသူမပုံ ဂါဝန်ရှည်ကို စိန်ရောင်သန့်က ဆွဲယူလိုက်၏။

"အားပါး …လေးလိုက်တာ"

"အဟင်း"

"တော်ပြီ၊ ဆက်မထိုးနဲ့တော့ လေးနေပြီ၊ နင်ဘယ်လို၀တ်မှာလဲ၊ မင်္ဂလာပွဲက အကြာကြီး"

"ရပါတယ်၊ ၀တ်နိုင်ပါတယ်"

"လှဖို့ကို တော်တော်ဒုက္ခခံနိုင်တဲ့ နင်တို့စိတ်က တော်တော်ထူးဆန်းတယ်"

"ဘာ"





ပြုံးမြက မျက်လုံးကလေးပြူးသွားပြီး ချက်ချင်းတုံ့ပြန်၏။

"ငါတို့လုတာကို ငေးပြီး ကျေနပ်နေကြတဲ့ နင်တို့ယောကျ်ားလေးတွေက ပိုထူးဆန်းတာ သိရဲ့လား"

"ဟား …ဟား စကားနိုင်လုချင်တာပဲသိတယ်၊ ကိုယ့်စကား ဘယ်ရောက်သွားလဲမသိဘူး"

"မောင်သန့် …နင်နော်"

ပြုံးမြက စိန်ရောင်သန့်လက်ဖျံကို လက်သည်းနှင့် ဖိဆိတ်ပစ်လိုက်၏။

"အား …နာလိုက်တာ"

"ကောင်းတယ်"

"အသားချင်း စာနာမှပေါ့"

"နင် စကားပြောဆင်ခြင်ရင် ငါကဆိတ်မှာလား"

"စကားနဲ့နိုင်အောင်ပြောပေါ့"

"မပြောတတ်လို့ပေါ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိန်ရောင်သန့်က သူ့လက်ဖျံကို သူငုံ့ကြည့်ကာ …

"ပွဲသွားပြီ" ရေရွတ်၏။

"ဟုတ်လို့လား"

အားနာသလိုလို ကရုဏာသက်သလိုလို နောင်တရသလိုလို အပြစ်လုပ်မိသလိုလို။

သိပ်ကောင်းတဲ့ အိုက်တင်ပါလား။

"ငါက ပွဲမှပွဲပါ့မလား စိတ်ပူနေတာ"

ပြုံးမြက ရယ်ပြီး ဝန်ခံလိုက်၏။

ညာလို့မှမရတာ။

စိန်ရောင်သန့်မျက်လုံးတွေက သိနှင့်ပြီးသား။

"လာ …ညတုကို ရေချိုးပေးရအောင်"

"နင် …ရေစိုကုန်မှာပေါ့၊ ကိုဦးဘောင်းဘီရှည် သွားယူပေးမယ်လေ"

"ရတယ်၊ ငါ အိမ်ပြန်ရင် ရေချိုးမှာ၊ မလိုပါဘူး၊ မြန်မြန်လာ"





စိန်ရောင်သန့်က ခြံထဲဆင်းသွား၏။

ပြုံးမြက ရေသူမဂါဝန်ရှည်ကို ကောက်ယူပြီး အခန်းထဲသွားထားပြီး သိမ်းစရာတွေသိမ်း၏။

ပြီးတော့မှ ကားရေဆေးဖို့ လိုအပ်သမျှ စုံစုံလင်လင် ထည့်ထားသော လက်ဆွဲခြင်းကို ယူလာခဲ့၏။

ကားဆေးဖို့ ဆပ်ပြာရည်ဗူးရယ်၊ ခြောက်အောင်သုတ်ဖို့ အဝတ်စရယ်၊ ဖုန်ခါဖို့ ကြက်မွေးတံရယ်၊ ပြီးတော့ အတွင်းခန်းသန့်ရှင်းရေးအတွက် လယ်သာပေါ်လစ်ဗူးရယ်၊ ဘရပ်အကြီးအသေးနှစ်ခုရယ်၊ မှန်တွေသုတ်ဖို့ မှန်ကြည်ဆေးရည်နဲ့ သတင်းစာစက္ကူ။ တစ်ရှူးအကြမ်း။ အစုံပါပဲ။

"ရော့ …ရပြီ"

လက်ဆွဲခြင်းကို ကားဘေးချပေးကာ လှည့်ထွက်ဖို့ပြင်တော့ မောင်သန့်က …

"ခဏနေဦး …အင်္ဂလိပ်ပိုင်၊ ဘာရိုတ်ဆီ၊ ရေသန့်ဗူးပါယူလာခဲ့"ဟု အမိန့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဟာကိုယ်ယူလိုက်၊ ဟိုစင်ကလေးပေါ်မှာ ရှိသားပဲဟာ"

ပြုံးမြက ပြန်ပြောသည်။

"စပယ်ယာဘီးကြီးက ဘယ်လောက်ကြာကြာထားမှာလဲဟ"

စိန်ရောင်သန့်က ခြံထဲက ရေပိုက်ခေါင်းလေးမှာ ရေပိုက်သွားစွပ်ပြီး ရေပိုက်ခေါင်းကလေးကို ဖွင့်လျက် ရေပိုက်ကို ကားနားရောက်အောင်ဆွဲလာပြီး အပိုဘီးကို ခဏတပ်ထားသည့် ကားနောက်ဘီးကို တစ်ချက်ကန်ကာ မေးလာ၏။

"ပြန်မလဲရသေးတာ၊ နင်လဲလိုက်လေ၊ နောက်ခန်းထဲမှာရှိတယ်ဟဲ့"

"တောက် ...တော်တော်အပျင်းထူတယ်"

စိန်ရောင်သန့်က ခေါင်းယမ်းကာ ရေရွတ်ပြီး ကားနောက်ဖုံးဖွင့်သည်။

တစ်ကားလုံး ဖုန်တွေနှင့် ညစ်ပတ်နေအောင် ဘယ်လို





ထားပါလိမ့်။ ကားလေးက လှပါရက်နဲ့။

ပြုံးမြကို ဆယ်တန်းအောင်လို့ ပြုံးမြဖေဖေက လက်ဆောင်ပေးထားသော တူးဒိုး(တံခါးနှစ်ပေါက်)ကားလေး။ အရောင်က အနီရဲလေး။

ပြုံးမြက ကိုယ်တိုင် တစ်ခါတလေမှ မောင်းပြီး ကားဒရိုင်ဘာနှင့် စီးတာများသည်။

ကားသန့်ရှင်းရေးကို ပြုံးမြ ဂရုမစိုက်။ လုပ်လည်း မလုပ်ပါ။ စိန်ရောင်သန့်ကပဲ အမြဲလုပ်ပေးရသည်။

"နင်အကျင့်ပါပြီ၊ ငါလာလုပ်ပေးတာပဲ ထိုင်စောင့်နေသလား၊ ကားမောင်းတဲ့ဦးလေးကြီး ဆေးဖို့ပြောပါလားဟ"

"ဖေဖေ့ဒရိုင်ဘာကို ငါက ကပ်သုံးနေရတာ၊ ဆေးခိုင်းလို့ ဘယ်ရမလဲဟဲ့"

ပြုံးမြက ခွေးလေးညုတုကို ရေချိုးပေးဖို့ ရှန်ပူဗူးယူ၊ အမွေးအမျှင်တွေ မြန်မြန်ခြောက်အောင် မှုတ်ပေးဖို့ ဒရိုင်ယာရယ်၊ ပြီးတော့ ညုတုအမွေးအမျှင်လေးတွေ နူးညံ့

www.burmeseclassic.com



ပြောင်လက်ပြီး မွေးကြိုင်နေအောင် လိမ်းပေးဖို့ ခရင်မ်ဗူးရယ်။ ရှုပ်နေသော အမွေးအမျှင်တွေကို ရှင်းပြီးပေးဖို့ ဘရပ်ရှ်ဘီး ရယ်၊ ထည့်ထားသည့် လက်ဆွဲခြင်းကိုဆွဲပြီး အနားရောက် လာသော ပြုံးမြကို စိန်ရောင်သန့်က ပြောလိုက်တာပါ။

"အဲဒါဆိုလည်း ကိုယ်တိုင်ဆေး၊ ပျင်းမနေနဲ့၊ ကား ကိုလည်းကြည့်ဦး၊ မှတ်မိရဲ့လား"

"မောင်သန့်ရယ် ...ဆေးမှာဆေးစမ်းပါ"

ပြုံးမြက ညှုတုရှိရာ ခြံဘေးတစ်ဖက်ကို ပြေးထွက် သွားပြီး ညှုတုကို ကောက်ချီလျက် ဒန်းပေါ်သွားထိုင်သည်။

"အေး ...အားကိုးရတယ် မဆိုးဘူး"

ကားဝိုင်းဆေးဖို့ စိတ်မကူး။ ခပ်လှမ်းလှမ်းမှာ ခွေး ကလေးနှင့် သွားဆော့ကစားနေတော့ စိန်ရောင်သန့် မကျေနပ် ချင်။

ကားဆေးနေသော ရေပိုက်ကို ဆွဲယူသွားပြီး ပြုံးမြကို ရေပိုက်နှင့်ပက်၏။



ညှုတုလည်း လန့်ဖြန့်ပြီး ဒန်းပေါ်က ခုန်ဆင်းသည်။ ပြုံးမြက ရေပိုက်ကို လက်နှင့်ကာရင်း

"ဟဲ့ ...စိုကုန်ပြီ၊ အအေးမိမယ် မောင်သ်န့်"

ပြုံးမြက ရှောင်ပြေးသည်။ စိန်ရောင်သန့်က ရေနှင့် မရမက ပက်၏။ ညှုတုက ခပ်ဝေးဝေးမှာ သွားထိုင်ပြီး လှမ်း ကြည့်ကာ ငြိမ်နေ၏။

နားလည်သလိုလို ဘာလိုလို။

"လာ ...ညှုတု မပြေးနဲ့၊ နင်လည်း အတူတူပဲ၊ ရေနဲ့ပက်မယ်"

"မောင်သန့် ...ညှုတုကို မလုပ်နဲ့လေ၊ ဖျားလိမ့်မယ်၊ သကြိန်မရောက်သေးဖူးဟဲ့၊ ပိုးဝင်နေပြီလား၊ ဟာ ...ရွဲကုန် ပြီ၊ ကဲဟယ် ...ကဲဟယ်"

ပြုံးမြက ပြောမရပြေးမရတော့ စိတ်တိုလာပြီး ရေပိုက်ဆွဲလုကာ စိန်ရောင်သန့်ဘက် ပြန်ပက်တော့သည်။

"ဟော့ ...ဟော့ ငါကားဆေးရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ ရွှံ့နစ်သွားအောင်ပက်မှာပဲ"

ပြုံးမြကသည်းကြီးမည်းကြီးဆိုတော့ စိန်ရောင်သန့်က ညှုတုကို ပြေးယူကောက်ချီထားလိုက်၏။

"ညှုတုစိုကုန်မယ်၊ မပက်နဲ့"

"စို ...စို"

"ဟာ ...ညှုတု ဖျားမယ်လေ"

"ဖျား ...ဖျား"

ညှုတုကို အကာအကွယ်ယူပြီး ပြုံးမြကိုတား၏။

"မောင်သန့် အစုတ်ပလုတ်၊ ဆံပင်တွေတောင် စိုကုန်ပြီ၊ တော်တော်ရှုးတယ်"

စိန်ရောင်သန့်က ပြုံးမြ ပွစိပွစိရေရွတ်တာကို သဘောကျနေတော့၏။

"စောစောကတည်းက ငိုင်းကူပါလား"

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလှတာပဲနော်"

"အေး"

ဖြူးမြက စိန်ရောင်သန့်ကို တိုးတိုးကလေးပြောၿ၏။

"နှင် အစမ်းဝတ်ကြည့်ပါလား"

"ဟင့်အင်း"

သတို့သမီးဝတ်စုံများက စိတ်ကို တော်တော်ဖမ်းစား နိုင်ဆောင်ပါသည်။ အရောင်အသွေးစုံ၊ ပုံစံဒီဇိုင်းစုံ၊ ဟိုတုန်း ကလို အဖြူရောင်ချည်းမဟုတ်ဘဲ အဝါဖျော့၊ အနီရဲရဲ၊ ပြီးတော့ ခေါ်ရခက်သော အရောင်ဆန်းဆန်းလေးတွေ။ လိမ္မော် (Blue berry)၊ ပြီးတော့ စိမ်းဝါဝါလေးတွေ၊ မိုးပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖျော့ဖျော့ အစုံပါပဲ။

"ရပါတယ်၊ နင်ကြိုက်တာတစ်စုံ သွားဝတ်ကြည့်ပေါ့၊ မမခြယ်က တစ်စုံယူမှာပဲဟာ"

"ဟာ ...မဟုတ်တာ၊ ငါက သတို့သမီးလောင်းမှ မဟုတ်ဘဲ၊ မဝတ်ကြည့်ချင်ပါဘူး"

"ဘာလဲ ...ကျိန်းကျေမှာ စိုးပြန်ပြီလား"

စိန်ရောင်သန့်က သိနေသလို မေး၏။

"အဲဒီလို ကျိန်းကျေစတမ်းဆို မင်းသမီးတွေ မော်ဒယ်တွေ ဘယ်လိုလုပ်မလဲ၊ ခဏခဏဝတ်နေရတာ"

"အဲဒါ သူတို့အလုပ်ပဲဟဲ့၊ ငါက မင်းသမီးမှမဟုတ်တာ၊ မဝတ်ကြည့်ချင်ပါဘူး"

"သဘော ...သဘော"

ပြုံးမြက စိန်ရောင်သန့်ကို မျက်စောင်းကလေး ရွယ်၏။ နှစ်ယောက်သား ခဏငြိမ်သက်နေပြီးမှ စိန်ရောင်သန့်က ပြောလာ၏။

"ဘာလိုလိုနဲ့ မင်္ဂလာဧည့်ခံပွဲရက် တဖြည်းဖြည်း





ကပ်လာပြီ"

"ဘာလဲ ...နင်က ရင်ခုန်နေလို့လား"

"ရင်ခုန်ရအောင် ငါ သတို့သားမှ မဟုတ်ဘဲ"

မျက်နှာနီနီနှင့် စိန်ရောင်သန့်က ပြတ်ပြတ်ဖြေ၏။

"အင်းလေ ...မင်္ဂလာဧည့်ခံပွဲတစ်ခုဆိုတာ သေသေချာချာစီစဉ်ကြည့်မှ ဘယ်လောက်အလုပ်များတယ်၊ ဘယ်လောက် စိတ်လှုပ်ရှားစရာကောင်းတယ်ဆိုတာ သိလာတယ်နော်"

"အင်း"

"မနက်ဖြန် မေမေတို့ အိပ်ရာခင်းနားအတွက် သွားဝယ်ကြမှာတဲ့"

"နင်လိုက်သွားဦးမလို့လား"

"ဟင့်အင်း"

ပြုံးမြက ခေါင်းလေးယမ်းသည်။

"မလိုက်တော့ပါဘူး၊ ငါ့အင်္ကျီမပြီးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ …နင်တော်တော်အပင်ပန်းခံပါလား၊ နည်းနည်းပဲထိုးလည်း လှပါတယ်ဟာ၊ ဒီလောက်ကြီး စီးကွင့်တွေ ပါစရာမလိုပါဘူး"

"နင်မရှုပ်ပါနဲ့"

"နင်ပဲညည်း၊ ပြီးတော့"

"စီးကွင့်များမှ လှမှာပေါ့"

"မပြောတော့ဘူး"

မမခြယ်က သတို့သမီးဝတ်စုံကလေးကို ဝတ်ပြီး ဖြည်းဖြည်းညင်သာ လျှောက်လာ၏။

"ဝါး …အရမ်းလှတာပဲ"

ပြုံးမြက အားပါးတရ ချီးမွမ်း၏။

ကိုဦးကတော့ တည်ငြိမ်သောအပြုံးတစ်ခုနှင့် သူ့သတို့သမီးလောင်းကို ငေးကြည့်နေ၏။

"မောင်သန့်"

"ဟင်"





"မမခြယ် အရမ်းလှတာပဲနော်"

"အင်း"

စိန်ရောင်သန့်ကတော့ အစ်မရင်းမို့ မျက်နှာက ခပ်ပူပူ။ သက်ပြင်းလည်း ကြိတ်ချသည်။

"အဲဒါလေးပဲ ယူလိုက်မယ်"

မမခြယ်က ကိုယ်တိုင်ဆုံးဖြတ်၏။ ကိုဦးက ခေါင်းညိတ်ပါသည်။

ချစ်သူတွေမဟုတ်ကြပေမယ့် ခြံချင်းကပ်ရက် တစ်အိမ်နှင့်တစ်အိမ် ဝင်ထွက်ရင်းနှီး မိဘတွေက သဘောတူတော့လည်း နှစ်ယောက်စလုံးက မငြင်းဘဲ လက်ခံခေါင်းညိတ်ကြတာ လိုလိုလားလား။

ပြုံးမြကတော့ မျက်လုံးဝိုင်းကလေးနှင့် အားကျငေးမောကာ ကြည့်မဝ။

မမခြယ် ရင်ခုန်နေမလား။

ကိုဦးရော စိတ်လှုပ်ရှားနေမလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီ ကြည့်ကာ တွေးမိ၏။

စိန်ရောင်သန့်က ခေါင်းငုံ့ငုံ့နှင့် ခပ်လှမ်းလှမ်းသွားနေ၏။ သူက ဘာဖြစ်တာလဲ၊ အနေခက်မျက်နှာပူတာလား မသိ။ ပြုံးမြ ရယ်ချင်မိပါသည်။

"မောင်သန့်"

စိန်ရောင်သန့်ဘေးကို ရောက်သွားပြီး တခစ်ခစ်ရယ်မိ၏။ မျက်နှာတွေတောင်နီလို့။

"နင်က ရှက်လို့လား"

"ဘာကိုရှက်ရမှာလဲ"

သူက ခံရခက်စွာ ဘုတော၏။

"ရှက်ရမ်းမရမ်းပါနဲ့"

"ပြုံးမြ ...နင် ငါ့ကိုလာမစနဲ့နော်"

"ဟင်း ...ဟင်း ...ဟင်း"

စိန်ရောင်သန့်က ခပ်တိုးတိုးတားမြစ်၏။

"နင် အရမ်းရယ်ရတာပဲ"



"ရယ်ရရင် ရယ်ပေါ့"

"အဲဒါ မျက်နှာပူစရာလားဟယ်"

"ပြုံးမြ"

ပြုံးမြက သူမာန်တော့ ပခုံးလေးကျုံ့ကာ မသိချင်ယောင်ဆောင်နေ၏။

"နင်လည်း တစ်နေ့ ယောကျာ်းယူရမှာပဲ"

"အဲဒါဘာဖြစ်လဲ"

ပြုံးမြက ဂရုမစိုက်သလို ပြန်မေးလာ၏။

"နင်လည်း မိန်းမပဲလေ"

"သိသားပဲ"

"ငါ မပြောလိုက်ချင်ဘူး"

စိန်ရောင်သန့်က စိတ်ဆိုးလှသလို တရှူးရှူးနှင့်။ သူငယ်ချင်းမိန်းကလေးမို့ နစ်နစ်နာနာလည်း မပြောရက်ပေ။ စကားလုံး ရိုင်းရိုင်းကြမ်းကြမ်း သုံးလို့မရ။

မောင်သန့်ကိုကြည့်ကာ ပြုံးမြက ရယ်နေတော့သည်။

×××××

စိုးမိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြက ကော်ဖီနှစ်ခွက်ကို ဗန်းဖြူကလေးပေါ်တင်ကာ ယူလာခဲ့၏။

"ဟဲ့ …သောက်"

"အေးပါ"

စိန်ရောင်သန့်ကို တိုက်တွန်းပြောဆိုရင်း ပြုံးမြက ကော်ဖီခွက်ကလေးကို ကောက်ယူမော့သောက်၏။

ဘယ်လိုကနေ ဘယ်လိုဖြစ်မှန်းမသိ။

သေချာကိုင်ထားပါလျက် ဘယ်သူမှလည်း လာမတိုက်ပါပဲ ကော်ဖီခွက်က. မှောက်ကျကုန်သည်။

စိန်ရောင်သန့်က ပြုံးမြအော်သံကြောင့် ဆတ်ခနဲ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကာကြည့်၏။

"ဟာ ...ပူသွားလား"

"အင်း"

ကော်ဖီခွက်ကို ကမန်းကတန်းပြန်ချထားပြီး မတ်တတ်ရပ်ကာ ဝတ်ထားသော ဂါဝန်ရှည်မိုးပြာနုကလေးကို လက်နှင့်ခါမိ၏။

ကော်ဖီက ခြစ်ခြစ်တောက်ပူမနေလို့သာ တော်သေးသည်။

"နင်ကလည်းဟာ ပျာပျာ ပျာပျာနဲ့"

"ဘယ်မှာပျာလို့လဲ၊ သေချာကိုင်ထားတာပဲ၊ စိတ်ရှုပ်လိုက်တာ"

"အပူလောင်ကုန်ပြီမဟုတ်လား၊ အင်္ကျီသွားလဲလေ၊ ရှက်ပြီးငြိမ်မနေနဲ့"

"ဟွန်း ...ဘာလို့ရှက်ရမှာလဲ၊ မပူတော့ပါဘူး၊ ပူရင်လား ဒီလိုနေနိုင်မှာ"





"အင်း ...ပြီးတာပဲ မပူရင်လည်း"

စိန်ရောင်သန့်က တီဗွီဖန်သားပြင်ဘက် မျက်နှာပြန်လှည့်သွား၏။

ပြုံးမြက ကော်ဖီတစ်ခွက် သွားပြန်ဖျော်ပြီး ယူလာရင်း ...

"မောင်သန့်" ဟု ခေါ်၏။

"ဟင်"

စိန်ရောင်သန့်က အက်ရှင်ဇာတ်လမ်းကို စိတ်ဝင်တစား နေလိုက်ပုံများ နှုတ်ကသာ 'ဟင်' ဟု ထူးလိုက်တာ။ လူက လှည့်မကြည့်။

"ဟဲ့ ...ပြောစရာရှိလို့ပါဆို"

"ပြောလေ၊ နားထောင်နေတာပဲ"

"နားထောင်တာကလည်း တီဗွီထဲ မျက်လုံးရောက်တော့မယ်၊ ငါ့ဘက်လှည့်ပါဦး"

စိန်ရောင်သန့်က ဇာတ်လမ်းကြည့်မပျက် ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



၏။

"နားကနားထောင်တာ၊ မျက်စိနဲ့နားထောင်ရမှာလား၊ မျက်စိက တီဗွီကြည့်နေလို့မရဘူးလား"

ကပ်သီးကပ်ဖဲ့မေးတာကြောင့် ပြုံးမြက စိတ်တိုပြီး ကော်ဖီသောက်နေလိုက်၏။

"ပြောလေ ...ဘာပြောမလို့လဲ"

သည်လိုတော့လည်း စိန်ရောင်သန္တ မတင်းမာနိုင်။ ပြုံးမြဘက် လှည့်ကြည့်လာ၏။

"ကြည့်ပါ၊ ကြည့်ပါ၊ ဇာတ်လမ်းပြီးကာနီးပြီပဲ၊ ဒါ နောက်ဆုံးဖိုက်တင်ခန်း၊ ကြည့်လိုက်ဦးလေ၊ ဇာတ်လမ်းပြီးမှ ခြံထဲဆင်းရင်းပြောမယ်"

ကြည်ကြည်သာသာ ခွင့်ပေးလိုက်တော့ စိန်ရောင် သန္တ နှုတ်ခမ်းတွေ ပြုံးသွား၏။

"အရမ်းလိမ္မာနေပါလား"

ပြုံးမြကို အံ့အားသင့်၏။





"ကော်ဖီသောက်ပါဦး"

စိန်ရောင်သန္တကို ကော်ဖီခွက်လှမ်းပေးပြီး ခြံထဲဆင်း လာခဲ့၏။

ခြံထဲမှာ ဟိုဘက်သည်ဘက် လျှောက်ရင်း ပင့်သက် ရှိုက်မိ၏။ စိတ်ထဲမှာ ရှုပ်ထွေးနေသည်။ အခုတလော မကြာ ခဏ ခလုတ်တိုက်မိသည်။ ကိုင်သမျှ လွတ်ကျမှောက်ကျတတ် သည်။

ပြုံးမြကပဲ ပေါ့တီးပေါ့ဆနိုင်လွန်းတာလား။ ဇဝေ ဇဝါနှင့် စိတ်ထဲထင်လာ၏။

မင်္ဂလာဆောင်ခဲ့ပွဲကဖြင့် အရမ်းနီးကပ်နေပါပြီ။ အားလုံး လည်း အဆင်ပြေချောမွေ့စွာ။

"ပြုံးမြ"

စိန်ရောင်သန္တက ခြံထဲဆင်းလိုက်လာ၏။

"ပြီးသွားပြီလား"

"အေး ...ပြောလေ ဘာလဲ၊ ငါပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မေးရင်းပြောရင်း နှုတ်ဆက်လာ၏။

"လသာတယ်နော်"

"ဘာလဲ ကဗျာပေါ်မလို့လား"

စိန်ရောင်သန့်က နောက်၏။

ပြုံးမြက ကြယ်တွေစုံလင်သော ကောင်းကင်ကို လက်ကလေးပိုက်ကာ မော့ကြည့်နေ၏။

"ကဲ ...ပြောလေ၊ ပြောစရာရှိတယ်ဆို"

"အင်း ...ငါ ခုတလော ခဏခဏ ဟိုဟာပြုတ်ကျ လိုက်၊ ဒီဟာလွတ်ကျလိုက်နဲ့ လမ်းသွားရင် ခလုတ်တိုက်တာ လည်း များပြီ"

"ဟက် ...ဟက် နင်က နမော်နမဲ့နိုင်တာကိုး"

စိန်ရောင်သန့်က ရယ်စရာလို သဘောထား၏။

"မောင်သန့်နော် ...ငါတကယ်ပြောတာပါဆို"

"အေးလေ ...နင် ပေါ့တီးပေါ့ဆနိုင်လို့ ဖြစ်တာပါ ဟာ၊ ဆန်းလို့လား"





"ဆန်းတာပေါ့၊ အစကမှ မဖြစ်ဘဲ"

"လုပ်ပြန်ပြီ"

စိန်ရောင်သန့်က မျက်ခုံးရှုံ့ကာ ကြည့်၏။

"တကယ်ပါဆို ...မနက်ကလည်း သွားပွတ်တံကို ကိုင်ပြီး သွားတိုက်ဆေးညှစ်ချတာ ပြုတ်ကျသွားတယ်။ သနပ် ခါးသွေးတော့လည်း သနပ်ခါးတုံး ခြေထောက်ပေါ် ပြုတ်ကျ ပြန်ရော"

"ပြီးတော့ရော"

"ခုတင်စွန်းနဲ့ တိုက်မိတယ်၊ ကားပေါ်ကဆင်းတော့ လည်း လိမ့်ကျတော့မလိုဖြစ်သေးတယ်"

"အဟား ...ဟား နင်ရယ်ရသားပဲ"

"မောင်သန့်နော် ...လာ့မစနဲ့၊ ငါ နမော်နမဲ့နိုင်တာ တို့ ပေါ့တီးပေါ့ဆနိုင်တာဆိုရင် ခါတိုင်း ဘာလို့ အဲဒီလောက် မဖြစ်လဲ"

"မင်္ဂလာဆောင်မှာ ကိုဦးနဲ့ မမခြယ်ပါဟာ၊ နင်က



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ဒီလောက်လှုပ်ရှားစရာမလိုပါဘူး"

စိန်ရောင်သန့်က ရွှတ်နောက်နောက်မို့ ပြုံးမြဲက ထပ် မပြောတော့ဘဲ နှုတ်ခမ်းရှုံ့နေမိ၏။

"ငါပြန်တော့မယ်၊ နင်လည်း အိမ်ပေါ်တက်တော့"

"အင်း"

စိန်ရောင်သန့်က နှုတ်ဆက်ပြီး ပြန်သွား၏။

ကိုယ်ကသာ စိတ်ထင့်နေတာ မောင်သန့်ကို ဖွင့်ပြော လိုက်တော့ ရယ်စရာတစ်ခုလိုဖြစ်ကာနေ၏။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြတို့အိမ်ဘက်က ပြန်လာပြီး စိန်ရောင်သန့်က ရေချိုးသည်။ ထမင်းနည်းနည်းစားသည်။ ပြီးတော့ အခန်းထဲမှာ စာအုပ်ဖတ်ကာနေမိ၏။

မျက်လုံးအစုံက အိပ်ငိုက်နေပေမယ့် ထမင်းစားထားတာ မကြာသေးတော့ အိပ်ရာပေါ်မလှဲချင်။

အခန်းထဲက မီးချောင်းသုံးချောင်းစလုံးပိတ်ကာ အကြည့်မီးပဲ ဖွင့်ထားလိုက်၏။

စာအုပ်ဖတ်ရင်း ရေဆာလာသလိုရှိတာမို့ အခန်းပြင်ထွက်ကာ ရေခဲသေတ္တာရှိရာ လျှောက်လာခဲ့၏။

ရေခဲသေတ္တာကို ဆွဲဖွင့်ကြည့်ကာ ရေခဲရေဗူးတစ်ဗူး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူလိုက်တော့ ရေခဲရေက ရေခဲတုံးဖြစ်နေ၏။

ကျွတ် ...။

စိန်ရောင်သန့်က လှေကားအတိုင်း အောက်ထပ်ကို ဆင်းလာခဲ့၏။ အောက်ထပ်ထမင်းစားခန်းမှာက ရေပူရေအေး သောက်ရေသန့်စက်ရှိသည်လေ။

ဖန်ခွက်ရှည်တစ်ခုနှင့် ရေတစ်ခွက်ထည့်ယူ မော့သောက်ရင်း ဘာရယ်မဟုတ် မျက်လုံးအကြည့်က ခြံပြင် ရောက်သွား၏။ ကားတစ်စီးရပ်ထားလို့ပါလား၊ ဘယ်ကကား ပါလိမ့်။

စိန်ရောင်သန့်က ပြတင်းပေါက်ဘေး သွားရပ်ကာ စူးစိုက်ကြည့်မိ၏။ မှောင်ရိပ်ထဲမှာ ရပ်ထားပေမယ့် ကားက အဖြူရောင်မို့ သေချာမြင်ရသည်။

"ဟင်"

စိန်ရောင်သန့် အံ့သြသွား၏။

မမခြယ်ပါလား။





ခြံရှေ့တံခါးဆီ သွက်သွက်ကလေး လျှောက်လှမ်း သွားသောအရိပ်တစ်ခု။

မမခြယ် ဘယ်သွားမလို့လဲ။

စိန်ရောင်သန့်က ဖန်ခွက်ကို လက်ထဲကိုင်ထားရင်း မလှုပ်မယှက် ခြေစုံရပ်ကြည့်နေမိ၏။

ခြံတံခါးအဝင်ဝမှာ ပေါ်လာသူက အမျိုးသားတစ်ဦး၊ မမခြယ်က ခေါင်းလေးတခါခါ လက်ကလေး တခါခါနှင့် ငြင်း၏။

ခြံတံခါးကို အနည်းငယ်ဖွင့်ပေးလိုက်တော့ နှစ်ယောက်စလုံးကို စိန်ရောင်သန့် သဲသဲကွဲကွဲ မြင်ရ၏။

ထိုလူ ဘယ်သူလဲ။ မမခြယ် ချစ်သူလား။

မမခြယ်နှင့် ဘယ်လိုပတ်သက်လဲ။

သူ့ဘာလို့ လုံးဝမသိခဲ့တာလဲ။

မမခြယ်ကရော ဘာလို့ မပွင့်လင်းတာလဲ။

တစ်ဖက်က တဖွတ်ထိုးသမားလား။



www.burmeseclassic.com

www.burmeseclassic.com



၇

နှစ်ဦးသဘောတူဆို မမခြယ်က ကိုဦးကို ဘာလို့ ခေါင်းညိတ်လဲ။

အားလုံးစီစဉ်ပြီးချိန်အထိ သည်ဓာတ်လမ်းက မပြီးသေးဘူးလား။

စိန်ရောင်သန့် ခေါင်းထဲမှာ အတွေးပေါင်းများစွာ တရစပ်ဝင်လာ၏။

ဟား ... ဘယ်လိုလုပ်ကြမလဲ။

မှားနေပြီ။

စိန်ရောင်သန့်က ခေါင်းယမ်းသည်။

သူ့ကိုယ်သူလည်း အံ့သည်။

မမခြယ်မှာ တခြားသူတစ်ယောက်ရှိနေတာ လုံးဝမသိခဲ့ပါ။ သူ တော်တော်ညံ့ပါလား။ သည်မောင်နှမနှစ်ယောက် တည်းရှိကြသည့်ဟာ။

ဖေဖေ မေမေတို့က လူကြီးတွေမို့ မသိကြတာထားပါတော့။ သူက မောင်နှမရင်းဖြစ်ပြီး လုံးဝမရိပ်မိခဲ့ပါ။





မမခြယ်ကလည်း သိုသိပ်ပိရိလွန်းလှပါရောလား။ ဘာလို့မပွင့်မလင်း ပုန်းလျှိုးကွယ်လျှိုးလုပ်ရတာလဲ။

ဖေဖေ မေမေတို့ သိရင်မလွယ်။ ပြီးတော့ မြှူးမြတို့မိသားစု။ ခြေချင်းကပ်ရက်နေကြတာ။ တစ်ယောက်ယောက် တွေ့သွားနိုင်သည်။

အတောင့်ရဲလွန်းပါလား။

မမခြယ်က မကြာခင်ရက်အတောအတွင်းမှာ မင်္ဂလာဆောင်တော့မည့် သတို့သမီးလောင်းပါ။

သည်မြင်ကွင်းကို စိန်ရောင်သန့် ဇာနဲ့လှုပ်သွား၏။ ခေါင်းပူသွား၏။ ဘာကိုဘယ်လို ဖြေရှင်းရမှန်းမသိ။ မမခြယ်ကို ဘယ်လိုပြောသင့်သလဲ။ လူကြီးမိဘတွေကို ဖွင့်ဟအသိပေးသင့်လား။

ခက်လိုက်တာကွာ။

ချက်ချင်းလိုပဲ မမခြယ်က ခြံဝင်းတံခါးပိတ်ပြီး အိမ်ဘက်အပြေးတစ်ပိုင်း ပြန်လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်ရောင်သန့်လည်း အပေါ်ထပ်ကို ချက်ချင်းပြေးတက်လာ၏။ လောလောဆယ် မမခြယ်နှင့် မျက်နှာချင်းမဆိုင်ချင်။ ဘယ်လိုလုပ်ရမှန်းမသိအောင် ခေါင်းထဲ ရှုပ်ထွေးနေသည်။

မမခြယ်၏ သဘောထားက ဘယ်လိုပါလိမ့်။

တစ်အိမ်သားလုံး မျက်နှာပျက်အောင်တော့ မမခြယ်လုပ်ရက်မှာ မဟုတ်ပါ။

ဘာတွေလဲကွာ။

စိန်ရောင်သန့် အရမ်းစိတ်ညစ်သွား၏။

ပိုပြီးဆိုးတာက တစ်ယောက်ယောက်ကို ဖွင့်ပြောပြတိုင်ပင်လို့မရ။ သူတစ်ယောက်တည်းပဲ သိသေးတာ။ သူသိတာကို မမခြယ်လည်း မသိသေးပေ။

အိပ်ရာစွန်းမှာ ဝင်ထိုင်ရင်း သူ အသက်ရှူမြန်နေမိ၏။ ပြဿနာက မထင်မှတ်ပဲ သူ့ဆီတည့်တည့်ဝင်လာသည်။ စောစောကမြင်ကွင်းကို မတွေ့မမြင်ခဲ့လျှင် အကောင်းသား။





ခုတော့ စိတ်ရှင်းအောင် တစ်ခုခုတော့ မမခြယ်ကို မေးရတော့မည်။

မမခြယ် ဘယ်လိုဆုံးဖြတ်ထားသလဲ။

အဲဒါ အရမ်းအရေးကြီးသည်။

ရှည်ရှည်ဝေးဝေးလည်း သူဆက်ပြီး မတွေးချင်။ ရင်တွေပူလာမှာ စိုးလို့ပါ။

တွေးမကြည့်ရဲလောက်အောင် သူ တုန်လှုပ်သွားခဲ့ပြီ။ ခုနတုန်းကတော့ ပြုံးမြ၏ စကားတွေကို သူရယ်စရာသက်သက်ထင်ထားခဲ့သည်။

မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မရှိတာတွေဟု မပြောခဲ့ရုံတမယ်။ ခုတော့လည်း စိုးရိမ်စိတ်က သူ့ရင်ထဲ ကြီးစိုးလွှမ်းမိုးလာ၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ဝိုင်ဝိုင် ၊ တာဝေ

www.burmeseclassic.com

www.burmeseclassic.com



ညက ပူလောင်သောအတွေးများနှင့် ညဥ့်နက်အောင် အိပ်မပျော်ဘဲ ရှိခဲ့ပေမယ့် မိုးလင်းတော့လည်း လူက ဆတ်ခနဲ နိုးလာခဲ့ပါသည်။

အိပ်ရာထက်မှာ ငုတ်တုတ်ထထိုင်ရင်း ဘယ်လိုဆုံးဖြတ်ရမှန်းမသိ။ လမ်းစပျောက်နေသောလူလို ယောင်ချာချာနှင့်။ သည်ကိစ္စက ပေါ့တန်တန်ထား၍မရ။ မမခြယ်က ချစ်သူအပေါ် ဘယ်လောက်လေးနက်တန်ဖိုးထားမှန်းမသိ။

သည်ဘက်မှာက အားလုံးလည်း စီစဥ်ပြီးသား။

အိပ်ရာဘေးက ဖုန်းမြည်လာတော့ စိန်ရောင်သန့်က [illegible]တော်နှင့်မထူးမိပါ။

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးချက်မက မြည်လာမှပဲ ကောက်ယူထူးမိ၏။ သူ့စိတ်တွေ အင်မတန် မှုန်းကြပ်နေ၏။

“ဟဲ့ ...အိပ်ပုတ်လှချည်လား၊ ဘယ်အချိန်ရှိပြီလဲ သိရဲ့လား၊ အံ့ပါရဲ့နော်”

နံနက်စောစော ပြုံးမြဆီက ဖုန်းဖြစ်နေသောအခါ သူ့ပိုပြီး စိတ်ရှုပ်သွား၏။

ပြုံးမြ။

နင် ဘာမှမသိဘူးနော်။

ခက်တယ်။

ဒီကိစ္စမလွယ်ဘူး။

“ဟဲ့ ...မောင်သန့်”

“အေးပါ ...နားထောင်နေပါတယ်၊ ပြော”

“အမယ်လေး ...ပြန်အိပ်ပျော်သွားပြီလားလို့”

“မအိပ်ပါဘူးဟာ”

ပြုံးမြက ခစ်ခနဲရယ်၏။



“ငါ အေရိုးဗစ်လည်း ကစားပြီးပြီ၊ ရေလည်းချိုးပြီးပြီ”

“ဒီနေ့ အော့ဖ်(အားလပ်ရက်)လား”

“ဟုတ်တယ်”

“မနေ့ညက ပြောမှမပြောတာ”

“မေ့သွားတာ၊ ဒါနဲ့ နင်အားလား”

“အခုလား”

“အေးပေါ့”

“အားပါတယ်၊ ငါဒီနေ့ ခွင့်တင်လိုက်မယ်”

“ဘာလို့”

ပြုံးမြက ရုတ်တရက်မေးလာတော့ ပြန်မဖြေတတ်။ အမှန်တိုင်းလည်း မပြောပြချင်။

“ဒီလိုပါပဲ တစ်နေ့တလေ နားကြည့်မလားလို့ပါ၊ အော့ဖ်က မနက်ဖြန်ဆိုတော့ ငါ နှစ်ရက်ဆက်တိုက် အားသွားမယ်”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ပြီးရော"

"နင်ဖုန်းဆက်တာ ဘာကိစ္စ"

"လာခဲ့လေ၊ ပြောမှာပေါ့"

"အခုပြောလေ"

"ထွေထွေထူးထူး မဟုတ်ပါဘူး၊ ကိုဦးနဲ့ မမခြယ် အတွက် မင်္ဂလာလက်ဖွဲ့ သွားဝယ်မလားလို့ပါ"

"အင်း …လာခဲ့မယ်လေ"

"ငါစောင့်နေမယ်"

ဖုန်းပြောပြီးတော့မှ စိန်ရောင်သန့် အိပ်ရာထက်က ဆင်းသည်။ ရင်ထဲမှာ ခုလုခုလုနှင့် ဘဝင်မကျ အနည်မထိုင်။

မမခြယ်ကို တစ်ခုခုတော့ မေးမှဖြစ်မည်။

သူအောက်ထပ်ကို ဆင်းလာခဲ့၏။

မမခြယ်က ကော်ဖီခွက်ကလေးကို လက်ထဲကိုင် လျက် ထမင်းစားခန်း ပြတင်းပေါက်ကနေ ခြံဝင်းထဲငေးနေ၏

သူဖျတ်ခနဲ မမခြယ်ဘေးနား ရောက်သွားမိ၏



အမေက ခပ်လှမ်းလှမ်းမှာ ဟင်းချက်ဖို့ပြင်ဆင်ညွှန်ကြားနေ၏။

"မမခြယ်"

"သြော် …မောင်လေး နိုးပြီလား၊ ဠတ်မောနင်း"

"ဠတ်မောနင်းပါ မမ"

စိန်ရောင်သန့်က မမခြယ်ကို စူးစိုက်ကြည့်ကာ အောင့် အီးမထားနိုင်ဘဲ ချက်ချင်းမေးလိုက်၏။

"ညက ဟိုလူ ဘယ်သူလဲ"

"ဟင်"

"မမခြယ် ညက ခြံထဲဆင်းတွေ့တဲ့လူ"

"ချလွမ်း"

စိန်ရောင်သန့် မေးခွန်းအဆုံးမှာ မမခြယ်က မျက်လုံး လေးပြူးသွားပြီး လက်ထဲက ကော်ဖီခွက်ကို ယောင်ယမ်းလွှတ် ချလိုက်၏။

"ဟဲ့ …သြော် သမီး …ခြယ်၊ ဘယ်လိုဖြစ်တာလဲ ဆောစောစီးစီး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက မမခြယ်အနားကို အပြေးတပိုင်းရောက်လာ၏။ အရမ်းစိုးရိမ်သွားပုံ။

"ပူသွားလား သမီး၊ ခြေထောက်ဆူးမိမယ်နော်၊ လာ …လာ ဒီဘက်ကိုလာ၊ တံမြက်စည်း တစ်ယောက်ယူလာခဲ့၊ ဒီမှာ လှည်းရမယ်၊ သမီး စူးမိသေးလား"

"ဟင့်အင်း"

"ဘုရား …ဘုရား တော်သေးတာပေါ့"

မေမေက သတို့သမီးလောင်း မမခြယ်ကို စိတ်ပူ၍ မဆုံး။ တတွတ်တွတ်ပြောကာ မေးကာ ဂရုစိုက်မဆုံး။

"သေချာကိုင်မှပေါ့၊ သတိထားမှပေါ့၊ ဒါမျိုးမဖြစ်ကောင်းဘူးလေ"

"ဟုတ်ကဲ့"

မမခြယ်က မျက်နှာကလေးပျက်ကာ စိန်ရောင်သန့်ကို လှမ်းကြည့်၏။ သူမေးတာကို မဖြေသေးပါ။ မေမေ





ရောက်လာတာကို အခွင့်ကောင်းယူပြီး မဖြေ။ မေမေက စိန်ရောင်သန့်ကို တစ်ချက်ကြည့်၏။

"သားငယ် …မောင်သန့်"

"ဗျာ"

"ကော်ဖီခွက်ထဲက ကော်ဖီတစ်ခွက် ထည့်လာခဲ့လေ၊ ဘာရပ်ငေးကြည့်နေတာလဲ"

စိန်ရောင်သန့် ဘာမှမတတ်နိုင်ဘဲ လှည့်ထွက်လာခဲ့ရ၏။ အဲဒါတောင် မေမေက စောစောစီးစီး အစ်မကို လန့်အောင် ဘယ်လိုစလိုက်တာလဲဟု မေးနေသေးသည်။

သူကာ ဘာမှပြန်မပြောတော့ပါ။

မမခြယ်က အရမ်းထိတ်တလန့် ဖြစ်သွားသည်။

ဒါကိုကြည့်ခြင်းအားဖြင့် ညကမြင်ခဲ့သောလူကို မမခြယ် လေးနက်မှန်း သိသာသည်။

ဘာလို့ ဒီလိုအခြေအနေကို ရောက်ရတာလဲ။

စိန်ရောင်သန့် နားမလည်နိုင်အောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးအဝတ်အစားလဲပြီး ပြုံးမြရှိရာ ထွက်လာခဲ့၏။ မမခြယ်ကို ဘာမှလည်း ထပ်မမေးချင်။ မေးခွင့်လည်း မရ။ မေမေက မမခြယ်ဘေးမှာထိုင်ပြီး စကားတွေပြောနေတာ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြက နီရဲသော တီရှပ်ကလေးနှင့် ဂျင်းဘောင်းဘီ ရှည်ကလေးနှင့် ချစ်စဖွယ်ပြုံးကာ အဆင်သင့်စောင့်နေ၏။ သူ့ကိုမြင်တော့ စသည်။

"အိပ်ရေးမဝသေးတဲ့ပုံကြီး" တဲ့။

စိန်ရောင်သန့်က ပြုံးမြကို မမိုတ်မသုန်ကြည့်၏။

"ဘာကြည့်တာလဲ"

မလုံမလဲလေးပြုံးကာ သူ့ကိုမေး၏။

စိန်ရောင်သန့်က ပြန်မဖြေ။ နှုတ်ခမ်းအစုံ တင်းစေ့ကာနေ၏။

"ပြုံးမြ"

www.burmeseclassic.com



"ဟင်"

"နင်က မင်္ဂလာလက်ဖွဲ့ပေးမလို့လား"

"ဒါပေါ့ ...မောင်နှမနှစ်ယောက်တည်းရှိတာ ကိုဦး မင်္ဂလာဆောင်မှာ ညီမတစ်ယောက်အနေနဲ့ ငါတစ်ခုခုတော့ အမှတ်တရ ပေးရမှာပေါ့ဟဲ့"

စိန်ရောင်သန့်က နှုတ်ဆိတ်သွားပြန်၏။ ဝေဒနာတစ်ခု ရင်ထဲမှာ ရှိနေသည်။

မမခြယ်ကို စိတ်မချခြင်း၊ မယုံကြည်ခြင်းပါပဲ။

မတော်တဆ တစ်ခုခုဆို ...

သူဆက်မတွေးရဲဘဲ မောသွား၏။ ဖောချွေးပျံချင်သည်။ ဘာမှမတွေးတာ အကောင်းဆုံး။

"လာ ...နင့်ကိုကြည့်ရတာ အိပ်ငိုက်နေပုံကြီး။ ကော်ဖီနဲ့မုန့် သွားစားရအောင်"

ပြုံးမြက သူ့ကိုခေါ်ပြီး ရှေ့ကဦးဆောင်လျှောက်သွား၏။ ထမင်းစားပွဲမှာ ဝင်ထိုင်ကာ ကော်ဖီဓာတ်ဗူးထဲက ကော်ဖီ





တစ်ခွက်ငှဲ့၏။ ဒဲနစ်ရှ် (DANISH) မုန့်ပန်းကန်လေးကို ကောက်ယူကာ မိုက်ခရိုဝေ့ (MICRO WAVE) ထဲ တံခါးလေး ဖွင့်ကာ ထည့်ပြီး ပူအောင်နွှေးပေး၏။

"ရပြီ၊ စားလိုက်ဦး"

"နင်ရော"

"ငါစားပြီးပြီ"

"ဘာစားတာလဲ"

"ထမင်းကြော်ရယ်၊ အဲဒီ ဒဲနစ် (DANISH) ရယ်၊ ပြီးတော့ ကြာစံချက်၊ ကြာစံချက်ရှိသေးတယ် နင်စားမလား"

"အင်း"

စိန်ရောင်သန့်က ဟန်ဆောင်ပန်ဆောင်ပင် မငြင်း။ ချက်ချင်းခေါင်းညိတ်၏။

"နင့်အကြိုက်ပဲ မေမေချက်ထားတာ။ ငုံးဥလေးတွေ နဲ့လေ"

ပြုံးမြက သူ့အတွက် ကြာစံချက်တစ်ပန်းကန် ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေး၏။

"ရော့ ... ပူပူလေးစားလိုက်ဦး"

"အင်း"

ပြုံးမြက သတင်းစာကိုဆွဲယူပြီး ထမင်းစားပွဲမှာ ဖတ်နေ၏။

"ပြုံးမြ"

"ဟင်"

"ဒီမနက်ရော နင် ခါလှုတ်တိုက်ပြီးပြီလား"

သူက မမေ့သေးဘဲ မှတ်မှတ်ရရမေးတော့ ပြုံးမြက ခစ်ခနဲ ရယ်သည်။

"ငါက စိုးရိမ်လို့ပြောပြတာပါနော်၊ နင်က စစရာ လုပ်ပစ်တယ်ပေါ့၊ မပြောပြတော့ဘူး"

သူ့ကို မျက်စောင်းရွယ်၏။

မနေ့ညတုန်းကတော့ စချင်စိတ်ပဲဖြစ်ခဲ့တာ အမှန်ပါ ပြုံးမြရယ်။





ခုတော့ ...

ခုတော့ ...ငါ တကယ်တုန်လှုပ်လာရပြီ။

"နင်က စစရာနောက်စရာလို့ သဘောထားလိုက်တော့လည်း ငါတကယ်ပဲ စိတ်ပေါ့သွားတယ်"

သူ့ကို ပြုံးမြက ကျေးဇူးတင်နေသေး၏။

"ပြီးတော့ ငါအရမ်းသတိထားတယ်"

"ကောင်းတာပေါ့"

"နင်စားပြီးရင် ငါတို့အပြင်ထွက်ကြမယ်"

သူက ခေါင်းညိတ်၏။

"နင်ဘာပေးမှာလဲ၊ စဉ်းစားထားလား"

"အင်း"

ပြုံးမြက ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

"ငါ ...နာရီဆင်တူလေးဝယ်ပေးမလားလို့၊ အဲဒါ အမှတ်တရဖြစ်တယ်လေ"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြစိတ်ကူးလေးကို စိန်ရောင်သန့်က အားပေးသဘောကျသွား၏။ ပြုံးမြနှင့် စကားပြောနေတော့လည်း သူ့ရင်ပူသက်သာသွားရသည်။

ကိုဦးက ဆင်းလာပြီး သူ့ကိုနှုတ်ဆက်၏။

"အစ်ကိုအလုပ်သွားတော့မလား"

"အေးကွ၊ နည်းနည်းနောက်ကျပြီ၊ သွားဦးမယ်ကွာ"

"ဟုတ်ကဲ့"

ကိုဦးကို နှုတ်ဆက်ရတာ သူ စနိုးစနောင့်နှင့် စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။

မမခြယ် ပြုံးမြနဲ့ ကျွန်တော် အရှမ်းခင်ကြတဲ့ သူငယ်ချင်းတွေဆိုတာကို ငဲ့တွက်ပေးပါဦးဗျ။

သူ့စိတ်ထဲက တောင်းပန်တောင်းဆိုနေမိ၏။

××××









www.burmeseclassic.com

www.burmeseclassic.com



လယ်သာကြိုးအနီရဲလေးနှင့် ဒိုင်ခွက်လေးထောင့် အကြီးအသေး နာရီနှစ်လုံးကို ကြည့်ကာကြည့်ကာနှင့် ပြုံးမြ မှာ ဝေခွဲဆုံးဖြတ်ရခက်နေတော့၏။

"ကြိုက်တာယူလိုက်လေ၊ ကြာတယ်"

ပြုံးမြက စဉ်းစားငြိမ်သက်နေသည်။

စိန်ရောင်သန့်က ဂျော်ဒါနီးတီရှပ်ဆင်တူကလေးတွေ အမှတ်တရပေးမည်ဟု ပြောခဲ့ပါသည်။

"မောင်သန့်"

"ဘာလဲ"

"နှင်နဲ့ငါ အတူတူဝယ်ပေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"နာရီလေးတွေက ဈေးကြီးနေတော့"

စိန်ရောင်သန့်က သဘောပေါက်သွား၏။

"ရတယ်လေ၊ ဝယ်လိုက်ပေါ့"

ပြုံးမြ၏ဆန္ဒကို သူက ဦးစားပေးလိုက်၏။

သည်နေ့အဖို့ သူ့စိတ်တွေ မရွှင်ပျ မလန်းဆန်းပေ။

"မောင်သန့်"

"ဟင်"

နာရီဝယ်ပြီး ထွက်လာကြသောအခါ ပြုံးမြက သူ့ကို စူးစိုက်ကြည့်ပြီးခေါ်၏။

"ဘာလဲ ပြောလေ"

"နင်ဘာဖြစ်နေတာလဲ"

စိန်ရောင်သန့် ခေါင်းယမ်းပြဖြစ်၏။

"ဘာမှမဖြစ်ပါဘူးဟာ"

"နေမကောင်းဘူးလား"





"ကောင်းပါတယ်"

"နင့်ကြည့်ရတာ အေးစက်စက် အူကြောင်ကြောင်နဲ့ တစ်ခုခုဖြစ်နေသလိုပဲ"

ပြုံးမြက အကင်းပါးလွန်းတာလား။ သူကပဲ မူပျက်လွန်းတာလား။

"မောင်သန့်"

"တိတ်တိတ်နေစမ်းပါဟာ၊ ငါ မုန့်ဝယ်ကျွေးမယ်၊ စကားမများနဲ့တော့"

စတိုးဆိုင်ရှေ့ ကားရပ်ပြီး စိန်ရောင်သန့်က ဝင်သွား၏။ ပြုံးမြက ကားထဲက မဆင်း။

"ရော့ ...ကြိုက်တယ်မဟုတ်လား၊ ကုန်အောင်စား၊ စကားမများနဲ့တော့။ နားညည်းတယ်။ မေးခွန်းပေါင်းသောင်းခြောက်ထောင် မမေးစမ်းနဲ့ဟာ၊ ငါ ဒီနေ့ အလုပ်ကိစ္စတစ်ခုအတွက် ခေါင်းရှုပ်နေလို့ပါ"

ချော့ကလက်နမ်းကပ် ရေခဲချောင်းငါးချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးပြီး စိန်ရောင်သန့်က အပြတ်ပြော၏။

စတိုးဆိုင်ထဲက ဝယ်လာသော ရေသန့်ဗူးကို ဖွင့်ကာ မော့်သောက်ပစ်လိုက်တာ အကုန်နီးပါး။

ပြုံးမြက ပင့်သက်ဌွေ့ဌွေ့ ရှိုက်သည်။

ဘာပြဿနာလဲ၊ ဘာကိစ္စလဲဆိုတာ အရမ်းသိချင်ပေမယ့် သူက အပြတ်ပိတ်ပင်ထားတော့ ထပ်လည်း မမေးချင်တော့ပါ။

ပြောချင်စိတ်ပေါက်မှ ဖွင့်ပြောမှ နားထောင်လိုက်တော့မည်။ တစ်ယောက်တည်း ကြိတ်ခံစားနိုင်သရွေ့ ခံစားနေပေတော့။

ပြုံးမြကိုမှ မတိုင်ပင်ဘဲလေ။ ဘာမှမတတ်နိုင်။ သိမှ မသိတာ။

"မောင်သန့် ...ပြဿနာဆိုတာ ရှောင်လွှဲလို့မရဘူး၊ ရင်ဆိုင်ဖြေရှင်းရတာဟဲ့။ ငါက သူငယ်ချင်းအရင်းခေါက်ခေါက်ပါဟာ တိုင်ပင်လို့ရပါတယ်"





စိန်ရောင်သန့်က ရှေ့တည့်တည့်ကြည့်ပြီး ကားမောင်းနေ၏။

ဒါဟာ ပြဿနာတစ်ခုဆိုရင် ငါဘယ်တော့မှ မဖြေရှင်းချင်ဘူး။ တစ်သက်လုံး ရှောင်ပုန်းနေချင်တယ်၊ သတ္တိမရှိဘူး။ ငါ ပျော့ညံ့တာလည်း ဖြစ်ချင်ဖြစ်မှာပါ။

ဒီအချိန်၊ ဒီအနေအထားနဲ့ ဒီလိုပြဿနာကို တစ်ယောက်တည်း သိခွင့်ရလိုက်တဲ့ ငါ့ခံစားမှုကို နင်သိမှာ မဟုတ်ဘူး။

နင့်ကို မသိစေချင်ပါဘူးဟာ။

နင်မသိတာပဲ ကောင်းပါတယ်။

နင်သိရင် ဘယ်လောက်စိုးထိတ်သွားမလဲ။

အဲဒီလိုဝေဒနာကြီး နင့်ကို မပေးရက်ပါဘူး။

"မောင်သန့်"

"ဟင်"

"နင်ရည်စားရှိနေပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ပြုံးမြ၏ မရဲတရဲမေးခွန်းကလေးကို သူ စိတ်ကျဉ်းကြပ်နေသည့်ကြားက ပြုံးချင်သည်။

"နင့်ပုံက ရည်းစားပူမိသလိုကြီး"

"ကြဲကြဲဖန်ဖန်ဟာ နင်ကလည်း ထင်လိုက်ရင် တလွဲကြီးပဲ၊ ငါ့မှာ ဘယ်တုန်းက ရည်းစားရှိလို့လဲဟာ"

သူ ဖြေရှင်းမိပါသည်။

ယုန်ထင်ကြောင်ထင် အထင်မခံနိုင်ပါ။

ပြုံးမြက အထင်လွဲနေပြန်သည်။

သူ့ကို တစ်မျိုးမြင်ပြီး မေးလာ၏။

"ပြောပြီးပါရောလား၊ အလုပ်ကိစ္စပါဆို"

စိန်ရောင်သန့်က ထပ်ပြီးညာမိသည်။

နင်ရင်ပူစေမယ့် ကိစ္စမျိုးကို ငါဖွင့်ဟအသိမပေးရက်ပါဘူး ပြုံးမြရယ်။

ငါက အစိုးရိမ်လွန်ပြီး လျှောက်ပြောမှ မလိုလားအပ်





တဲ့ပြဿနာတွေ တသီတသန်းကြီး ဖြစ်လာမှာလည်း တွေးရသေးတာပါ။

စိတ်အေးအေးထားပြီး စောင့်ကြည့်ရမှာပဲ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ခြံထဲပြေးဆင်းသွားသော ညှာတုကို လိုက်ဖမ်းပြီး ဇွတ်ကောက်ချီကာ ဒန်းပေါ်တင်ပေးလိုက်၏။

"ညှာတု ...နင်နော် မညစ်ပတ်နဲ့၊ ဟွန်း"

ညှာတုက နားလည်သလိုလို အမြီးလေးတလှုပ်လှုပ်နှင့် နားရွက်ကလေး တခါခါနှင့်။

ခြံဝက ခေါင်းလောင်းသံကလေးကြောင့် ပြုံးမြက ဆတ်ခနဲ လှည့်ကြည့်မိသည်။

လူတစ်ယောက်။

တိတိကျကျပြောရရင် ကောင်လေးတစ်ယောက်။

ပြုံးမြတို့ မောင်သန့်တို့ အသက်လောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် မောင်သန့်နှင့် လုံးဝမတူတာက သူ့စတိုင်။ ဆံပင်တချို့က မျက်နှာပေါ်ပင် ကျလုလု။

ဖြူဆွတ်သောအသားနှင့် ရှည်မြင့်သောအရပ်။ ပြီးတော့ ဒူးဆစ်ဖုံးဘောင်းဘီအပွနှင့် လက်မောင်းတွေပေါ်သော တီရှပ်အကြပ်နှင့်။

"ဟိတ် …ခဏ …ခဏ"

သူက ပြုံးမြကိုမြင်တော့ လှမ်းခေါ်သည်။

ပြုံးမြက သူ့ကိုလှမ်းကြည့်ကာ လျှောက်လာခဲ့၏။

ညတုက အခွင့်အရေးရတုန်း ခြံထဲမှာ ပြေးဆော့ကစားဖို့ အန်းပေါ်က လှစ်ခနဲခုန်ဆင်းသည်။

ပြုံးမြက ခြံဝင်းခါးဝမှာ ရပ်မိ၏။

လက်ကလေးပိုက်ကာ သူဘာပြောမလဲ စောင့်နေလိုက်သည်။

မျက်လုံးရှူးရှူးများက အင်မတန်လှပတာ သတိပြုမိ၏။





ယောကျ်ားလေးတစ်ယောက်၏ မျက်လုံးအလှက အင်မတန်ရှားပါးသည်။ တောက်ပသော မျက်လုံးအစုံက စူးရှလက်ဖြာလွန်းသည်။

ပြုံးမြ မျက်လုံးတွေတောင် အဲဒီလောက်မလှ။ ချက်ချင်းပဲ မနာလိုစိတ်ဝင်လာမိ၏။

"ဒါ …ပြုံးမြတို့အိမ်လား မသိဘူး"

ဟောတော့ …

သူမေးတာက ပြုံးမြကိုပါလား။

တစ်ခါမှမသိဖူးဘဲ သူက ဘာလို့လာမေးရတာလဲ။ ဘာကိစ္စများ ရှိလို့ပါလိမ့်။

"ဟုတ်လား၊ မသိဘူး"

"ဟုတ်တော့ ဟုတ်တယ်"

ပြုံးမြက မပွင့်တပွင့်အသံနှင့် မဖြေချင့်ဖြေချင် ဖြေလိုက်၏။ ဘာကိစ္စမှန်း စဉ်းစားလို့ကိုမရ။

"ကျွန်တော် နေဦးပါ၊ မပြုံးမြနဲ့ ခဏတွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ”

“ကိစ္စက”

“ပြုံးမြသူငယ်ချင်းက မပြုံးမြရဲ့အစ်ကို မင်္ဂလာ ပွဲကို မလာဖြစ်လို့ မင်္ဂလာလက်ဖွဲ့ ကျွန်တော်နဲ့ ပေးလိုက်လို့ ပါ၊ မပြုံးမြကို တွေ့ခွင့်ရနိုင်မလား”

“ပြုံးမြဆိုတာ ကျွန်မပဲ”

“ဩော်”

‘နေဦး’ဆိုသော ကောင်လေးက ပြုံးမြကို တစ်ချက် ကြည့်ကာ …

“ဒါဆို ကျွန်တော်သွားယူလိုက်မယ်”ဟု ရပ်ထားသောကားဆီ လျှောက်သွား၏။

ပြီးတော့ မင်္ဂလာလက်ဖွဲ့ ပက်ကင်လှလှကို ကားထဲက သွားယူလာပြီး စာတစ်စောင်ပါပေး၏။

“ခင်ဗျား ဖတ်ကြည့်လိုက်ပါ”

ပြုံးမြက စာအိတ်ရှည်ရှည်လေးကိုဖွင့်ကာ စာကို





ထုတ်ယူလိုက်၏။

မြို့မြေ့ …

ငါ …နင့်အစ်ကိုမင်္ဂလာပွဲကို လာဖြစ်မှာမဟုတ်ဘူး။ အဲဒါကြောင့် ‘ဝုံနေဦး’နဲ့ မင်္ဂလာလက်ဖွဲ့ ပို့ပေးလိုက်တယ်နော်။

အလုပ်ကခွင့်မရလို့ပါ။ ငါ့သူငယ်ချင်းနှစ်ယောက်က ခွင့်နဲ့ အိမ်သာ ပြန်သွားတော့ သူတို့အလုပ်တွေပါ ငါ မနိုင်မနင်း လုပ်ပေးနေရတယ် လေ။ နင် စိတ်မဆိုးနဲ့ဦး။ နှုတ်ခမ်းစူနေပြီလား။

ငါ လာခဲ့မှာပါ။ စိတ်ချ။ ငါလာမှ မုန့်လိုက်ကျွေးပေတော့။

ဩော် …ဝုံနေဦးက ငါ့သူငယ်ချင်းရဲ့မောင်လေး။ နင် ယုံယုံ ကြည်ကြည် ခင်မင်လို့ရတယ် သိရဲ့လား။

ဒါပဲနော်

ခင်တဲ့

သက်မာ

ပြုံးမြက စာကိုဖတ်ပြီး မကျေမနပ် နှုတ်ခမ်းစူမိ၏။ အလကား ဆင်ခြေတွေပေးနေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့မယ် …လာပါလေ့စေဦး။

"ကျွန်တော် ဖုန်းပြောဖြစ်ရင် ဘာပြောပေးရမလဲ"

"ဟင်"

ရပ်စောင့်နေသော ဝှံ့နေဦးကိုပင် မေ့သွားသည်အထိ စိတ်တိုမိသည်။

"ဘယ်မှာနေတာလဲ"

"ခင်ဗျာ …ဘယ်သူလဲ"

"ဘယ်သူ့ကိုမေးရမလဲ၊ ဒီမှာ ဘယ်နှစ်ယောက်ရှိလို့လဲ၊ အူတူတူနဲ့"

တရင်းတနှီးပြောပုံလေးကြောင့် ဝှံ့နေဦး စိတ်လှုပ်ရှားသွားမိတာအမှန်။

မသက်မာရေးသော စာကိုဖတ်ပြီး နှုတ်ခမ်းစူသွားပုံကလေးက ဖြူစင်ရိုးသားသည်။ ကလေးဆန်သည်။ အပြစ်ကင်းလွန်းသည်။

ပြုံးမြဆိုတာကို မသက်မာတို့လို ပုံစံပဲထင်ထားမိတာ။





သက်မာက လူကြီးဆန်သည်လေ။

သိပ်အချောကြီး မဟုတ်ပေမယ့် မျက်နှာကလေးက ဆန်းသည်။ အကြည့်ကလေးက ရှိုးသည်။

"ကျွန်တော် ရန်ကုန်မှာပဲ နေတာပါ"

"လိပ်စာရေးပေးခဲ့လေ၊ လိုအပ်ရင် ဆက်သွယ်ရအောင်၊ သက်မာဆီကို ပေးချင်တာရှိရင်ဖြစ်ဖြစ်၊ ပြောစရာရှိရင်ဖြစ်ဖြစ်"

"ဟာ …ရတယ်၊ သိပ်ရတာပေါ့၊ ကျွန်တော့်အစ်မနဲ့ ကျွန်တော်က နေ့တိုင်းလိုလို ဖုန်းပြောဖြစ်နေတာပဲ"

"ဒါဆို အဆင်ပြေတာပေါ့"

"ကျွန်တော် စနေ တနင်္ဂနွေဆို သူတို့ဆီသွားတယ်"

"ဟုတ်လား"

ပြုံးမြက မတ်တတ်ရပ်လျက်သား ညှော်ခံနေမိပြီးမှ သတိဝင်လာမိကာ အားနာပြုံးကလေးနှင့်။

"လာလေ …အိမ်ထဲဝင်ပါဦး" ဆိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မှခေါ်ပါ့မလားလို့"

"စကားပြောရင်း အမှက်တမဲ့ မေ့နေလို့ပါ"

ဗိုလ်နေဦးကလည်း စကားပြောပွင့်လင်းသူပါ။

ညည့်ခန်းထဲရောက်တော့ သူ့ကို ခဏထားခဲ့ပြီး အအေးတစ်ခွက် ယူလာခဲ့၏။

စောစောတုန်းက လုံးဝမသိကျွမ်းသော သူစိမ်းတစ်ယောက်ပေမယ့် ခုတော့ မသက်မာ၏ သူငယ်ချင်း၏ မောင်လေးမို့ ရင်းနှီးသိကျွမ်းသွားပါပြီ။

"သောက်လိုက်ပါဦး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

အအေးဖန်ခွက်ကလေးကို ကောက်ယူပြီး သူ့ဆီ လှမ်းပေးမိ၏။ ပြီးတော့ ကျေးဇူးတင်စကား ပြောရသည်။

"ကျေးဇူးတင်ပါတယ်၊ ခုလို တကူးတကလာပို့ပေးတာ။ သက်မာက ဘာမှန်းလည်းမသိဘူး၊ မလာဘူး"

"သူတို့တကယ် မအားလို့ပါ၊ လာတော့လာလိမ့်





မယ်၊ စီစဉ်နေတာပဲ"

"အလကားပါ၊ ဟွန်း …လာမှတွေ့မယ်"

"ကျွန်တော်က မသက်မာသူငယ်ချင်းဆိုတော့ မမတို့အုပ်စုထဲကပဲဆိုပြီး ထင်ထားတာ"

"ဟင်"

"ဪ …မမတို့ မသက်မာတို့က နေရာတကာ ဆရာလုပ်၊ ပြီးတော့ လူကြီးဆန်ဆန်နေတတ်ကြတာဆိုကော့ ခင်ဗျားကို ပြုံးမြလို့ လုံးဝမထင်ထားဖူး"

"ဟုတ်လား"

"ပြုံးမြညီမများ ဖြစ်မလားလို့ တွေးမိတာ"

"မုန့်ကျွေးမယ်"

"တကယ်ပြောတာပါ၊ ကျွန်တော်တို့က လူငယ်တိုင် ပြုံးမြနဲ့တူတယ်"

"အမယ် …မရပါဘူးနော်၊ ပြုံးမြက သက်မာတို့နဲ့မှ ရွယ်တူသက်တူ၊ ဒီတော့ ရင်က မောင်လေးပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ"

ဝံ့နေဦးက အားပါးတရ ရယ်သည်။

"ရှင့်အစ်မက ဘယ်သူလဲ၊ သက်မာနဲ့ အလုပ်ထဲရောက်မှ ခင်ကြတာလား"

"မဟုတ်ဘူးဗျ ...ဆယ်တန်းအတူတူအောင်တာနောက်မှ အုပ်စုကွဲသွားတာ၊ အလုပ်ဝင်တော့မှ ပြန်ဆုံကြတာလေ၊ ကျွန်တော့်အစ်မကို ပြုံးမြ မသိဘူးမဟုတ်လား"

"အင်း"

ဝံ့နေဦးနှင့် စကားကြာကြာပြောဖြစ်ရင်း ခင်မင်ရင်းနှီးသွား၏။

"ရှင်လာခဲ့ပေါ့"

ကိုဦးနှင့် မမခြယ်တို့ မင်္ဂလာပွဲကို ဖိတ်မိသည်။

"ဟုတ်ကဲ့"

ဝံ့နေဦးကလည်း ဝမ်းသာအားရ လက်ခံသည်။

"လိုအပ်တာရှိရင်ပြောပေါ့၊ ကျွန်တော် ကူညီပေးနိုင်





သရွေ့ ကူညီမှာပါ၊ ပြုံးမြနဲ့ ကျွန်တော် သူငယ်ချင်းတွေဖြစ်သွားကြပြီပဲ"

"ဟုတ်ပါပြီ"

ပြုံးမြက ဝံ့နေဦးကို ကားဘေးနားအထိ လိုက်ပို့ပေး၏။ ခြံတံခါးဖွင့်တော့ ညုတုက ပြေးထွက်လာ၏။

"ဟိုမှာ ခင်ဗျားခွေးလေး လမ်းပေါ်ထွက်လာပြီ"

"အင်း ...အရမ်းဆိုးတယ်"

ပြုံးမြက ညုတုကို ကောက်ချီထားပြီး ဝံ့နေဦးကို လက်ပြနှုတ်ဆက်၏။

"ကျွန်တော်ဖုန်းဆက်မယ်၊ အားတဲ့တစ်ရက် ကော်ဖီအတူတူသွားသောက်ရအောင်"

"အင်း"

ဝံ့နေဦးက သူလက်ကိုင်ဖုန်းမြည်လာတော့ နားကြပ်တလေးကိုတပ်ပြီး ဖုန်းပြောရင်း ကားစက်နှိုးပြီး လက်ပြနှုတ်ဆက်ပါသည်။ ပြုံးမြက သွားလေးတွေပေါ်အောင် ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆတ်သည်။

သူဟာ တော်တော်စတိုင်ရှိရှိ နေတတ်သူပါ။ စိန်ရောင်သန့်လိုမဟုတ်။

သူ့ကိုယ်သူ အထူးဂရုစိုက်ကာ စတိုင်ကျဖို့ စမတ်ကျဖို့ ကြိုးစားနေထိုင်သည်။

ဩော် …သူဘာလုပ်သလဲပင် မမေးလိုက်ရ။ မေးစရာတွေ အများကြီး ကျန်သွားသည်။

ထွက်သွားသောကားလေးကို ငေးကြည့်ရင်း ရပ်နေသည့် ပြုံးမြဘေးကို စိန်ရောင်သန့် ရောက်လာ၏။

"ဘယ်သူလဲ …ဧည့်သည်လား"

"အင်း …ဟုတ်တယ်"

ပြုံးမြက နောက်တစ်ရက်ဆုံမှ မိတ်ဆက်ပေးဖို့ စဉ်းစားကာ သည်လောက်ပဲဖြေလိုက်သည်။

စိန်ရောင်သန့်က ပြုံးမြကို တစ်ချက်ကြည့်ကာ ညာတုကို လက်ပြောင်းချီပေး၏။





"ဟာ …ခြေထောက်တွေ ညစ်ပတ်နေပါလား"

"ပြေးဆင်းလာတာလေ"

"ခြေထောက်ရေဆေးပေးမယ်"

"မဆေးနဲ့တော့ …ညာတု အအေးမိလိမ့်မယ်၊ ခဏခဏရေထိတော့ သူ ချောင်းဆိုးနေပြီ သိလား"

"ဟုတ်လား"

"လာ …အိမ်ထဲရောက်မှ အဝတ်စုတ်နဲ့ သုတ်ပေးလိုက်မယ်"

စိန်ရောင်သန့်က ပြုံးမြနောက်မှာ တစ်လှမ်းချင်း လျှောက်ကာလာ၏။

"နင့်ပြဿနာတွေ ပြေလည်သွားပြီလား"

"အင်း"

လွယ်လွယ်ပဲ ပြုံးပြုံးရော ခေါင်းညိတ်လိုက်သည်။ ပြဿနာက ပြေလည်သွားတာမဟုတ်။ ဖြေရှင်းလို့လည်းမရ။ စိန်ရောင်သန့်က မေ့ထားလိုက်တာပါ။

××××



www.burmeseclassic.com

www.burmeseclassic.com



[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်၏ မွေးနေ့ပွဲက ညပိုင်းလုပ်တာမို့ ပြုံးမြက စိန်ရောင်သန့်ကို ခေါ်ပြီးသွား၏။

"ငါ မလိုက်ချင်ပါဘူးဟာ"ဟု ငြင်းသေးသည်။ မရမကခေါ်လို့သာ လိုက်ခဲ့ပေးတာ။

မွေးနေ့ပွဲရောက်တော့ ဝံ့နေဦးနှင့် မမျှော်လင့်ဘဲ ဆုံသည်။ ဝံ့နေဦးကလည်း တအံ့တဩ လာနှုတ်ဆက်သည်။

"ကျွန်တော်နဲ့ သိပ်မရင်းနှီးပါဘူး၊ သူငယ်ချင်းနဲ့ ရင်းနှီးတာ၊ သူငယ်ချင်းခေါ်လို့ လိုက်လာတာပါ"

ဝံ့နေဦးက ညှို့ယူဖမ်းစားနိုင်သော မျက်လုံးအစုံနှင့် စူးစိုက်ကြည့်ကာ ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလက်ကြည်စိုသော သူ့မျက်လုံးများ၏ အကြည့် နွေးနွေးသည် ပြုံးမြရင်ထဲကို ငြိမ့်ညောင်းသော တေးသွား တစ်ပုဒ်လို နိုဝင်လာ၏။

စိန်ရောင်သန့်က အေးစက်စက်ကြည့်ကာနေ၏။

"သြော် ...မိတ်ဆက်ပေးရဦးမယ်၊ သူက စိန်ရောင်သန့်တဲ့၊ ဘေးခြံကလေ၊ သူငယ်ချင်းအရင်းကြီးပေါ့။ ယောင်းမလောင်းရဲ့ မောင်လေးလည်းဖြစ်တော့ အမျိုးတွေလို့လည်း ပြောလို့ရတယ်"

ဝိုးနေဦးက ဖော်ရွေသောအပြုံးနှင့် ချက်ချင်းလက်ကမ်းပေးကာ ...

"ကျွန်တော် ဝိုးနေဦးပါ"ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။ တစ်ဆက်တည်း ပြုံးမြသူငယ်ချင်း မသက်မာရဲ့ သူငယ်ချင်းရဲ့ မောင်လေးပါဟု ဖြည့်စွက်ရှင်းပြ၏။

"ဟုတ်ကဲ့ ...တွေ့ရတာ ဝမ်းသာပါတယ်"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီးသောအခါ





တစ်စားပွဲတည်းမှာပဲ သုံးယောက်အတူတူ ထိုင်ဖြစ်ကြသည်။ ဟိုငေးသည်ငေးနှင့် တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဖြစ်သေးခင်မှာပဲ ဝိုးနေဦး သူငယ်ချင်းက ရောက်လာပြီးခေါ်တော့ ဝိုးနေဦးက 'ခဏ'ဟု လက်ပြကာ လိုက်သွား၏။

"ဘယ်တုန်းက သိနေတာလဲ"

စိန်ရောင်သန့်က ပြုံးမြကို စူးစူးစမ်းစမ်းကြည့်ကာ မေးလာ၏။ ပြုံးမြက နှုတ်ခမ်းလေးစေ့ကာ တဟင်းဟင်းရယ်ရင်း ...

"ဟိုနေ့က လာလည်တဲ့ ဧည့်သည်ပေါ့"

"နင့်သူငယ်ချင်းသက်မာရဲ့ သူငယ်ချင်းရဲ့မောင်လေးဆိုတာလား"

"အေးလေဟယ် ...ခုနပဲ သူပြောသွားတယ်လေ၊ နင်လည်း ကြားသားပဲ"

စိန်ရောင်သန့်က တွေတွေငေးငေးနှင့် ခေါင်းညိတ်သည်။ ပြုံးမြက စိန်ရောင်သန့်ကို အကဲခတ်လိုက်၏။ ခု



www.burmeseclassic.com

www.burmeseclassic.com



လော သူဘာဖြစ်နေပါလိမ့်။ မေးလို့လည်းမရ။ ဖွင့်ဟလည်း မပြော။ ကြိတ်မှိတ်ခံစားနေတော့ မျက်နှာမှာ သောကရိပ်ထင် နေ၏။

ပြုံးမြက ငယ်သူငယ်ချင်းမို့ နားလည်မိတာ။

"နင် အကြာကြီးနေမှာလား"

"ဟင် ...ဘာဖြစ်လို့လဲ ခုနကပဲ ရောက်တာ"

"ငါ သိပ်ကြာကြာမနေချင်ဘူး"

စိန်ရောင်သန့်က စိတ်ထဲရှိသလို ပြောပေမယ့် ပြုံးမြ မျက်နှာပျက်မိ၏။ ဝံ့နေဦးနှင့် ဆုံမယ်မှန်းသိလျှင်လည်း မလိုက်ချင်သော မောင်သန့်ကို ဇွတ်မခေါ်ခဲ့ပါ။

"နင် ...ဟိုတစ်ယောက်နဲ့ ပြန်လို့ရမလား"

ဟော ...မောင်သန့်က အဲဒီလို မေးလာသည်။

"နေဦး ...သူ့ကို ငါမေးကြည့်လိုက်မယ်"

ပြုံးမြက စိန်ရောင်သန့်ကို မပွင့်တပွင့်ပြောကာ ဝံ့နေဦးရှိရာ ထလိုက်သွားသည်။





ခါတိုင်းဆို ပြုံးမြရော့နပ်အောင် သူက အမြဲအလျှော့ပေး သည်းခံအကြိုက်ဆောင်နေကျပါ။

သည်ရက်တွေထဲမှာတော့ သူ အရမ်းစိတ်ညစ်နေတာမို့ ပြုံးမြအပေါ်ပင် စိတ်မရှည်။

"ဟာ ...ကျွန်တော်ပြန်လာမှာပေါ့"

ဝံ့နေဦးက ပြုံးမြကိုမြင်တော့ အားနာပါးနာဆို၏။

"ရပါတယ်၊ မေးမလို့ အိမ်ပြန်ပို့ပေးလို့ရမလားဟင်၊ သူငယ်ချင်းက ကိစ္စရှိလို့ ပြန်မလို့"

"အင်း ...ဖြစ်ပါတယ်၊ ကျွန်တော် ဝင်ပို့ပေးမှာပေါ့၊ စိန်ရောင်သန့် ပြန်ချင်ရင်ပြန်ပါစေ"

"ကျေးဇူးပဲနော်"

"မလိုပါဘူးဗျာ၊ ဒီကိုလာမယ်မှန်းသာ ကြိုသိရင် ကျွန်တော်ဝင်ခေါ်မှာပေါ့"

"အင်းလေ ...သိမှမသိတာ"

ပြုံးမြက စိန်ရောင်သန့်ကို သွားပြောပြီး ဝံ့နေဦးတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် အတူတူနေရစ်ခဲ့၏။

သူငယ်ချင်းတွေနဲ့ ဟန်မပျက် ပြောဆိုရယ်မောနေရပေမယ့် စိန်ရောင်သန့်ကြောင့် စိတ်ထဲမှာ ဘဝင်မကျ စနိုးစနောင့်ဖြစ်ရသည်။

ခဏတဖြုတ်လေးတောင် မစောင့်ပေးနိုင်လောက်အောင် ဘာတွေများ ဖြစ်နေရတာလဲ။

အစတုန်းကဆို သည်လိုမဟုတ်။

မောင်သန့် ပြောင်းလဲသွားပြီလား။

ဒါမှမဟုတ် တစ်ခုခုဖြစ်နေတာလား။

သူဘာဖြစ်နေတာလဲ။

စဉ်းစားလို့လည်းမရ။ ခေါင်းသာပူလာသည်။

"ကျွန်တော်ပြောနေတာ ကြားရဲ့လား"

"ရှင်"

"သီချင်းတစ်ပုဒ်လောက် ဆိုရအောင်လို့"

"အဟင်း …ကျွန်မ မဆိုတတ်ဘူး"





"ကျွန်တော်လည်း မဆိုတတ်ပါဘူး၊ ဒီမှာ သူငယ်ချင်းတွေပဲရှိတာ၊ ရှက်စရာမလိုပါဘူး"

"ဆိုချင်ဆိုလေ"

ဝံ့နေဦးခေါ်တာကို မငြင်းတော့ဘဲ ခေါင်းညိတ်လိုက်၏။

နှစ်ယောက်စလုံးရသော စုတွဲသီချင်းတစ်ပုဒ်ကို အတူတူဆိုရင်း မောင်သန့်ကို စိတ်ဆိုးနေမိတာတွေ ပြေသင့်သလောက်ပြေသွားသည်။

မောင်သန့် ဘာတွေများ စိတ်ညစ်နေတာပါလိမ့်ဟု နေမကာ မေးကြည့်ဖို့ ဆုံးဖြတ်မိသည်။

× × × ×



www.burmeseclassic.com



www.burmeseclassic.com



ဝှံနေဦးက ခြံထဲအရောက် ပြန်ပို့ပြီး နှုတ်ဆက်၏။

"သွားမယ်ဗျာ"

"အင်း"

"ခုလိုလိုက်ပို့ပေးတာ ကျေးဇူးပဲ"

ပြုံးမြကပြောရမှာကို သူက အရင်ပြောသည်။

"အဟင်း ...ကျေးဇူးတင်စရာလိုလို့လား"

"မသိဖူးလေ၊ ပြုံးမြပြောမယ်ထင်တာ"

"မပြောပါဘူး"

ဝှံနေဦးကို လက်ကလေးပြ နှုတ်ဆက်ပြီး သူကား ခြံထဲက ထွက်သွားတော့မှ ခြံဝင်းတံခါးပြန်ပိတ်၏။ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကိုတက်လာရင်း အခန်းထဲရောက်တော့ ပိုက်ဆံအိတ်ကို ခုတင်ပေါ်ချထားပြီး ဝတ်ထားသော နက်ပြာရောင်ဝတ်စုံလေးကို လဲလိုက်၏။

ဆံပင်တွေကို စုချည်ကာ ပြတင်းပေါက်ကို သွားဖွင့်သည်။ ညညဆို တိုက်တတ်သော သဘာဝလေအေးစိမ့်စိမ့်ကို ပြုံးမြ အရမ်းကြိုက်နှစ်သက်ပါသည်။

မေမေက ပြတင်းပေါက်ဖွင့်မထားဖို့ အမြဲပြောပေမယ့် နားမထောင်ဖြစ်ပါ။ မေမေ့စကားကို ဆန့်ကျင်တာမဟုတ်။ လတ်ဆတ်သော လေပြည်ညှင်းကို မက်မောလွန်းလို့ပါ။ ဒါကို မေမေမသိ။

"ခြင်လုံဇကာပါ ဖွင့်လိုက်တော့ ခြင်တွေဝင်လာမှာပေါ့။ ပြတင်းပေါက်ပိတ်လေ သမီး"ဟု မေမေက မြင်တိုင်းဆူတတ်သည်။

"သဘာဝလေ လတ်လတ်ဆတ်ဆတ်ကလေး လိုချင်လို့ပါ။ လေတဖြူးဖြူးနဲ့ အရမ်းလန်းဆန်းတယ်"



"အဲကွန်း(လေအေးပေးစက်)ဖွင့်လေ"

"ဟင့်အင်း ...မေမေကလည်း ညဆို လေအေးအေးကလေး အရမ်းကောင်းတာ"

မေမေက ပြောမရတော့ လက်လျှော့ထား၏။

ဟိုဘက်ကပ်လျက်ကလည်း စိန်ရောင်သန့်တို့ခြံမို့ ပြတင်းပေါက်ဖွင့်ထားလည်း မစိုးရိမ်ရပါ။

ပြုံးမြက ပြတင်းပေါက်ဘေးမှာ ခဏရပ်သည်။

"ဟယ်တော့"

မောင်သန့်ရယ် ဘယ်လိုဖြစ်တာလဲ။

တီးတိုးရေရွတ်မိသည်။

ကားကို ခြံထဲရပ်ပြီး ကားအမိုးပေါ် တက်အိပ်နေသည်။

စောစောက ဝတ်ထားသော အင်္ကျီနှင့်ဘောင်းဘီပင် မလဲရသေးပါ။ ပြန်လာကတည်းက အိမ်ထဲဝင်သေးပုံမပေါ်။ အဲရေးတကြီးပြန်တာ ဘာကိစ္စမှရှိလို့မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ကားအမိုးပေါ်မှာ ပက်လက်အိပ်ပြီး ကောင်းကင်ကို မော့်ကြည့်နေသည်။

ပြုံးမြကချက်ချင်းပဲ ပြန်ဆင်းလာခဲ့၏။ မောင်သန့်တို့ခြံဘက်ကို လျှောက်လာသည်။ ခြံတံခါးက စေ့ရုံစေ့ထားတာ။ ခြံဝင်းတံခါးလည်း မပိတ်ရသေးပါ။

"ဟင် …ညူတု၊ လိုက်လာပြန်ပြီလား"

ညူတုက အမြီးတလှုပ်လှုပ်နှင့် ပါလာ၏။

ကားဘေးမှာရပ်ပြီးချိန်အထိ မောင်သန့်က မတွေ့။ သူ့ဘာသာ တစ်ယောက်တည်း ငေးနေသည်။~

"ဟဲ့ …မောင်သန့်"

ပြုံးမြ အော်ခေါ်လိုက်မှ ဆတ်ခနဲဖြစ်သွားပြီး ငုံ့ကြည့်၏။ သူ့ကားက အမြင့်ကြီးပါ။

"ဘာလဲ …ကောင်းကင်ပေါ်က ကြယ်တွေ ရေတွက်ကြည့်နေတာလား၊ ပြန်မယ်ပြန်မယ်ဆိုတော့ ဘာအလုပ်ကိစ္စများရှိသလဲလို့၊ ဟွန်း …"





ပြုံးမြက မျက်စောင်းရွယ်သည်။

"ငါပြန်လာတာ ကားသံမကြားဘူးလား"

"ကြားသားပဲ"

"ဘာလို့လှမ်းမခေါ်တာလဲ"

ပြုံးမြအမေးကို သူမဖြေ။ နှုတ်ဆိတ်နေသည်။

"ဟိုးမှာတွေ့လား ခုနစ်စဉ်ကြယ်"

"ဘယ်မှာလဲ"

စိန်ရောင်သန့် လက်ညှိုးထိုးပြပေမယ့် ပြုံးမြက မမြင်ပါ။ ရုတ်တရက် ရှာမတွေ့။

"နင်ကလည်းဟာ ဒီမှာလေ၊ ဒီလိုလေး မတွေ့ဖူးလား၊ ရှင်းနေတာပဲ"

"အင်း …တွေ့ပြီ"

ပြုံးမြက ခုမှတွေ့သည်။

"ငါ သူ့ဘယ်လိုရွှေ့လျားမလဲ အမြီးထောင်မလဲလို့ စောင့်ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြက နှုတ်ခမ်းလေးကိုက်သည်။

စိတ်တိုချင်စရာ ကောင်းလိုက်တာ။ ရန်ဖွေဖို့ပင် စိတ်တိုမိသည်အထိပါ။

"ကြည့် ...ကြည့် မိုးလင်းပေါက်ကြည့်"

ပြုံးမြက လှည့်ထွက်လာခဲ့သည်။

မောင်သန့်ကို အရေးမစိုက်ချင်တော့ပါ။

"ပြုံးမြ"

"ဘာလဲ"

လှည့်မကြည့်ဘဲ ထူးမိ၏။

"ညှတ္တကိုထားခဲ့"

"ခေါ်ထားပေါ့"

"လာပေးလေ"

စိန်ရောင်သန့်က ကားပေါ်က မဆင်းဘဲ လှမ်းတောင်းသည်။

"ခေါ်ပေါ့ ...နင့်ဟာနင်ဆင်းခေါ်"





ပြုံးမြက ညစ်ညစ်နှင့် ဆက်လျှောက်လာခဲ့၏။ ညှတ္တက ပြေးလိုက်ပြီးပါလာသည်။ စိန်ရောင်သန့်ခေါ်တာကို လှည့်ပင်မကြည့်။

"တော်တော်အသုံးမကျတဲ့ခွေး၊ သခင်လိုပဲ မာနကြီး အောက်ခြေလွတ်နေတယ်၊ မလာလည်းနေပေါ့"

စိန်ရောင်သန့်က ညှတ္တကို ခေါ်မရတော့ ဒေါပွ၏။ ပြုံးမြက ဖွဖွရယ်ပြီး ဆက်လျှောက်လာခဲ့သည်။

ညှတ္တက ပြုံးမြဘေးမှာ ကပ်ပြီးပါလာ၏။

"ဟဲ့ ...ခေါ်နေတာနေခဲ့လေ"

ညှတ္တက မောင်သန့်နှင့် လုံးဝမနေချင်။

သူ့ကို မကြာမကြာ ဖမ်းချုပ်ပြီး ရေချိုးပေးတော့ အနား မကပ်ချင်တော့။

ပြုံးမြက အခန်းထဲပြန်ရောက်လာပြီး အိပ်ရာဝင်ချိန် ပြတင်းပေါက်မှာ သွားရပ်ပြီး မောင်သန့်ရှိမရှိ ကြည့်မိ၏။

မောင်သန့်က ကားပေါ်မှာ လှဲအိပ်နေတုန်းပင်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တံကယ် သူပြောင်းလဲသွားပြီ။

ကေန္တ ရည်စားပွမျာ: မိနေပြီလား။

သူ့မှာ ကောင်မလေးရှိနေပြီလား။

× × × ×

၂၈









www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံမြည်လာတော့ မောင်သန့်ဆီကပဲဟု ထင်မိတာ။ မောင်သန့်မဟုတ်ဘဲ ဝံ့နေဦး ဖြစ်နေ၏။

"ပြုံးမြ ...ဘာလုပ်နေလဲ၊ အလုပ်တွေရှုပ်နေလား" ဟု သူက အလိုက်သိစွာမေး၏။

"အင်းပေါ့"

"ဟုတ်တာပေါ့၊ မနက်ဖြန် ညွှန့်ခံပွဲရှိတယ်ဆိုတော့"

"အင်း"

ပြုံးမြက အနီရဲရဲ အသည်းပုံခေါင်းအုံး သေးသေးလေးနှစ်ခုကို ကောက်ယူကာ မင်္ဂလာအိပ်ရာပေါ် သွားတင်သည်။ ဖုန်းတစ်ဖက်ပြောရင်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



မမခြယ်က သိပ်စိတ်မဝင်စားတာလား၊ ရှက်လို့ပဲလား မသိ။ တစ်ခါပဲ ရောက်လာသည်။ ပြီးတော့ သူတို့အတွက် ပြင်ဆင်ထားသော အခန်းကလေးကို ကြည့်ပင်မကြည့်။ ဘာလို့ပါလိမ့်။

ပြုံးမြတို့အိမ်မှာ လိုက်မနေချင်တာများလား။ လူကြီးတွေ စီစဉ်နေသမျှကို ကြိုက်တယ်၊ မကြိုက်ဘူး တစ်ခွန်းပင် ဝင်မပြောဘဲ နေနိုင်တာ ထူးဆန်းလွန်းသည်။

အေးစက်စက်နှင့် သူနှင့်မဆိုင်သလို။

"မမေ ...မမခြယ်က ကြိုက်ပါ့မလား"

"မသိဘူးလေ၊ သူမှ ဘာမှမပြောတာ"

မမေကတော့ အကောင်းဆုံးစီစဉ်တာပါပဲ။ ကိုဦးက မင်္ဂလာလက်စွပ်ကိုပြတော့ ကောက်ယူကိုင်တွယ်မကြည့်ဘဲ မျက်စိကလေးနှင့်သာကြည့်ပြီး ...

"ရပါတယ် ...လှသားပဲ" ဟု ပြောခဲ့သည်။

"ဟော့ ...ပြုံးမြ၊ ဟဲလို ...ဟဲလို"





"ပြော ...နားထောင်နေတယ်"

ဝံ့နေဦးက ဖုန်းချသွားပြီထင်ကာ စွတ်အော်နေ၏။

"အခုဘာလုပ်နေတာလဲ"

"မမေနဲ့ ခန်းဆီးလိုက်ကာတွေ ပြတင်းပေါက်လိုက်ကာတွေ ကူလဲပေးနေတာ"

"မောနေပြီလား"

"မောတာပေါ့"

"အမောပြေ ကော်ဖီဆိုင်သွားထိုင်ရအောင်"

"ကောင်းသားပဲ၊ လာခေါ်လေ"

"အိုကေ ...ရေချိုးပြီး လာခဲ့မယ်၊ နောက်တစ်နာရီဆိုရောက်ပြီ"

ဝံ့နေဦးက ဖုန်းချသွား၏။

"သမီး မောင်သန့်လား"

မမေလည်း ပြုံးမြလိုပဲ မောင်သန့်ဆီက ဖုန်းပဲထင်သည်။ ဝံ့နေဦးကို မမေက သိပင်မသိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မေမေရဲ့"

"မောင်သန့်တို့အိမ်ဘက် ခဏသွားလိုက်ဦး၊ ခြယ်က သတို့သမီးဆိုတော့ သူ့အမေကို ကူနိုင်မှာမဟုတ်ဘူး၊ သမီးပဲ သွားကူညီလိုက်"

"ဟင်"

ပြုံးမြ ပြောရခက်သွား၏။

ဘယ်လိုလုပ်ရမှန်း မသိတော့ပါ။

"ဒီမှာက ရပြီပဲ၊ ပြီးသလောက်ရှိသွားပြီ၊ ကျန်တာ တွေ မေမေတို့ဆက်လုပ်မယ်"

မေမေက ဘာမှမသိဘဲ စီစဉ်ပေးနေ၏။

"မေမေ"

"အေး …ပြော"

ပြုံးမြကို လှည့်မကြည့်အားဘဲ ထူး၏။

"ပြုံးမြ ညော့သည်ရှိန်းထားတယ်၊ အပြင်ခဏသွား မလို့"





"ဟုတ်လား"

"အင်း"

"ဒါဆို သွားလေ၊ မြန်မြန်ပြန်လာနော်"

"အင်းပါ …သိပါတယ်"

အိမ်မှာ အလုပ်တွေရှုပ်နေမှန်း သိပါသည်။ ခဏ တဖြုတ် အပျင်းပြေရုံကလေး ထွက်ချင်တာပါ။ မောင်သန့်က လည်း လုံးဝရောက်မလာ။ ခါတိုင်းဆို လာခေါ်နေကျပါ။ မောင်သန့်နှင့် လမ်းလျှောက်စကားပြော၊ မုန့်စားပြီးပြန်လာ လျှင် လူက လန်းဆန်းအားရှိသွားသလိုပါ။ အမြဲပဲ အဲဒီလို ထွက်လည်နေကျပါ။

ပြုံးမြက ရေချိုးခန်းထဲဝင် ခြေလက်ဆေးကြောကာ အဝတ်အစားလဲသည်။ ဝှံ့နေဦး ရောက်လာလျှင် အဆင်သင့် ဖြစ်ရအောင်ပါ။ သူ့ကို မစောင့်နိုင်နှုန်းချင်။

"သမီးရေ …မောင်သန့်လာတယ်"

မေမေ လှမ်းအော်ပြောသံကြားရတော့ နှုတ်ခမ်းနီဆိုး



www.burmeseclassic.com

www.burmeseclassic.com



တာလေးပင် တန့်သွား၏။

ဝုံနေဦးနှင့် အပြင်ထွက်ဖို့ ပြောထားပြီးသားမို့ မောင်သန့်အထင်များလွဲမလားဟု စိုးရိမ်မိ၏။

ခုတလော မောင်သန့်က ရှင်ရှင်ပျပျမရှိ။ သည်လို အချိန်မျိုးမှာ သူ အထင်လွဲစရာကိစ္စမျိုး မကြုံချင်။

မောင်သန့်က သဘောထားကြီးသော သူငယ်ချင်းပါ။

"ဟဲ့ ...ဘယ်ပျောက်နေတာလဲ"

"မပျောက်ပါဘူး အိမ်မှာရှိသားပဲ"

"ဘာလို့မလာတာလဲ"

"အခုလာပြီပဲ"

"ဟွန့်"

ပြုံးမြက မျက်စောင်းရွယ်ပြီး "ငါ အပြင်ခဏသွားမလို့"ဟု ဆိုမိသောအခါ မောင်သန့်က ခါတိုင်းလိုပဲ အောက်မေ့ပြီး "ရတယ်လေ၊ သွားတာပေါ့"ဟု ခေါင်းညိတ်လျက် ကားရှိရာ လျှောက်သွားသည်။





"မောင်သန့် ...နေဦး"

ပြုံးမြက မနည်းပြန်ခေါ်ရသည်။

"ငါ ...ငါ ဝုံနေဦးနဲ့ သွားမလို့"

စိန်ရောင်သန့်က ပြုံးမြစကားကြောင့် ခြေစုံရပ်ငြိမ်ကျသွားပြီးနောက် မျက်နှာတစ်ခုလုံး ရှာချတော့မည့်မိုးလို အုံ့မှိုင်းကာသွား၏။

ပြုံးမြကို အေးစက်စွာ စိုက်ကြည့်လာ၏။

ပင့်သက်တစ်ရှိုက်နှင့် ဘာပြောရမှန်းမသိ ဖြစ်သွားရသူက ပြုံးမြပါ။ အရမ်းလည်း အားနာသည်။

"သြော် ...ဟုတ်လား၊ သွားလေ"

စိန်ရောင်သန့်က ညှော်ခန်းဆီ ပြန်လျှောက်လာ၏။

ကားသော့ကို စားပွဲပေါ်တင်ပြီး ဆိုဖာမှာ ဝုန်းခနဲ ထိုင်ချသည်။

ဘာလို့များ စိတ်မကြည်လင်စရာတွေ ဆက်တိုက် မြင်နေရသလဲ။ စဉ်းစားလို့မရ။ ဝုံနေဦးကလည်း မြှန်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြီး သူတို့နှစ်ယောက်ဘဝထဲကို ဖွတ်တိုးဝင်လာသည်။

ဝံ့နေဦးဝင်လာတာကို ပြုံးမြကလည်း ကြည်ဖြူလိုလားစွာ။ သူမှာသာ ပူလောင်မွန်းကြပ်နေရတာ။

မနာလိုတာလား၊ သဝန်တိုနေမျောတာလား။

"ဟော …လာပြီ"

စကားတစ်ခွန်းမှပင် မဆိုရသေးခင် ဝံ့နေဦးက ရောက်လာ၏။ စိန်ရောင်သန့်က ကြိုးစားပြုံးလိုက်၏။

ပြုံးမြ စိတ်အနေခက်အယှက်ဖြစ်အောင် မလုပ်ချင်ပါ။

"သွားလေ …မြန်မြန်ပြန်လာ"

"အင်း"

ဝံ့နေဦးက စိန်ရောင်သန့်ကို နှုတ်ဆက်၏။

"ဟာ …အစ်ကိုနေကောင်းလား"တဲ့။

စိန်ရောင်သန့် ခေါင်းညိတ်မိသည်။

တကယ်ဆို မင်းကိုမြင်လိုက်ရမှ နေမကောင်းဖြစ်ချင်တာ။ ဒါကို ဘယ်လိုပြောရမလဲ။





"သွားဦးမယ် အစ်ကို"

သွက်လက်ချက်ချာ ဖော်ရွေသော ကောင်လေးပါ။ ပြုံးမြနှင့် ချက်ချင်းခင်မင်သွားတာပဲကြည့်။

ပြီးတော့ အင်မတန်လိုက်ဖက်ညီကြသည်။ စိန်ရောင်သန့်က ဆိုဖာကို ခေါင်းမှီချလိုက်ပြီး မျက်နှာကျက်ကို အဓိပ္ပာယ်မဲ့စွာ ငေးမော့ကြည့်နေမိ၏။

သူတို့ မကြာခင် ချစ်သူတွေဖြစ်သွားနိုင်သလား။

ဟူး။

လေပူတစ်ချက် မှုတ်ထုတ်မိပါသည်။

ပြုံးမြကိုကြည့်ရတာ မြူးမြူးရွှင်ရွှင် ကြည်ကြည်သာသာကလေးပါပဲ။

ဝံ့နေဦးကို ပြုံးမြ နှစ်သက်နေပြီလား။

နှစ်သက်နေပြီဆိုရင်ရော။

သူက ဘာတတ်နိုင်မှာမို့လဲ။ ဘာပြောလို့ရမှာလဲ။ သူနှင့်ပြုံးမြက သူငယ်ချင်းတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝံ့နေဦးက တိတ်ဆိတ်နေသော ပြုံးမြကို တစ်ချက် လှည့်ကြည့်ကာ ဘာတွေတွေးနေတာလဲဟု မေးလာ၏။ ပြုံးမြက သူ့ကိုလှည့်ကြည့်ပြီး ခေါင်းကလေးခါပြသည်။ တွေးစရာ ဘာမှမရှိ။ မောင်သန့်အကြောင်းကို မတွေးချင်။ စိတ်ကောက် ချင်မိသည်။ ခုတလော ပြုံးမြကို သူဂရုမစိုက်။ ပစ်ထားသည်။

"ဘာမှမတွေးပါဘူး"

"ကျွန်တော် မေးစရာရှိတယ်"

"မေးလေ"

ဝံ့နေဦးက မျက်ခုံးတစ်ချက်မြှင့်ကာ ...

"မေးသင့်ရဲ့လားမသိဘူးဗျာ" ဟု ဆို၏။

"မေးပါ၊ ရပါတယ်"

"ဖြေချင်မှဖြေပါ"

"ရပါတယ်"

သူ့ကိုကြည့်ရတာ မေးရမှာ အားနာသလိုမျိုး။

"ကိုစိန်ရောင်သန့်နဲ့ သူငယ်ချင်းလား"





"ဟင်"

ထင်မထားသော မေးခွန်းပါလား။

"ဖြေချင်ရဲ့လား"

ဝံ့နေဦးက မေးပြီးမှ တစ်မျိုးဖြစ်သွားသည်။

"ဘာလို့မေးတာလဲဟင်"

"သိချင်လို့ပါ"

ပြုံးမြက ရှက်ရယ်ရယ်သည်။

"သူငယ်ချင်းတွေပါပဲ"

အရှိကိုအရှိအတိုင်း ဖြေမိသည်။ ညာစရာလည်း မလို။ ဒါဟာ အမှန်တရားပဲ။ စိန်ရောင်သန့်က ပြုံးမြကို ဘယ်တုန်းကမှ ရည်းစားစကား မပြောဖူးခဲ့ပါ။

"သူ့ဘက်က ပြောထားလား"

"ရှင်"

ပြုံးမြ ပါးပြင်လေးတွေ ထူအမ်းသွား၏။

အနားမှာ တစ်ချိန်လုံးရှိနေသော သူငယ်ချင်းကလေး



www.burmeseclassic.com

www.burmeseclassic.com



က ချစ်ခွင့်ပန်ယားတာ မဟုတ်ဘူးဆိုလျှင် ပြုံးမြက ညှဲ့လွန်းရာကျနေမလား။ ဆွဲဆောင်မှုမရှိလွန်းသလို ဖြစ်သွားမလား။ အဟုတ်တကယ်ဘုရားစူး မောင်သန့်မှ ချစ်ရေးမဆိုဖူးတာ။

"မပြောဖူးပါဘူး၊ သူငယ်ချင်းတွေပါပဲ"

"ကိုစိန်ရောင်သန့်မှာ ချစ်သူရှိလို့လား"

"မသိဘူးလေ"

ဝံ့နေဦးက စဉ်းစားရခက်စွာ ဇဝေဇဝါ။

အရမ်းခင်မင်ရင်းနှီးပါလျက် တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်အလေးထားလျက်နှင့် ချစ်သူတွေမဟုတ်ကြတာ ဆန်းနေသည်။

ကိုစိန်ရောင်သန့်ကို ကြည့်ရတာ ပြုံးမြအပေါ် အရမ်းအလေးအနက်ထားတာ ပေါ်လွင်သည်။

"ငယ်သူငယ်ချင်းတွေပါ၊ ခင်လာတာလည်း ကြာပြီဆိုတော့ ရီးရီးသားသားပါပဲ"

"ဝမ်းသာစရာပေါ့"





"ဟင်"

သူက ချက်ချင်း ကောက်ကာငင်ကာ ဘာကိုဝမ်းသာသွားပါလိမ့်။ ဝံ့နေဦးက ဟက်ခနဲရယ်သည်။

"ကျွန်တော့်အတွက် အခွင့်အရေးရှိသေးတာပေါ့"

"ဘယ်လို"

ပြုံးမြက မျက်လုံးကလေး ဝိုင်းသွား၏။

"ဟား ...ဟား စတာပါဗျာ၊ ဒီလောက်လည်း လန့်မသွားပါနဲ့"

ဝံ့နေဦးရယ်သံက ကြည်လင်ပေါ့ပါးနေ၏။

သူ့မျက်လုံးတွေကို ပြုံးမြက နားလည်ပြီးသားပါ။

"ကျွန်တော် ရည်းစားစကား မပြောဖူးပါဘူး၊ ချစ်ရေးပဲဆိုမှာပါ၊ အခုမဟုတ်သေးဘူး၊ သီးသန့်တစ်ရက်ရွေးပြီးမှ ပြောမယ်။ ပစ်စလက်ခတ်မပြောချက်ဘူး၊ ရက်ကောင်းရက်မြတ်လည်း ရွေးရဦးမယ်"

ပြုံးမြက ရက်စနိုးလေး ပြုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝံ့နေဦးက ရဲတင်းသွက်လက်လွန်းသည်။ ဟောဟော ရမ်းရမ်း ရှိင်းရှိင်းစိုင်းစိုင်းတော့ မဟုတ်ပါ။

"ပြုံးမြလည်း ကြိုပြီးစဉ်းစားထားပေးပါ"

သူ့ကို ဘာမှပြန်မပြောဘဲ ပြုံးမြ ငြိမ်နေလိုက်၏။ ဝံ့နေဦးက ကျေနပ်စွာရယ်နေသည်။

"ကျွန်တော် ဒီလိုကြိုမပြောလည်း ခင်ဗျားသိနေမှာပါ၊ ကျွန်တော့်အပြုအမူ၊ ကျွန်တော့်အကြည့်၊ ကျွန်တော့်စကားတွေ"

သူက ကားကို ညင်သာစွာမောင်းရင်း ပြောနေ၏။ ပြုံးမြက ငြိမ်သက်စွာနားထောင်ရင်း ပါလာသည်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာညစ်ခံပွဲပြုလုပ်မည့်နေ့။

မနက်စောစောမှာ စိန်ရောင်သန့်က ပြုံးမြဆီ ဖုန်းဆက်လာ၏။ ပြုံးမြလည်း အစောကြီးနိုးလာသည်။

ညစ်ခံပွဲက ညနေပိုင်းမှာ။ မင်္ဂလာလက်မှတ်ထိုးပွဲရော တစ်ခါတည်း စီစဉ်ထားသည်။

"ပြုံးမြ"

"ဟင်"

"နိုးပြီလား"

"နိုးပြီ …နင်ဘာလုပ်နေလဲ မောင်သန့်"

"ဘာမှမလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းနှင့်လှမ်းမေးပြီးမှ ရောက်လာ၏။

“လာ …ကော်ဖီသောက်လေ”

ပြုံးမြက လှမ်းခေါ်ပြီး ကော်ဖီတစ်ခွက် ဓါတ်ဗူးထဲက ထည့်လိုက်၏။

“ပြုံးမြ”

“ဟင်”

“ငါတို့ဘုရားသွားရအောင်”

“အခုလား”

“အေး”

စိန်ရောင်သန့်စကားကို ပြုံးမြက မငြင်းချင်ပါ။

သည်မနက်မှ ထူးဆန်းစွာ ဘုရားသွားချင်တာကို နားမ လည်ပေမယ့် ငြင်းရမှာလည်း ခက်သည်။

“သွားမယ်လေ …ခဏစောင့်”

“မြန်မြန်လုပ်”

စိန်ရောင်သန့်က ခပ်လောလောပြောသည်။ မင်္ဂလာ





ညွှန့်ခ်ပွဲရှိတော့ နှစ်အိမ်စလုံး အလုပ်ရှုပ်နေကြပါသည်။

“သမီးဘယ်လဲ”

ထွက်ကာနီး မေမေက လှမ်းမေးသည်။

“ဘုရားခဏသွားမလို့ မေမေ”

မေမေ့ကို ပြန်ဖြေပြီး စိန်ရောင်သန့်ကားပေါ် ကမန်း ကတန်းတက်ခဲ့၏။

ဘုရားပေါ်မတက်ခင် ပန်းရယ်၊ ဖယောင်းတိုင်ရယ်၊ အမွှေးတိုင်ရယ် အရင်ဝယ်ကြသည်။

“ပြုံးမြ”

“ဟင်”

ဓါတ်လှေကားထဲမှာ မောင်သန့်က ပြောသည်။

“ဒီနေ့မင်္ဂလာပွဲအတွက် ငါတို့ဆုတောင်းရအောင်”

“အေးပါ၊ ငါသိပါပြီ”

စိန်ရောင်သန့် ဘုရားကိုခေါ်လာရခြင်း၏ ရည်ရွယ် ချက်ကို သိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်ရောက်တော့ နှစ်ယောက်အတူတူ အောင်မြေမှာ ဆုတောင်းကြပါသည်။

"ကျွန်တော် ကျွန်မတို့ နှစ်မိသားစု၏ မင်္ဂလာကိစ္စ အောင်မြင်ချောမွေ့ပါစေသား"

ဘုရားမှာဆုတောင်းပြီး မြန်မြန်ပဲ ပြန်လာခဲ့ကြ၏။

"ကိုဦးရော"

"ရှိသားပဲ"

"မမခြယ်က အလုပြင်တာကြာမှာ၊ ငါသွားစောင့်မယ်၊ နင် ခန်းမကို အရင်သွားနှင့်"

"ဟာ …ကိုဦးစောင့်မှာပေါ့၊ ပြီးတော့ သိပ်မကြာပါဘူး၊ နင်နဲ့ငါ အတူတူသွားမယ်လေ"

ပြုံးမြက စိန်ရောင်သန့်ကို မရမက ခေါ်သည်။

"နင်အရင်သွားနှင့်ပါ"

"မောင်သန့်နော် …အစကတည်းက စီစဥ်ထားပြီးသား၊ ငါ နင်နဲ့အတူတူပဲ သွားမယ်"





စိန်ရောင်သန့်က သက်ပြင်းရှိုက်သည်။

"ပြီးရောဟာ …ပြီးရော"

ပြုံးမြက ကျေနပ်စွာ ပြုံး၏။

"မောင်သန့်ရယ် …မမခြယ်ကို ကိုဦးစောင့်ခေါ်မှာပေါ့၊ နင်က ဘာဖြစ်နေတာလဲ"

စိန်ရောင်သန့်က မပြုံးမရယ်။ ရှုတည်တည်။ ခုတလော ပြုံးတာကို မတွေ့။

ပြုံးမြကတော့ ပျော်နေသည်။

သည်မင်္ဂလာပွဲအတွက် အစောကြီးကတည်းက စီစဥ်ခဲ့ရတာမဟုတ်လား။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ဂိုမိုး · တာဒပ

www.burmeseclassic.com

www.burmeseclassic.com



""နင် အရမ်းလှတယ် ပြုံးမြ""

စိန်ရောင်သန့်က ပြုံးမြကိုစိုက်ကြည့်ကာ အားပါးတရ ဆို၏။ ပါးလေးတွေ ရဲတွတ်ကာ မနေတတ်အောင် ဖြစ်သွားရသူက ပြုံးမြ။

စိန်ရောင်သန့်အကြည့်ကို မသိသလိုနေကာ ...

""အမယ် ...မယ် မင်္ဂလာပွဲပြီးရင် နင့်ကို ကော်ဖီလိုက်တိုက်မယ်၊ ဒီလောက်မြှောက်စရာ မလိုပါဘူး""

ပြုံးမြက ရှက်ရှက်နှင့် ပြန်ပြော၏။

စိန်ရောင်သန့်က ငွေဖလားလေးကိုကိုင်ကာ ရပ်နေသော ပြုံးမြကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေ၏။

ပိုးမိုး - [illegible]

www.burmeseclassic.com

www.burmeseclassic.com



''ကိုဦးတို့ မရောက်လာသေးဖူးနော်၊ ဒီမှာ အခန်း ပေးထားရက်သားနဲ့ ဒီမှာပြင်လိုက်လည်း ပြီးရော''

ပြုံးမြက ငွေဖလားလေးကို အသာချထားလိုက်ပြီး

''လာ …ခန်းမထဲမှာ မေမေတို့နဲ့ ဝိုင်းညှိခံပေးရအောင်''

စိန်ရောင်သန့် ခြေလှမ်းစဖို့ ဝန်လေးနေ၏။

မမခြယ်တို့ မရောက်သေးသရွေ့ စိတ်မအေးနိုင်ပါ။

''ဒီမှာပဲ ခဏထိုင်ကြရအောင်''

သီးသန့်နားနေခန်းလေးထဲမှာ သူတို့ထိုင်ဖြစ်ကြသည်။

''ပြုံးမြ''

''ဟင်''

''ဟိုလူရော မလာဘူးလား''

''ဘယ်သူလဲ''

''နင့်မင်းသား''

စိန်ရောင်သန့်က ကြည့်မရသလို ထေ့၏။





''မင်းသားမဟုတ်ပါဘူး''

''အရမ်းရှိုးများလွန်းပါတယ်ဟာ''

''ဟင်း …ဟင်း …ဟင်း''

''နင်နဲ့ ကြိုက်နေပြီလား''

သူက တဲ့တိုးကြီးမေးလာ၏။

''ဟဲ့ …ကြိုက်စရာလား''

''သူ့ပုံစံက အရမ်းသွက်သွက်လက်လက်ပဲ''

''ဟုတ်လို့လား''

''မျက်လုံးကလည်း ကြာမျက်လုံး''

''စွပ်စွပ်စွဲစွဲဟယ်''

စိန်ရောင်သန့် ဝေဖန်မှုက နည်းနည်းပိုကဲနေသလိုပင်။ ကြည့်မရဖြစ်နေရှာသလား။

မနာလိုဖြစ်နေတာလား။ ဟုတ်မည်မထင်။ သူက သွေးအေးလွန်းသူပါ။

''ဝံ့နေဦးက သဘောကောင်းပါတယ်ဟယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတွေအပေါ် သဘောကောင်းတာလား"

"နင် ဘောင်ကျဉ်းနေပြီ"

ပြုံးမြက ထိထိမိမိစွပ်စွဲ၏။

"ဘောင်ကျဉ်းတာ မဟုတ်ပါဘူး၊ ထားလိုက်ပါတော့ နင်နဲ့ ဘာမှမဟုတ်ရင် နင်သူ့ဘက်က မနာလောက်ပါဘူး"

စိန်ရောင်သန့်စကားက ဘယ်လိုကြီးလဲ။

သူဘာကို သိချင်တာလဲ။ ဘာကိုမေးတာလဲ။

"ဝံ့နေဦးက မေးပါတယ်"

"ဘာလဲ ငါ့အကြောင်းလား"

"ဟုတ်တယ်"

ပြုံးမြက ချက်ချင်းမပြောသေးဘဲ ငြိမ်နေ၏။

"ဘာပြောတာလဲ၊ ဘာမေးတာလဲ"

သူအရမ်းသိချင်သွားပြီ။

"နင်နဲ့ ငါနဲ့ ဘယ်လိုပတ်သက်လဲလို့ပါ"





"အဲဒါ သူနဲ့ဘာဆိုင်လို့လဲ"

အလွန်အမင်း မကျေမနပ်ဖြစ်သွားကာ မျက်နှာတင်းသွား၏။ ပြုံးမြ ရယ်မိသည်။

"ဒါလေးမေးတာပဲ စိတ်ဆိုးစရာလား"

"သူသိစရာမလိုပါဘူး"

စိန်ရောင်သန့်ကိုကြည့်ကာ ပြုံးမြက တစ်ဘက်လှည့်နေလိုက်၏။ သူဘာဆက်ပြောမလဲဆိုတာ ကြားလည်းကြားချင်သည်။ ကြားလည်း မကြားရဲပါ။

"နင် ဘာပြောလိုက်သလဲ"

"အမှန်အတိုင်းပဲ ပြောလိုက်တယ်"

"အဲဒီတော့ သူက ..."

ပြုံးမြ တစ်ခွန်းချင်းထောက်ကာ သူက စစ်ဆေးနေတော့သည်။

"သူက ရည်းစားစကား ပြောချင်တယ်တဲ့"

"တယ်ဟုတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



စိန်ရောင်သန့်က ခနဲ့သလို ရယ်သည်။ သူ့ရယ်သံက မရှိ။ အောင့်သက်သက်နှင့်။

"သား …မောင်သန့်"

ဖေဖေနှင့်မေမေ ထိတ်ထိတ်ပျာပျာနှင့် အခန်းလေး ထဲဝင်လာမှပဲ စိန်ရောင်သန့် ဖြုန်းစားကြီး လန့်သွား၏။

သွားပြီ။

တထင့်ထင့် စိုးရိမ်ခဲ့ရသော အခြေအနေကို တကယ် ရင်ဆိုင်ရပြီထင်ပါရဲ့။

ပြုံးမြစကားတွေကြောင့် ခေါင်းရှုပ်ကာ လက်ရှိ အနေအထားကိုပင် မေ့လျော့နေမိခဲ့တာ။

"မမခြယ် ဘာဖြစ်လို့လဲ မေမေ"

စိန်ရောင်သန့်က ချက်ချင်းမေးလာ၏။

"သမီးခြယ်ကို ရှာမတွေ့တော့ဘူး"

"ကျွန်တော်ထင်သားပဲ"

"ဟေ"





"ဘယ်လိုသား"

ဖေဖေနှင့်မေမေက သူ့ကို နားမလည်စွာ ကြည့်သည်။

"ဖေဖေနဲ့မေမေ စိတ်အေးအေးထား၊ သား ကြည့် စီစဉ်လိုက်မယ်၊ မေမေတို့ ဒီမှာပဲနေ၊ မမခြယ်ကို တွေ့မှာ မဟုတ်တော့ဘူး"

မေမေက စိန်ရောင်သန့်စကားကြောင့် မိုက်ခနဲပင် ဖြစ်သွား၏။ စိန်ရောင်သန့်က မေမေ့ကို ထိန်းထားပြီး …

"ဖေဖေ …မေမေ့ကို ဂရုစိုက်လိုက်ပါ၊ ကျွန်တော် အားလုံးပြေလည်အောင် သွားစီစဉ်ပါ့မယ်"

"ဖြစ်ပါ့မလား သား"

ဖေဖေက အကြီးအကျယ် မျက်နှာပျက်နေပြီ။ မေမေ ကတော့ တုန်လှုပ်စွာနှင့် မျက်နှာဖြူဖတ်ဖြူရော်။

ဟား …ထင်ခဲ့သားပဲ။

ကျွန်တော် ထင်နေခဲ့တယ် မမခြယ်။

တစ်ချိန်လုံး မပြတ်မသားတွေတွေဝေဝေနဲ့ မမခြယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအချိန်ရောက်တော့မှပဲ စွန့်စားလိုက်ပြီ မဟုတ်လား။

"မောင်သန့် …ခဏနေဦး"

ကြားရသမျှကို အံ့အားသင့်စွာ မယုံနိုင်စွာ နားထောင်နေမိရင်း ကျောက်ရုပ်လို ငြိမ်သက်နေမိသော ပြုံးမြမှာ တဖျတ်ဖျတ်လျှောက်သွားသော စိန်ရောင်သန့်ကို ကမန်းကတန်း သတိဝင်ကာ တား၏။

"ဘာလဲ ပြုံးမြ"

စိန်ရောင်သန့်က လှည့်ကြည့်ပြီး မေးသည်။

"ဘာတွေဖြစ်ကုန်တာလဲ၊ လုံးဝနားမလည်တော့ဘူး"

"ခဏနေဦး ပြုံးမြ၊ ငါနောက်မှ ရှင်းပြမယ်လေ၊ လောလောဆယ် ငါ ဘာလုပ်ရမလဲတောင်မသိတော့ဘူး"

"နင် ဘာတွေကြိုသိထားသလဲ"

"ဟာ …အဲဒါတွေ အရေးမကြီးတော့ဘူး၊ အခု





အရေးကြီးတာက အားလုံးမျက်နှာမပျက်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ"ဟု မောင်သန့်က ပြန်ပြော၏။

"နင်သိနေရက်သားနဲ့ ငါ့ကို ဘာလို့မပြောတာလဲ၊ မပြောဘဲ နေနိုင်တယ်နော်"

ပြုံးမြက အက်ကွဲစွာ မယုံနိုင်စွာ မေးသည်။

စိန်ရောင်သန့်က မျက်နှာလွှဲလိုက်၏။ ပြုံးမြမျက်လုံးတွေကို ရင်မဆိုင်ချင်ပါ။ စိတ်ထဲမှာ ကြောက်နေသည်။

"နင် ဒီမှာပဲနေခဲ့ပါ ပြုံးမြ"

စိန်ရောင်သန့်က ပြုံးမြကို မှာသည်။

"ဘာဖြစ်လို့လဲ"

"ဘယ်ကောင်းမလဲ နင်က မိန်းကလေး၊ ညှိသည်တွေကို ငါပဲ ရင်ဆိုင်ဖြေရှင်းမယ်"

"ငါ့ဖေဖေနဲ့ မေမေလည်း ရှိနေတာပဲ"

"ငါ သူတို့ကို အရင်သွားခေါ်လာမှာပါ"

ပြုံးမြက မျက်နှာလေးငယ်စွာ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရက်လိုက်တာ မမခြယ်ရယ်။

ရင်ထဲမှာ ယူကျုံးမရဖြစ်သည်။ မျက်ရည်က အလိုလို ဝေ့တက်လာ၏။ လုံးဝမထင်ထားသော အခြေအနေမို့ ခံနိုင်ရည်မရှိ။ ဖေဖေနှင့် မေမေရော ဘယ်လိုဖြစ်သွားမလဲ။ ကိုဦးရော ···ကိုဦးရော။

ပြုံးမြ တွေးပင်မတွေးရဲ။

စိန်ရောင်သန်း မျက်နှာကို မျက်လုံးထဲမြင်ယောင်လာမိ၏။ တစ်ချိန်လုံး မသက်မသာနှင့် ညှိုးမှိုင်နေခဲ့တာ။

မောင်သန်းရယ် ···ငါ့ကိုတောင် ဖွင့်ဟမပြောခဲ့ဘူး။ တကယ်တန်းကျတော့ နင်က နင့်အစ်မဘက်ကကိုး။ ငါတို့ မိသားစုအတွက် နင် လုံးဝမစဉ်းစားဘူး၊ ထည့်မတွက်ခဲ့ဘူး ရက်စက်လိုက်တာ။

နင်နဲ့ငါ သူငယ်ချင်းတွေပါ မောင်သန်းရယ်။

"သမီး ···သမီး ပြုံးမြ"

"ရှင် ဖေဖေ"





ဖေဖေက အလောတကြီး ရောက်လာ၏။

"လာဦး ···သမီးမေမေ မူးလဲသွားလို့"

"ဟင်"

ပြုံးမြ မျက်လုံးပြူးသွား၏။

မေမေ့အတွက် အရမ်းစိတ်ပူသွားသည်။

မောင်သန်းဖေဖေက ဖေဖေ့ကို ချက်ချင်းတောင်းပန်သည်။

"မလိုပါဘူးဗျာ"

ဖေဖေက တောင်းပန်စကားပင် နားမထောင်တော့ပါ။ ပြုံးမြက လှစ်ခနဲ ပြေးထွက်လာ၏။

မေမေ ဘယ်မှာလဲ။

မေမေ့အနားမှာ ပြုံးမြ ရှိသင့်သည်။

ကားရပ်ထားရာနေရာအထိ တဟုန်ထိုးပြေးထွက်လာမိ၏။ ဘယ်သူ့ကိုမှ လှည့်မကြည့်တော့ပါ။

"ပြုံးမြ"



www.burmeseclassic.com

www.burmeseclassic.com



စိန်ရောင်သန့်က ပြုံးမြအတွက် စိတ်ပူပြီး နောက်က ပြေးလိုက်လာ၏။

"ပြုံးမြ"

ပြုံးမြလက်ကောက်ဝတ်ကို ဖျတ်ခနဲ ဖမ်းဆုပ်ထားသည်။ ပြုံးမြ သူ့ကို နာကျင်စွာကြည့်မိသည်။

"နင်တော်တော်အတ္တကြီးပါလား၊ နင့်အစ်မဘက်ပဲ နင်ကြည့်တယ်၊ ငါတို့မိသားစု အရှက်သိက္ခာကို နင်မထောက်ဘူး၊ နင့်ကို ငါ အရမ်းကြောက်တယ်"

ပြုံးမြက လက်ကို ဆောင့်ရုန်းပစ်သည်။

"ငါ့မေမေ တစ်ခုခုဖြစ်သွားလို့ကတော့ နင့်ကို ငါ တစ်သက်လုံးခွင့်မလွှတ်ဘူး သိရဲ့လား၊ ဖယ်"

နှုတ်ခမ်းကိုက်ကာ စကားကုန်ပြောရင်း ပါးပြင်ပေါ်လည်း မျက်ရည်တွေ စီးကျလာ၏။

"ငါတောင်းပန်ပါတယ် ပြုံးမြရယ်"

စိန်ရောင်သန့်က မျက်နှာပျက်စွာ တောင်းပန်၏။





တစ်ချိန်လုံး မချိမဆန့် ခံစားခဲ့ရတော့လည်း သူ။

သည်ပြဿနာကို ရင်ဆိုင်ဖြေရှင်းရတော့လည်း သူ။

အပြစ်တင်ရန်တွေ့ခံရတော့လည်း သူ။

သူက သည်ကိစ္စမှာ အပြစ်ရှိသူလား။ တရားခံလား။ နှစ်ဘက်မိသားစုနှင့်အတူတူ သူလည်း ခံစားရတာပါပဲ။ ပြုံးမြက သူ့ကို တစ်ဖက်သတ်အပြစ်တင်သည်။

သူ ဘာပြောနိုင်မှာလဲ။ ဘာတတ်နိုင်မှာလဲ။ ခေါင်းငိုက်စိုက်နှင့် ကျန်ရစ်ခဲ့ရသည်။

ငါကရော ဒီလိုဖြစ်စေချင်မှာလား။

သည်လိုမဖြစ်စေချင်တဲ့အထဲမှာ ငါ နံပါတ်တစ်က ပါပါတယ်ဟာ။

ဖေဖေနဲ့မေမေ ပြီးတော့ ပြုံးမြ။

အဲဒီသုံးယောက်ကို သောကမပေးရက်လို့ ငါ တစ်ယောက်တည်း မျိုသိပ်ခဲ့တာ။

"သား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက စိန်ရောင်သန့်ကို ပခုံးလာဆုပ်သည်။

"သိပ်လည်း စိတ်ထိခိုက်မနေပါနဲ့၊ ဖြစ်ပြီးပြီပဲ၊ ဘာတတ်နိုင်တော့မှာလဲကွာ၊ စိတ်လျှော့လိုက်ပါ၊ ဖြိုးမြတို့မိသားစုကို နောက်နေ့သွားတောင်းပန်ရမှာပေါ့၊ မထတ်နိုင်ဘူးလေ"

ဖေဖေက သူ့ကိုလာပြီး အားပေးနှစ်သိမ့်၏။

"ဖေဖေလည်း စိတ်ဆင်းရဲမနေပါနဲ့"

"အေးပါကွာ"

သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်အားပေးကြသည်။

"သား ...မင်းမှားတယ်ကွ၊ ဖေဖေနဲ့ မေမေကို ကြိုအသိပေးပြောပြသင့်တာ"

"ဖေဖေတို့ ခံစားရမှာစိုးလို့ပါ၊ ပြီးတော့ သားပြောလိုက်လို့ ပိုဆိုးသွားမလားလို့လည်း တွေးမိတယ်"

"အင်းလေ ...သားက စေတနာအမှားပါ"

ဖေဖေက စိန်ရောင်သန့်စိတ်ကို နားလည်သည်။





ခွင့်လွှတ်ပေးနိုင်သည်။ ဖြိုးမြကသာ အကြီးအကျယ်ပေါက်ကွဲသွားခဲ့တာ။ ဖြိုးမြ မျက်ရည်တွေက သူ့ကို ပူလောင်ကြေကွဲစေသည်။

"ဖြိုးမြမေမေ ဘယ်နှယ့်နေလဲမသိဘူး"

"ဗျာ ...ဘာဖြစ်လို့လဲ ဖေဖေ"

"မူးလဲသွားတယ်ဆို"

"ဟုတ်လား"

စိန်ရောင်သန့် ခေါင်းကြီးသွား၏။ ဖြိုးမြတို့ကားရှိရာ ချက်ချင်းပြေးလိုက်လေ၏။ သူ အနားမရောက်ခင်ပဲ ကားက ဝူးခနဲမောင်းထွက်သွားတော့သည်။

အရှုံးရှုံးသည် သူ ကြိုတင်စိတ်ပူနေခဲ့သလိုပင် မလှမပဖြစ်ခဲ့ရလေသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ဝိုဝို · တာဝေ

www.burmeseclassic.com

www.burmeseclassic.com



စိန်ရောင်သန့်က အိမ်ပြန်ရောက်ရောက်ချင်း ပြုံးမြဆီ ဖုန်းခေါ်၏။ ပြုံးမြမေမေအကြောင်းလည်း သတင်းမေးရင်း ပြုံးမြကိုလည်း တောင်းပန်ဖို့ပါ။

စိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်တာပဲ မဟုတ်လား။ သူက ပြုံးမြကို ဖွင့်ဟမပြောခဲ့ပါ။

"ဟဲလို"

_ဖုန်းလာကိုင်သူက ပြုံးမြပါပဲ။

"ပြုံးမြလား …ဝါပါ အခုလာခဲ့ …"

ဖုန်းက ချက်ချင်းပဲ လိုင်းပြတ်တောက်သွား၏။ ပြုံးမြဘက်က ဖုန်းချလိုက်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခေါက် နောက်တစ်ခေါက် ဆက်ပေမယ့် ဖုန်းခေါ်၍ မရတော့ပါ။

စိန်ရောင်သန့် ဖုန်းချပြီး ပြုံးမြတို့အိမ်ဘက် ထွက်လာခဲ့၏။ စိတ်ရောလူပါ ပင်ပန်းမောဟိုက်နေပေမယ့် သူ မနားနိုင်သေးပါ။

အရာရာထက်ပိုပြီး ပြုံးမြ စိတ်ဆိုးမုန်းသွားမှာ ကြောက်မိသည်။ ပြုံးမြ စိတ်ကျေနပ်အောင် ဘာပဲလုပ်ပေးရ လုပ်ပေးရ။

ခြံဝင်းတံခါးသော့ ပိတ်ထားတော့ သူပိုပြီး မောသွား၏။ သူ့ကို တံခါးလာဖွင့်ပေးမလား။

ခြံဝင်းတံခါးဘေးရှိ ဘဲလ်ကို နှိပ်သောအခါ လေးငါးချက်နှိပ်မှ သူတို့အိမ်က ကောင်မလေး ထွက်လာ၏။ ပြုံးမြကို အရိပ်အယောင်ပင် မမြင်ရ။

"ဘယ်သူလာလာ မတွေ့ချင်ဘူးလို့ပြောထားတယ်ရှင့်၊ ဖွင့်ပေးလို့မရပါဘူး"

စိန်ရောင်သန့် နာကျင်စွာ ပြုံးမိသည်။





"ဟုတ်လား၊ အေး ...အေး ပြီးရော"

သူ့ ပြန်လှည့်လာခဲ့၏။

ငါ့ကို မုန်းသွားပြီလား ပြုံးမြ။

ခွင့်လွှတ်နားလည် မပေးနိုင်တော့ဘူးလား။

နင့်ကို သည်လိုဖြစ်ပါစေလို့ ငါ မရည်ရွယ်ပါဘူး ပြုံးမြရယ်။ တကယ်ပါ၊ နင်ယုံပါ။ အဲဒီလိုတွေ မဖြစ်ချင်လို့ ဖြစ်သွားမှာ စိုးရိမ်လွန်းလို့ ငါ ကြိတ်မှိတ်ခံစားခဲ့တာ ဒါကို နင် မသိဘူးလား။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





စိုးမိုး · တဝေ

www.burmeseclassic.com

www.burmeseclassic.com



"သမီး ...မောင်သန့်က တစ်ချိန်လုံး ဖုန်းဆက်နေတယ်၊ သမီးတွေ့ပြီး ပြတ်ပြတ်သားသား ပြောလိုက်ပေါ့"

မေမေက ပြုံးမြကို တိုက်တွန်းလာ၏။

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့ကိုကြည့်ရတာ မရွှင်မလန်းနှင့် နေသိပ်ကောင်းပုံမရ။ ကိုဦးကတော့ ဘာတစ်ခွန်းမှမဆိုဘဲ နှုတ်ဆိတ်ငြိမ်သက်နေခဲ့တာ ကြာပြီ။

လေးငါးရက်ကြာတော့မှ ကိုဦးက သူ ခရီးထွက်ချင်တာ ဖွင့်ဟတိုင်ပင်လာ၏။

"သွားချင်သွားပေါ့ သားရယ်၊ စိတ်ပြေလက်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာပေါ့၊ ညီမလေးပါ ခေါ်ချင်ခေါ်"

"သားတစ်ယောက်တည်းပဲ သွားမယ်"

"သားသဘော"

မေမေခွင့်ပြုတော့ ကိုဦးက ခရီးထွက်ဖို့ ပြင်ဆင်သည်။ ပြုံးမြကတော့ တိတ်ဆိတ်ခြောက်ကပ်ပြီး ဖရိုဖရဲဖြစ်ကျန်ရစ်သော ကိုယ့်အိမ်ကိုယ့်မိသားစုကိုကြည့်ကာ တဆစ်ဆစ်နာသည်။

မမခြယ်က လုပ်ရက်တယ်ပဲထား၊ မောင်သန့်က ပြုံးမြတို့ကို ကြိုတင်ကာကွယ်ပေးသင့်သည်။ မောင်သန့် အချိန်မီကယ်တင်ခဲ့လျှင် သည်လောက် ဆိုးဆိုးရွားရွားဖြစ်စရာမလို။ ရုပ်ပျက်ဆင်းပျက်နှင့် ပြန်မတွေးရဲလောက်စရာ အခြေအနေဆိုးတစ်ခု။

မုန်တိုင်းပြင်းပြင်း တိုက်ခတ်ခံရပြီး ပျက်စီးယိုယွင်းကျန်ရစ်ခဲ့သော နေရာတစ်ခုနှယ် ပြုံးမြတို့အိမ်၊ ပြုံးမြတို့မိသားစု ခံစားနေရသည်။





"မေမေတိုက်တွန်းလို့သာ သမီး သူနဲ့တွေ့ပြီး စကားပြောရမှာ၊ ဖြစ်နိုင်ရင် အားလုံးကို မေ့ထားလိုက်ချင်တယ်၊ သမီးတို့ အိမ်ပြောင်းရအောင်မေမေရယ်၊ သမီး သူတို့နဲ့ မတွေ့ချင်တော့ဘူး"

"သမီးဖေဖေ စိတ်စဉ်နေပြီပဲ"

မေမေက တဖြည်းဖြည်း အနည်ထိုင်ရင့်ကျက်ဖြေသာသာပေမယ့် ပြုံးမြက တစ်ရက်ထက်တစ်ရက် ပိုပြီး တစိမ့်စိမ့်ကြေကွဲလာသည်။

မောင်သန့်ကိုလည်း စိတ်ဆိုးသည်။

ခွင့်မလွှတ်နိုင်ပါ။

စစ်စစ်မှန်မှန် ခင်ခဲ့မိသော ကိုယ့်ခင်မင်မှု ခွေးခွေးကိုသူက စော်ကားသည်။

တစ်ခါမက နှစ်ခါမက မေးခဲ့ပါလျက် သူမဖြေခဲ့ပါ။ မမခြယ် စိတ်သဘောထားကို မောင်သန့် ကြိုတင်သိခဲ့ပါလျက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



“သမီးသဘောထားကို ရှင်းရှင်းပြောပြလိုက်ပေါ့”

မေမေကြောင့်သာ သူ့ကို ပြုံးမြ စကားပြောရမှာ

တစ်သက်လုံး မတွေ့ချင်တော့ဘူး။

အရှမ်းစိတ်နာခဲ့ရပြီ။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



ဝံ့နေဦးက ဖွဖွပြုံးသည်။ ဘယ်လိုစကားကို ပြောသင့်မှန်း မသိပါ။

"ကျွန်တော် စိတ်မကောင်းပါဘူး"

ပြုံးမြက သူ့စကားကို နာကျင်စွာပြုံး၏။

"အေးဗျာ …ကျွန်တော့် တကယ်မထင်မိဘူး"

ဝံ့နေဦးကလည်း အံ့အားသင့်နေသည်။

"ပြုံးမြ …ကိုစိန်ရောင်သန့်ကို မခေါ်တော့ဖူးလား"

"မခေါ်တော့တာမဟုတ်ပါဘူး၊ သူ့ကို သေခန်းဖြတ်လိုက်ပြီ၊ တော်ပြီ၊ အဲဒီအကြောင်းတွေ ပြန်မတွေးချင်တော့ဘူး၊ ကျွန်မတို့ တခြားအကြောင်းပြောကြရအောင်လား"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြ ခံနိုင်ရည်မရှိပါ။ အဲဒီအကြောင်း သတိရလျှင် ငိုချင်သည်။ မျက်ရည်က အလိုလိုလျှံလာသည်။

"အင်းလေ ...ထားလိုက်ပါတော့"

ဝံ့နေဦးက ပြုံးမြကို အင်းယားကန်ဘောင်ပေါ် ခေါ်သွားပြီး လမ်းလျှောက်စေသည်။ စွန်လွှတ်ခိုင်းသည်။

"အားလုံးမေ့ပစ်လိုက်တော့"

"အင်း"

ပြုံးမြစိတ်တွေ ပေါ့ပါးလန်းဆန်း ကြည်လင်လာသလိုပါ။

"ဟော ...ချိန်းထားရင်လွဲဦးမယ်"

ဝံ့နေဦးစကားကြောင့် ပြုံးမြ လှည့်မကြည့်ရဲပါ။ စိန်ရောင်သန့်ကို မတွေ့ချင်။ စကားလည်း မပြောချင်။

"ကိုစိန်ရောင်သန့် နေကောင်းတယ်နော်"

"ဪ ...ဟုတ်ကဲ့ ကောင်းပါတယ်"

ဝံ့နေဦးက ဟန်မပျက် နှုတ်ဆက်၏။





"ပြုံးမြ ...ခဏလောက် စကားပြောခွင့်ပေးပါ"

စိန်ရောင်သန့်က ခွင့်တောင်းသည်။

"မပြောချင်ဘူး၊ ငါတို့နှစ်ယောက်ကြားမှာ ဘာမှ ပြောစရာလည်း မရှိဘူး၊ ဘာမှပတ်သက်စရာလည်း မရှိတော့ဘူး၊ နင် ငါ့ဆီ ဖုန်းမဆက်ပါနဲ့"

ပြုံးမြက မျက်လွှာချပြီး စကားအဆက်မပြတ်ပြော၏။

"ပြုံးမြ ...ငါပြောတာ ခဏနားထောင်ပါ"

"နားမထောင်ချင်ဘူး"

"ပြုံးမြ"

စိန်ရောင်သန့်က မာဆတ်ဆတ် ခေါ်သည်။

"နင် ငါ့ကို ဒီလောက်ထိ ဆက်ဆံဖို့မလိုပါဘူးဟာ၊ ငါမှားခဲ့တယ်ပဲထားတော့ နင် ဒီလောက် မရင့်သီးသင့်ဘူး၊ ငါ တောင်းပန်ရှင်းပြတာကို နင် နားထောင်ကြည့်ပါဦး"

"တော်တော့ ...ငါ နားမထောင်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြက အော်ပစ်သည်။

စိန်ရောင်သန့်က အံကြိတ်လိုက်၏။

"ပြုံးမြ ...အေးအေးဆေးဆေး ပြောလိုက်လေ"

ဝံ့နေဦးက ကြားကနေ ဖြန်ဖြေပေးသည်။

သူများတကာတွေ သတိပြုကြည့်မိမှာလည်း မလိုလား။

ပြုံးမြက စိန်ရောင်သန့်ကို အေးစက်စွာ စိုက်ကြည့်ပြီးမှ နှုတ်ခမ်းတွေ တင်းတင်းစေ့လိုက်၏။

သူ့ကို မတွေ့ချင်။ စကားမပြောချင်။ သူ့ကိုမြင်ရတာရင်နာသည်။ အရမ်းခံစားရသည်။

"မနက်ဖြန်မှ အိမ်ကိုလာခဲ့"

ပြုံးမြက အရှင်းလင်းဆုံး အပြတ်သားဆုံး ပြောလိုက်၏။

"နင် ငါလာရင် ထွက်မတွေ့ဘဲ ရှောင်နေမှာလား"

စိန်ရောင်သန့်က မရဲတရဲမေးသည်။

❀





"ငါက ပြောပြီးသားစကား မပြင်တတ်ဘူး၊ ဘယ်သူ့ကိုမှလည်း အရှုံးမလုပ်ဘူး၊ ဘယ်မိသားစုကိုမှလည်း လိမ်လည် လှည့်ဖျားဒုက္ခမပေးတတ်ဘူး"

ပြုံးမြစကားတွေက စိန်ရောင်သန့်ကို အရိုက်ထိစေသည်။ ရင်ထဲမှာ အောင့်တက်သွား၏။

ပြောချင်သလိုသာ ပြောပါ ပြုံးမြရယ်။

ငါ ခေါင်းငုံ့ခံပါ့မယ်။

နင်ကျေနပ်မယ်ဆို ငါ သည်းခံခွင့်လွှတ်နိုင်ပါတယ်။ နင်ဘာပြောပြော ငါ ဇွဲမယူပါဘူး။

"ပြုံးမြ"

ဝံ့နေဦးက မျက်နှာပူအားနာလျက် ဟန့်တားသည်။

"ရပါတယ်၊ ပြောပါစေ၊ ဒီထက်မက ပြောလည်း ရသေးတယ်"

စိန်ရောင်သန့်မျက်နှာက နာကြည်းမှု ထင်ဟပ်နေ၏။

ဝံ့နေဦးက မနေသာဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေ မဟုတ်လား၊ ပြေပြေလည်လည် ပြောကြပါ၊ ပြုံးမြ အရမ်းဒေါသမကြီးနဲ့လေ"

ဝံ့နေဦးကို ပြုံးမြက ဆတ်ခနဲလှည့်ကြည့်ပြီး …

"နင်မသိပါဘူး"ဟု ဆို၏။

"ကောင်းပြီလေ၊ မနက်ဖြန်ဆိုလည်း မနက်ဖြန်ပေါ့၊ ငါလာခဲ့မယ်၊ နင့် ရှောင်မနေရင် ပြီးတာပဲ"

စိန်ရောင်သန့်က မျက်နှာပျက်စွာ လှည့်ထွက်သွားသည်။

"သူ …ပြုံးမြကို ဘာလုပ်ဖူးလို့လဲ၊ သူနဲ့မှ တိုက်ရိုက်မသက်ဆိုင်တာ၊ အပြစ်တင်ရမှာက သူ့အစ်မ"

ဝံ့နေဦးက အမှန်တိုင်း ဝင်ပြောသည်။

ရှင်မသိပါဘူးနော်။

ပြုံးမြစိတ်ထဲမှာ သူ့ကြောင့် ဘယ်လောက်နာကျင်ခံစားရတယ်ဆိုတာ။

တစ်သက်လုံး ခင်မင်လာခဲ့တဲ့ သူငယ်ချင်း။





တစ်ဘဝလုံးမှာ အယုံကြည်ရဆုံး လူတစ်ယောက်။

အဲဒီလူက ယုံကြည်မှုမဲ့အောင် လုပ်လိုက်တဲ့အခါ ပုံကျမတတ် ခံစားခဲ့ရသူက ပြုံးမြ။

မောင်သန့်ရယ် …နင်ဘာလို့ ငါ့အပေါ် ဒီလိုလုပ်ရက်တာလဲ။ ဘာလို့လဲ။

မမခြယ်နဲ့ ကိုဦးနဲ့ မင်္ဂလာပွဲ ပျက်သွားတာရော၊ ငါတို့မိသားစု နလိုမျိုးကြုံခဲ့ရတာရော၊ ငါ တဖြည်းဖြည်း ဖြေသာလာတယ်။ အနည်းထိုင်လာတယ်။ ဒါပေမယ့် နင်နဲ့ပတ်သက်လို့ ငါ ပိုပိုပြီး ပူလောင်နာကျင်လာမိတယ်။ ငါ ခွင့်လွှတ်လို့မရဘူး။

နားလည်ပေးလို့ မရဘူး။

စဉ်းစားလိုက်တိုင်း ဒေါသတွေပဲ ဆူဝေလာခဲ့တယ်။

နင် ငါ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ် မောင်သန့်ရယ်။ ငါကတော့ နင့်ကို ယုံထားလိုက်တာ အကြွင်းမဲ့။

××××



www.burmeseclassic.com

www.burmeseclassic.com



'စိန်ရောင်သန့်'က ပြုံးမြဆီမလာခင် ဖုန်းအရင်ခေါ်သည်။

"ငါလာခဲ့ရတော့မလား"

"လာခဲ့လေ၊ ရတယ်"

ပြုံးမြက တစ်ခွန်းပဲဖြေပြီး ဖုန်းချသွား၏။ စိန်ရောင်သန့်က နေးကွေးသောခြေလှမ်းများနှင့် ရောက်လာ၏။

အားလျော့သော အပြုံးတစ်ခုကို စိန်ရောင်သန့်က တစ်ယောက်တည်း ပြုံးသည်။

ပြုံးမြအသံကို နားထောင်ရတာ စိတ်ဆိုးမပြေနိုင်သေးတာ သိသာသည်။

ရိုးမိုး · စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာပဲပြောပြော နားလည်မှာမဟုတ်။ ခွင့်လွှတ်မှာမဟုတ်။ သူ့ကို တော်တော်ကလေးကို မကျေမနပ်ဖြစ်နေပုံပါ။ စိန်ရောင်သန့် သိသည်။

ပြုံးမြ စိတ်ဆိုးပြေဖို့လည်း မမျှော်လင့်တော့ပါ။ သူ့မှာ ပြင်းထန်သောဆန္ဒက တစ်ခုတည်း။

ပြုံးမြကို စိတ်ထဲရှိတာတွေ ရှင်းပြချင်သည်။

အခုလို အထင်လွဲမှားနေတာကို သူ ငြိမ်မနေချင်ပါ။ ပြုံးမြ ထင်သလိုမဟုတ်။ လုံးဝမဟုတ်ပါ။

သူက ပြုံးမြအပေါ် အမြဲငဲ့ညှာတတ်သူပါ။

သည်တစ်ခါတော့ ပြုံးမြ စိတ်ဆင်းရဲအောင်၊ မျက်ရည်ကျအောင် သူလုပ်မိသည်။ အဲဒါတော့ သူ မငြင်းနိုင်ပါ။ သို့ပေမယ့် သူ့မှာ အဲဒီလိုဖြစ်ပါစေတော့ဟု ရည်ရွယ်ချက်မရှိပါ။

××××









www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြက ညှော်ခန်းဆိုဖာမှာ သူ့ကိုထိုင်စောင့်နေ၏။ ပြုံးမြမျက်နှာက အေးတိအေးစက်။

ညုတ့က ပြေးလာပြီး သူ့ခြေအစုံကို နမ်းရှုံ့သည်။ ခု ညုတ့ကို ကောက်ယူချီလိုက်၏။

"ဟား ...မင်း ညစ်ပေနေပါလား၊ ဘယ်လိုဖြစ်တာ ဘဲ ရေချိုးမလား၊ ကြည့်စမ်း မဲသလူးနေပြီ"

စိန်ရောင်သန့်က ပြုံးမြရှေ့မှာ ဝင်ထိုင်သည်။

အေးစက်စက် မျက်လုံးအစုံနှင့် ဆုံမိသည်။

သည်အိမ် သည်ညှော်ခန်း သည်မိသားစု အထူးသဖြင့် ပြုံးမြဆိုသောသူငယ်ချင်း။ သူ အားလုံးကို အားနာသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူသည်။ သူတို့ကြောင့် အရှက်ရစရာကြုံခဲ့ရသည် ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရပါ ပြုံးမြရယ်။

မျက်လုံးချင်း ဆုံမိခိုက်မှာ သူ့စိတ်ထဲက တိုးတိုး လေး တောင်းပန်မိ၏။

"အင်း …မဆိုးဘူး၊ နင်က ခါတိုင်းလို ဟန်မပျက် လား၊ နင် လိပ်ပြာလုံတယ်နော်၊ ဒီကိုလာဖို့ နင်လိပ်ပြာသ တယ်နော်၊ အင်းလေ …ငါတို့က ခံလိုက်ရတဲ့သူဆိုတော့ နာနေမှာပေါ့"

"ပြုံးမြ"

ပြုံးမြ စကားနာထိုးတာက သူ့ကို အရှိုက်ထိစေ

"ငါ့ကိုမခနဲ့ပါနဲ့၊ ငါ ရှင်းပြတာကို နင်နားထောင်ပါ ငါသိနေပြီ၊ နင်နဲ့ငါ အရင်လို သူငယ်ချင်းတွေ မဖြစ်နိုင်ဘူး ဆိုတာ၊ နင် ငါ့ကို ခွင့်မလွှတ်နိုင်ဘူးမဟုတ်လား၊ အရမ်းစိတ် နာနေတယ်မဟုတ်လား၊ ရပါတယ်၊ ခွင့်မလွှတ်ပါနဲ့၊ စိတ် နေပါ၊ ဒါပေမယ့် ငါ့ဘက်က ရှင်းပြမယ့်စကားတစ်ခွန်း





တော့ နင် နားထောင်ပါ၊ ငါ တောင်းပန်ချင်တာ"

ပြုံးမြက မဲ့ပြုံး ပြုံးသည်။

"နင်က ငါ့ကို ဘယ်လိုထင်ထားလဲ၊ ငါက ဘာမဆို ခွင့်လွှတ်ပေးပြီး အလွယ်တကူစော်ကားလို့ရတဲ့ သူငယ်ချင်း လို့ ထင်နေတာလား၊ နင် အရမ်းလွန်တယ် မောင်သန့်"

စိန်ရောင်သန့်ကို ကြည့်နေသော ပြုံးမြမျက်လုံးတွေ ထဲ မျက်ရည်ကြည်တွေ ပြည့်လာ၏။

"နင်မငိုပါနဲ့ ပြုံးမြရယ်၊ ငါက နင့်မျက်ရည်တွေကို ကြောက်လို့ နင်ငိုမှာစိုးလို့ ဘာမှအသိမပေးဘဲ နေခဲ့တာပါဟာ၊ ဒါပေမယ့် အဲဒီလို ထင်ထားသလိုပဲ ဖြစ်လာခဲ့တယ်၊ ငါ မဖြစ်ချင်ဆုံးအရာ"

စိန်ရောင်သန့် အသံက ကြေကွဲလှိုက်ခါနေ၏။

"ငါပြောချင်တာတစ်ခုတည်း၊ မမခြယ်နေရာမှာ နင် ဖြစ်နေရင်လည်း ငါ အဲဒီလိုပဲ ရေငုံနှုတ်ပိတ်နေမိလိမ့်မယ်။ မျက်စိးသေးတဲ့အရာကို ငါက ပြန်ကောင်းလာနိုးနိုးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်နဲ့ ပြိုမကျခင်အထိ ငါစိတ်မလျှော့နိုင်ခဲ့ဘူး ဖြစ်စေချင်လွန်းတဲ့ဆန္ဒ ပြင်းထန်လွန်းလို့ပါဟာ။ နင် အဲဒါကို နားမလည်နိုင်ဘူးလား''

ပြုံးမြကြ သူ့စကားတွေကို ခပ်အေးအေးသာ နား ထောင်နေသည်။ ယုံကြည်လက်ခံချင်ပုံမရ။

''နင် ငါ့ကိုမယုံတော့ဘူးလား''

စိန်ရောင်သန့် ရင်ကွဲရပါပြီ။ ပြုံးမြ၏အမုန်းသည် သူ့နှလုံးသားကို ကွဲအက်စေပါသည်။

''ငါမှားသွားခဲ့ရင်လည်း အနူးအညွတ်တောင်းပန်ပါ တယ်၊ နင်နဲ့ ငါနဲ့ကြားမှာ ခုလိုဖြစ်နေတာကြီးကို ငါ မ[illegible] တတ်ဘူး''

သူ ကြိတ်မှိတ်ပြောချမိသည်။

တောင်းပန်ကြည့်မိသည်။

ခွင့်မလွှတ်နိုင်ဘူးဆိုတာ သိရက်နှင့် အောက်ကျို့မိ[illegible] ပြုံးမြနှင့် မခေါ်တော့မှဘဲ အရင်အချိန်တွေက သူ့ဘဝအတွက်





ဘယ်လောက်သာယာချမ်းမြေ့ ပြည့်စုံသလဲဆိုတာ သိလာ၏။

ပြုံးမြရှိနေခြင်းသည် သူ့ဘဝ၏ ပြီးပြည့်စုံသည့် အဓိပ္ပာယ်တစ်ခု။

သူ ဒါကို ဘွားခနဲ ရှင်းရှင်းလင်းလင်း သိခဲ့ပြီ။ သိလိုက်ချိန်မှာလည်း ဝှံနေဦးနှင့် ရင်းနှီးနေသော ပြုံးမြကို သူ စိတ်မချနိုင်တော့ပါ။ စိတ်ထဲမှာ ပူလောင်ပြီး မနာလိုဖြစ် လာ၏။ သူ့အတွက် ပြုံးမြ မရှိလို့မဖြစ်။

သို့ပေမယ့် သူနှင့်ပြုံးမြက ပြဿနာဖြစ်ထားသည်။ သူ့အပေါ် ခါးသီးပြတ်သားနိုင်တာ သူနားလည်လာသည်။ သူတို့မိသားစု၏အမှား။ မမခြယ်ကြောင့် သူ့နှလုံးသားကို စတေးပစ်ရတော့မှာလား။

သူက ရင်ကွဲခံပြီး ပြန်လည်ပေးဆပ်ရမှာလား။

အဲဒီလိုဆိုရင် ငါ့အတွက် တရားမျှတရဲ့လား ပြုံးမြ ရယ်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ဝိုးမိုး - ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြုံးမြ"

"ရှင်မေမေ"

"ညှော်ခန်းမှာ ညှော်သည်ရောက်နေတယ်"

"အင်း ...ဝံ့နေဦးမဟုတ်လား၊ ဖုန်းဆက်ထားတယ်၊ ခုပဲရောက်မယ်တဲ့"

မေမေက ပြုံးမြကို အကဲခတ်သလိုကြည့်ပြီး ရိုက်ကွတ်ကာ (ထမင်းပေါင်းအိုး)ကို ခလုတ်သွားဖွင့်ပြီးမှ အနားမှာ လာထိုင်၏။

ပြုံးမြက ရေပင်မချိုးရသေးပါ။ ရေမချိုးသေးခင် အရင်ဦးဆုံး ခြေသည်းလေးတွေ သန့်ရှင်းရေးလုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတိုးတိုးကလေး ညည်းမပျက်။

"ဟို သူငယ်လေး အကြာကြီးစောင့်နေရဦးမယ်"

မေမေက အားနာစကားဆို၏။

"ရပါတယ် မေမေရဲ့၊ ဖတ်စရာစာအုပ်တွေ ပေးထားလိုက်ပေါ့၊ ခဏလေးပါ"

ပြုံးမြက ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေး ပြန်ပြော၏။

"သမီးကို ကြည့်ရတာ ဒီသူငယ်လေးနဲ့ ပတ်သက်ရင် သွေးအေးလွန်းသလားလို့ကွယ်"

"အဟင်း"

ပြုံးမြက ဖွဖွရယ်သည်။

"ဒီသူငယ်လေးက သမီးကို ဖွင့်ပြောပြီးပြီလား"

"ဟင့်အင်း"

မေမေကသာ သီချင်စိတ်ကဲနေတာ ပြုံးမြက စိတ်ပါလက်ပါမရှိ။





"သမီး …မောင်သန့်နဲ့ ပတ်သက်ပြီး စိတ်ထိခိုက်နေသလားဟင်၊ မေမေ့ကို အမှန်အတိုင်းဖြေပါ"

ပြုံးမြက မေမေ့ကို ဆတ်ခနဲ မော့်ကြည့်၏။

"ဘာဖြစ်လို့လဲ မေမေ"

"မေမေ သိချင်လို့ပေါ့"

"ဟင်း"

ညာလည်းမညာချင်ပါ။ မောင်သန့်နှင့် မခေါ်မပြောဘဲနေရတာ တော်တော်လစ်ဟာပြီး တော်တော်ငြီးငွေ့ ကြေကွဲရသည်။

"သမီးတို့က ငယ်သူငယ်ချင်းတွေပါ မေမေ"

"အင်း"

"သူ့ သမီးအပေါ် မကောင်းဘူး၊ သူ့ကို သမီး စိတ်နာမိတာအမှန်ပဲ၊ မခေါ်လည်း မခေါ်ချင်ဘူး"

"ခေါ်လို့လည်း မသင့်တော်တော့ဘူး"

မေမေ့စကားက ပြုံးမြရင်ကို ထိတ်ခနဲ လန့်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးသိပါတယ် မေမေ၊ ပြန်မခေါ်တော့ပါဘူး"

"မောင်သန့်က စိတ်ထားကောင်းပါတယ်၊ ဒါပေမယ့် သူ့တို့မိသားစုနဲ့ မေမေတို့မိသားစုက"

ပြုံးမြ ပင့်သက်ရှိုက်သည်။ အစအဆုံး သိထားပြီး သားပဲမဟုတ်လား။ မေမေ ပြန်ပြောပြဖို့မလို။

"တစ်ခုတော့ရှိတာပေါ့ သမီးရယ်"

"ဘာများလဲ မေမေ"

"သားကြီးကြောင့်၊ မေမေတို့ လူကြီးမိဘတွေကြောင့် သမီးတို့ငယ်သံယောဇဉ် ပျက်ပြယ်သွားရတာတော့ မကောင်းဖူးပေါ့ကွယ်၊ သမီးအတွက် မောင်သန့်လို ငယ်ပေါင်းကြီးဖော် တစ်ယောက် ဆုံးရှုံးရတာ နမြောစရာပေါ့"

"ရှိပါစေ မေမေရယ်"

"သမီးလေး အသည်းကွဲရတယ်ဆိုရင်တော့"

"သမီးတို့က ရိုးရိုးသားသားခင်ကြတာပါ မေမေ"

ပြုံးမြ အလျင်စလို ဖြေရှင်းမိပါသည်။





ရိုးရိုးသားသားခင်တာထက် မကတာ …

သူငယ်ချင်းထက်ပိုနေတဲ့ ပြုံးမြစိတ် …

အဲဒါတွေ ပြုံးမြကိုယ်တိုင် ခုမှတဖြည်းဖြည်း သိလာခဲ့ရတာ။ တုန်လှုပ်ချောက်ချားစွာ လက်ခံခဲ့ရတာ။

"တကယ်ပဲ ရိုးရိုးသားသားဆိုရင်တော့ တော်သေးတာပေါ့ သမီးရယ်၊ မေမေက သမီးလေးစိတ်ထိခိုက်မှာ စိုးတာပါ၊ မောင်သန့်က သမီးအပေါ်မဆိုးပါဘူး"

မေမေရယ် …

သူ့သမီးအပေါ် ဆိုးပါတယ်။

သူငယ်ချင်းတစ်ယောက်လောက်တောင် မကောင်းဘူး။

"ဒါပေမယ့် ဒီမိသားစုနှစ်ခု ဘယ်လိုလုပ်ပြီး ခင်မင်ဆက်သက်မလဲ၊ မဖြစ်နိုင်တော့ဘူး"

ပြုံးမြက နှုတ်ဆိတ်ငြိမ်သက်နေသည်။

မေမေက ပြုံးမြကို ကရုဏာနှင့်ကြည့်ပြီး ဆံပင်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖွဖွလာသပ်ပေး၏။

မေမေ့ရင်ခွင်မှာ ခေါင်းတိုးကာ စိတ်ကိုဖြေလျှော့လိုက်၏။ မွန်းကြပ်နေသမျှ ပြေပါစေတော့။

"ဝမ်းနည်းမနေပါနဲ့ သမီးရယ်၊ မောင်သန့်လို သူငယ်ချင်းမျိုး နောက်ထပ်လည်း ရနိုင်ပါသေးတယ်"

ပြုံးမြမေမေမို့ ပြုံးမြစိတ်ကို နည်းနည်းတော့ နားလည်နေမှာ အမှန်။

သမီးအတွက်တော့ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုတစ်ရပ်ပါပဲ မေမေရယ်။

ပြီးတော့ လုံးဝမျှော်လင့်မထားခဲ့မိတဲ့ ဖြစ်ရပ်။

အရင်လို ဘယ်တော့မှ ပြန်ဖြစ်မလာနိုင်တော့ဘူးနော်ငါတို့ ခင်မင်မှု ဒီလိုနဲ့ နိဂုံးချုပ်အဆုံးသတ်ရတော့မှာလား။

မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လာ၏။

နှစ်ယောက်စလုံး ဆန္ဒမရှိဘဲ အမုန်းပြေးလမ်းတစ်ခုပေါ် ရောက်ခဲ့ကြပြီနော်။

× × × ×









www.burmeseclassic.com

www.burmeseclassic.com



"ပြုံးမြနဲ့ ပြောချင်လို့ပါခင်ဗျာ"

မွန်ရည်အေးဆေးသော စကားသံကြောင့် ပြုံးမြမေမေ

ဟာ မျက်ခုံးတွန့်ကာ စဉ်းစားရင်း ...

"ဘယ်သူများလဲကွယ်"

"ကျွန်တော် ဝံ့နေဦးပါခင်ဗျာ"

"သြော် ...သိပြီ၊ အေးကွယ် အသံက ရုတ်တရက်

မမှတ်မိလို့ပါ၊ သမီးကို ခေါ်ပေးမယ်နော်"

ခုတလော ပြုံးမြက တယ်လီဖုန်းလည်း သိပ်မပြော။

စိတ်အနှောင့်အယှက်ဖြစ်စွာနှင့် မောင်သန့်ကိုလည်း

ရှောင်နေသည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူမအနေနှင့်ကတော့ သမီးကို ပျော်စေချင်တာပဲ။

သားမင်္ဂလာပွဲပျက်သွားပေမယ့် သမီးကိစ္စကိုတော့ စိတ်ချမ်းသာချင်ပါသေးသည်။

"ပြုံးမြရေ ...သမီး"

ပြုံးမြ ထွက်လာတာနှင့် အတော်ပင်။

"ဘယ်သူလဲ မေမေ"

"ဝိုနေဦး"

ပြုံးမြက မေမေ့လက်ထဲက ကော့လက်စ်လေးကို လှမ်းယူလိုက်ပါသည်။ ပြီးတော့ ဝရန်တာဖက် လျှောက်လာခဲ့သည်။

"ပြုံးမြပါ"

"နေကောင်းလား"

"အင်း"

"အသံက တစ်မျိုးဖြစ်နေသလားလို့"

"ဒီလိုပါပဲ"





"စိတ်ညစ်နေရင် ကော်ဖီသောက်ရတာယ်တဲ့"

"မကြားဖူးပါလား"

"ဟုတ်မဟုတ် စမ်းကြည့်ပါလား၊ ကျွန်တော် လာခေါ်မယ်လေ၊ လာရမလား"

သူ့အသံက ခါတိုင်းလိုပင် တက်ကြွသွက်လက်နေသည်။ စိတ်ပင်ပန်းမှုတွေက သူ့စကားသံကြောင့် ပြေပျောက်သွားရသလို ထင်မိသည်။

သူသည် တော်တော်နားလည် အလိုက်သိတတ်ပါသည်။

ကိုဦးတို့ မင်္ဂလာပွဲကိစ္စ နှောက်ထပ် စကားမစ။ အခြေအနေကိုလည်း မမေး။

"ဘယ်လိုလဲ ကျွန်တော်လာခဲ့မယ်ဗျာ၊ နော်"

"လာခဲ့လေ"

"ပြုံးမြ အလှပြင်ထားမှာလား"

"ဘာကြောင့်ပြင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်အတူတူသွားဖို့အတွက်"

"မပြင်ပါဘူး"

"ကောင်းတယ်၊ လှလှလေးဝတ်နော်၊ ဟိုတစ်ခါဝတ်တဲ့ အဝါဖျော့တွင့်စ်လေးနဲ့ လိုက်တယ်"

"အမယ်"

"တကယ်ပါ၊ မျက်စိထဲ စွဲနေတယ်"

"အပိုတွေလျှောက်မပြောနဲ့"

မောင်သန့်ဆို ပြုံးမြ ဘာဝတ်သလဲ သိပ်စိတ်မဝင်စား။ ဝံ့နေဦးကတော့ အသေးစိတ်မှတ်မိနေသည်။

ဒါဟာ အမှတ်ပေးစရာလား။

ဂရုစိုက်တတ်တာ အရည်အချင်းတစ်ခုလား။

"ဘယ်ဝတ်စုံလေးတွေနဲ့ ပိုလှသလဲ၊ ကျွန်တော် ပြောပြရမလား၊ မယုံဘူးလား၊ မျက်စိထဲစွဲတယ်ဆိုတာ"

"တော်ပါနော်"

"ကျွန်တော် ဖုန်းဆက်တာ ကြိုက်လား"





"ဟင် ...ဘယ်လိုမေးခွန်းကြီးလဲ"

"ပြုံးမြအသံကြားရရင် စိတ်ချမ်းသာလို့ပါ၊ ကျွန်တော့်အသံကြားရရင်ရော ပျော်သလား သိချင်လို့"

"စိတ်ညစ်နေပါတယ်ဆိုမှ"

"အဲဒါကြောင့် အပြင်သွားမယ် ပြောတာ"

"ကောင်းပြီလေ၊ ပြုံးမြ စောင့်နေမယ်"

"ဟား ...ဒီလိုမှပေါ့"

ဝံ့နေဦးက ကျေနပ်ရွှင်ပျသွားသည်။

အေးတိအေးစက်ဆိုမဖြစ်။ သူက မိန်းကလေးဆိုသွက်လက်မြူးတူးနေမှ သဘောကျတာ။

သူကိုယ်တိုင်လည်း လှုပ်ရှားမှုတွေ မြန်ဆန်သွားရသည်။

အဝတ်အစားလဲ၊ ခါးပတ်ဝတ်၊ ဆံပင်တွေ ဂျယ်နှင့်နည်းနည်းထောင်အောင်ဖြီး၊ ရေမွှေးဆွတ်၊ ပိုက်ဆံအိတ်ပြားလေးယူ။ ကားသော့ဖြုတ်၊ ရှူးဖိနပ်စီး၊ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြေးလွှားလွှား အသင့်ပြင်လိုက်။ ပြီးတော့ ကားပေါ် တက်၊ ဝေါခနဲ အတင်းထွက်မလိုပြင်ပြီးမှ အရေးကြီးတာကျန် နေတာတစ်ခု သတိရလို့ တိုက်ထဲပြန်ဝင်ပြေးကာ သွားယူလိုက် ပါသည်။

ဟား …မေ့လို့မဖြစ်ပါဘူးဆိုမှကွာ။

ကား ဒက်ရှ်ဘုတ်ပေါ် အသာလေးလှမ်းတင်ရင်း သူ ပြုံးမိသည်။

ဒီပန်းစည်းလှလှလေးကို မြင်လိုက်ရင် ပြုံးမြမျက်နှာ ပြုံးသွားမလား။

မိန်းကလေးဆိုတော့ ပန်းကြိုက်မှာပဲလေ။

ကျေနပ်သွားမယ် ထင်တာပဲ။ ဝုံနေဦးက ထိုသို့ အသေးစိတ်ကလေးတွေ ဂရုစိုက်တတ်သည်။

ခြံထဲမှာ ကားရပ်တယ်ဆို ပြုံးမြက ထွက်ကြိုသည်။

ရေချိုးပြီးစ ဆံပင်စင်းစင်း ဖြောင့်ဖြောင့်တို့နှင့် မျက်နှာမှာ သနပ်ခါးပါးပါးနှင့် ပန်းဖျော့ရောင်နုတ်ခမ်းဆိုးဆေး





လေးနှင့် ကြည့်ရတာ ချစ်စရာ။

ကော်လံအဝိုင်းမှာ ပန်းထိုးထားသော ဂျင်းဂါဝန်အပြာ ဖျော့လေးကလည်း သူမကို ပိုမိုနုနယ်ပျိုမျစ်သွားစေသလို နားမှာ တလှုပ်လှုပ်နှင့် ပန်ထားတဲ့ ဖဲပြားပုံ ရွှေနားဆွဲလေး ကလည်း အသွင်းယားစရာ။

နီးကပ်လာတဲ့အခါ မျက်လုံးက အိုင်းလိုင်နာနှင့် မက်ကာရာ ပန်းလိမ္မော်လေးကိုပါ အသေးစိတ်တွေ့ရသည်။

"ဘာကြည့်နေတာလဲ"

"ပြုံးမြ အရမ်းလှလို့ပါ"

"သိပါတယ်၊ ကော်ဖီက ကျွန်မတိုက်မှာပါနော်"

"မြှောက်ပြောတာ မဟုတ်ဘူး၊ ဒီမှာ အသက်ရှူ မှားနေတာ"

ပြုံးမြ မျက်စောင်းရှယ်မိလျှင် …

"မျက်စောင်းမထိုးနဲ့ဦး၊ အသက်ရှူမှားတာက သီချင်း စာသားပါလို့ ပြောမလို့"

၁



www.burmeseclassic.com

www.burmeseclassic.com



"သွား"

"အခုမှရောက်တာ ပြန်နိုင်းမလို့လား"

"နောက်တီးနောက်တောက်နဲ့"

"ပြုံးမြကို ပျော်စေချင်လို့ပါ၊ ရော့ ...ပြုံးမြ အတွက်"

ဝံ့နေဦးက ကားထဲက ပန်းစည်းလှလှကို လှမ်းယူပေးလိုက်သည်။

အဝါရောင် နှင်းဆီပန်းစည်းလေးက အနားတွန့်ပလပ်စတစ်ကြည်ကြည်နှင့် လှလှပပစည်းနှောင်လျက် ...

"သင့်ခ်ယူပဲ ...လှလိုက်တာနော်"

"ကျွန်တော့်အထင်တော့ နဂိုက မထင်ပေါ်ဘူး၊ ပြုံးမြလက်ထဲရောက်မှ ဘယ်လိုဘယ်လို လှသွားတာလဲမသိဘူးဗျ၊ တကယ်ပါ"

"အိမ်ထဲဝင်ဦးလေ"

"ဆိုင်သွားထိုင်မယ်လေဗျာ"





"အင်းပါ"

"ဒေါ်လေးကို ပြောထားပြီးသားလား"

ပြုံးမြ ခေါင်းညိတ်တာမှို့ သူက သူ့နံဘေးက တံခါးကိုဖွင့်ရင်း ...

"ဒါဆိုတက်လေ"

မောင်သန့် ဟိုဘက်ကနေ မသိမသာ လှမ်းကြည့်နေတာ သိပေမယ့် ပြုံးမြက မသိသလိုပဲ ကားပေါ်တက်လိုက်သည်။

အသားရောင် စတိုင်ဘောင်းဘီ၊ ကိုယ်ကျပ်အင်္ကျီအဝါဖျော့ဖျော့ကို ဘောင်းဘီထဲထည့်ကာ သပ်သပ်ရပ်ရပ် ခါးပတ် ပတ်ထားပုံရော၊ ဆံပင်ပုံသွင်းပြီး သထားပုံရောဟာ ကောင်မလေးအိမ်လာလို့ တကူးတက လုပ်ထားရတဲ့ပုံ။ ပန်းစည်းတွေ ဘာတွေနဲ့လည်း မျက်နှာလုပ်တယ်ဆိုတော့ ဝံ့နေဦး အခြေအနေ တိုးတက်လာပြီဆိုတာ သိသာနေသည်။

ပြုံးမြ ဒီကောင့်ကိုများ ပြန်ကြိုက်နေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်က ကြည့်မရစွာ မျက်မှောင်ကုတ်အကြည့်လွှဲမိပေမယ့် ပြုံးမြကိုကျတော့ ကြည့်နေချင်သေးသည်။

ကားထဲက ဝံ့နေဦးနံဘေးမှာ မတ်မတ်ကြော့ကြော့လေး ထိုင်နေပုံက သူ့ကို စိန်ခေါ်လိုက်တဲ့ မျက်နှာထားလေး။

ဒီလောက် နှစ်တွေရှည်ကြာလာတဲ့ သံယောဇဉ်ကို လွယ်လွယ်ဖြတ်နိုင်သလား ပြုံးမြရယ် ...။

မိသားစုချင်း၊ မပြေလည်မှုတစ်ခုနဲ့ ငါ့ကို အပြီးသတ်မုန်းလိုက်တော့မှာလား။

ထွက်သွားသော ကားလေးကို ရှိုးကြည့်ရင်း မောင်သန့်ရင်ထဲ အောင့်သက်နာကျင်မိသည်။

တကယ်ဆို ပြုံးမြဘေးမှာ သူပဲရှိနေရမှာပါ။

ကိုယ့်အပြစ်မဟုတ်တဲ့ အခြေအနေတစ်ရပ်ဟာ အလိုလိုနေရင်း ကိုယ့်ကိုလာထိခိုက်တာ။

မမခြယ်။

မမရဲ့အပြုအမူတစ်ခုဟာ တခြားမိသားစုဝင်တွေရဲ့





ဂုဏ်သိက္ခာနဲ့ လူမှုရေးကို ထိခိုက်စေတာ တွေးမိရဲ့လား။

သူသဘော သူ့ဆန္ဒကိုသာ ဦးစားပေးသွားတဲ့ မမခြယ်ကတော့ ဒီဘက်ကအကြောင်းတွေ ပြန်လှည့်တွေးနေမှာ မဟုတ်တော့ပါ။

သူမှာသာ ပြုံးမြရဲ့ ခါးသီးနာကြည်းမှုတွေကို စိတ်မသက်မသာနှင့် လက်သင့်ခံနေရတာပါ။

မောင်သန့် သက်ပြင်းချမိသည်။

ထိုအချိန်မှာ ဝံ့နေဦးရဲ့ ကားထဲမှာတော့ ကက်ဆက်သံလေး ငြိမ့်ညောင်းစွာဖြင့် သာယာအေးချမ်းနေပါသည်။

"ပြုံးမြ ဘာသီချင်းကြိုက်လဲ"

"နားထောင်လိုက်တာပါပဲ၊ အရမ်းကြီးကြိုက်မှုလည်း မဟုတ်ပါဘူး"

လူတွေပြောပြော မကောင်းဘူးလို့ ...

ချစ်မှာပဲ ×××

ငါက မင်းအတွက်အမြဲရှေ့က ...



www.burmeseclassic.com

www.burmeseclassic.com



ချစ်မှာပဲ ×××

နင်လေ လုံးဝဂရုမစိုက်လည်း ....

ချစ်မှာပဲ ×××

ဘယ်လိုမှ ထုတ်မရလို့ ချစ်မှာပဲ ××××

သီချင်းသံလေးက ဖွတ်တရွတ်ဆန်၏။

"ကျွန်တော်ကတော့ အလွမ်းသီချင်း မကြိုက်ဘူး"

"ရှင့်ဘဝမှာ မလွမ်းဖူးဘူးလို့ ဖြစ်မှာပေါ့"

"ပြုံးမြရော လွမ်းဖူးလား"

"ဟင့်အင်း"

ပြုံးမြက ခေါင်းယမ်းသည်။

လူတစ်ယောက်ကို အတိအလင်းကြီး မချစ်ခဲ့ဘူးလို့ လွမ်းလည်း မလွမ်းဖူးပါဘူး။

ဒါပေမယ့် တစ်စုံတစ်ယောက်ကို နာကျင်ဝမ်းနည်းစွာနဲ့ သတိတော့ရမိပါတယ်။

"အခုနေ ကောင်လေးတစ်ယောက်က ချစ်ရေးဆို





လိုက်မယ်ဆိုရင်ကော"

"ရှင်"

"မျှော်လင့်ချက် ရှိမှာလား"

"ပြုံးမြ မပြောတတ်ဘူး"

"ကြိုစဉ်းစားထားဖို့ ပြောထားတယ်လေ"

"အဲဒါမျိုးက ကြိုစဉ်းစားဖို့ မလွယ်ဘူး ဝံ့နေဦးရဲ့"

"ဒါဆို ပြောပြီးရင် ချက်ချင်းအဖြေပေးမလား"

"အို ..လောဘကြီးလိုက်တာ"

"စိတ်ပူတတ်လို့ပါ၊ စိတ်ချချင်လို့ပါ"

သူက ကားမောင်းရင်း ပြုံးစစဆိုသည်။

"ပြုံးမြက သီချင်းကိုတော့ သိပ်အကြိုက်မရွေးဘူးဆို၊ ဒါဆိုရင် လူကိုရော သိပ်အကြိုက်ရွေးမှာလား"

"သီချင်းတစ်ပုဒ်ကို နားထောင်ရတာနဲ့၊ ဘဝအဖော်ကို ရွေးရတာဟာ ဘယ်လိုလုပ်ပြီး တူပါ့မလဲ၊ သီချင်းကို အဆင်ပြေသလို နားထောင်လိုက်ပေမယ့် အဆင်ပြေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ကို ချစ်လိုက်မှာပဲလို့တော့ ပုံသေယူဆလို့ မရဘူး"

"ပြုံးမြ စိတ်ဆိုးတာလား၊ ဆောရီး"

"စိတ်မဆိုးပါဘူး၊ ရပါတယ်၊ ဝံ့နေဦး အမြင်မရှင်း မှာစိုးလို့ပါ"

"ကျွန်တော် ရက်ကောင်းရက်မြတ်ရွေးလာတာ၊ အဟား ..."

သူက ရှက်ရယ်ရယ်သည်။

ကော်ဖီဆိုင်ရောက်တော့ ပြုံးမြစိတ်တွေလည်း ပြန်လည် လန်းဆန်းလာရသည်။

အိမ်မှာဆိုရင် မောင်သန့်အကြောင်းပဲ တွေးပြီး မချင့်မရဲ စိတ်အနှောင့်အယှက် ဖြစ်နေမိဦးမှာ မဟုတ်လား။

"မျက်နှာလေး ပြန်ကြည်လာပြီ၊ ပြုံးမြက ပြုံးနေရင် သိပ်လှတယ်၊ အဲလိုပြုံးနေတာကိုပဲ မြင်ချင်တယ်"

"ရှင် ခုနဖြတ်လျှောက်သွားတဲ့ စကဒ်တိုတိုကောင်မ





လေးကို လိုက်ကြည့်နေတာ ရယ်ချင်လို့"

"ဟာ ...မဟုတ်ပါဘူး"

ဝံ့နေဦးက မြန်မြန်ငြင်းသည်။

"ဟုတ်ပါတယ် ...ကောင်မလေးခြေထောက်က အရမ်းလှတော့ ပြုံးမြတောင် ကြည့်မိသေးတာ"

"ကျွန်တော် မကြည့်ပါဘူး"

"ရှင်ညာတာပဲ"

"ဟာ ...ပြဿနာပဲ"

"ပြဿနာမဟုတ်ပါဘူး၊ ကြည့်မိရင် ကြည့်မိတယ်ပေါ့၊ ဘာဖြစ်လဲ"

"ကျွန်တော်ကြည့်ချင်တဲ့သူက ကျွန်တော့်ရှေ့မှာပဲ၊ တခြားကောင်မလေးမှ ကြည့်စရာမလိုတာဗျာ"

"ဩော် ...ဖွတ်ငြင်းနေတယ်၊ ထားပါတော့"

"ကျွန်တော်ချစ်နေတာ မယုံဘူးလား"

"ချစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်ဗျာ ...မျက်နှာချင်းဆိုင်ပဲ ပြောလိုက်တော့မယ်၊ စိတ်ဝင်စားနေတယ်၊ ပြုံးမြရဲ့ချစ်သူ ဖြစ်ချင်တယ်”

ဒီလိုကြားလိုက်ရတော့လည်း မျက်နှာပူသလိုလိုမို့ အကြည့်လွှဲမိသည်။

“ပြုံးမြ”

“ရှင်”

“ကျွန်တော့်ကို ကြည့်လေဗျာ”

“မကြည့်ပါဘူး”

“ရှက်လို့လား”

ဝံ့နေဦးကလည်း သူပြောပြီးမှ သူ့ဘာသာရယ်နေသည်။

“ပြုံးမြ”

“ရှင်”

“ကျွန်တော်ပြောမလို့”





“ဘာလဲ”

“ချစ်တယ်လို့”

“ဟင်း ...ပေါ့ရွှတ်ရွှတ်နဲ့”

“ပြုံးမြ ကြိုတင်သိနေမှာပဲဗျ၊ နော်”

“အမယ်”

“သိမှာပါ၊ မိန်းကလေးတွေက ကြိုတင်အကွက်မြင်တတ်တာပဲ”

“ဘာအကွက်လဲ”

“ကျားကွက်”

“အဟင်း ...ရှင်တော်တော်ပြောင်တတ်တယ်၊ ညည်းစားစကား ပြောတာတောင် ပြောင်ချော်ချော်နဲ့”

“ပျော်နေလို့ပါ ပြုံးမြရယ်”

ရယ်ကျဲကျဲမျက်နှာလေးက ခင်မင်စရာပါ။ ပြုံးမြစိတ်တွေပင် တင်းကျပ်မနေဘဲ လွတ်လပ်ပေါ့ပါးသွားရသည်။

“ချစ်သူတွေဖြစ်ကြည့်ရင် မကောင်းဘူးလား”

“ချစ်သူပဲ ဖြစ်ကြည့်ရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မနေ့ကပဲ သူငယ်ချင်းတစ်ယောက်
မေးကြည့်တယ်၊ မင်း ပရိုပို့စ်လုပ်တာ ဖုန်းထဲကလား
သူက ဟုတ်တယ်တဲ့၊ သူပြောပြီးတာနဲ့ ကောင်မလေး
အဖြေတစ်ခါတည်းပေးတာပဲတဲ့။ အဲဒါနဲ့ ကျွန်တော်
အားတက်သွားတယ်၊ ပြုံးမြလည်း အဲဒီကောင်မလေး
ချက်ချင်းအဖြေပေးရင် ကောင်းမှာပဲဗျနော်"

"မကောင်းပါဘူး"

"ကောင်းပါတယ်"

"စိတ်ထဲရှိတဲ့အတိုင်းပြောရတာပဲ၊ ဘာဖြစ်လဲ"

"စိတ်ထဲမှာ ဘာမှမရှိသေးဘူး"

"ကျွန်တော့်ကို တွေ့တုန်းက ချောတဲ့ကောင်လေး
မထင်လိုက်ဘူးလား"

"ဟွန်း ...မထင်ပါဘူး"

"ဖုန်းဆက်တော့ကော ပျော်မသွားဘူးလား"

"ဟင့်အင်း"

"ကျွန်တော့်ကိုလည်းမြင်ရော ပြုံးမြ ရင်ခုန်



ယ်"

"ရှင်ပဲပြော"

"ပန်းစည်းလေးလည်း လက်ဆောင်ပေးတော့
သဘောကျသွားရော"

"ကြည့်စမ်း"

ပြုံးမြ နှုတ်ခမ်းကိုက်ကာ ခပ်ကြိမ်းကြိမ်း ကြည့်မိ
သည်။

"အခု ကျွန်တော်လည်း ချစ်တယ်လို့ပြောရော ပြုံးမြ
ကျက်သွားတယ်၊ ပြီးတော့ ငါထင်တဲ့အတိုင်းပါပဲလားလို့ တွေးမိ
သွားတယ်၊ ကျွန်တော် ဗေဒင်တွက်တာ ဘယ်လိုလဲ မှန်ရဲ့
လား"

"ဟွန်း ...သူ့ကိုယ်သူ တော်တော်အထင်ကြီးတယ်"

"ရှင်မာနတက်ရင် မှားမှာပေါ့လို့ ပြောမလို့လား၊
ကျွန်တော် မာနမတက်ရဲပါဘူးဗျ၊ ယောကျ်ားလေးဆိုတာ
ည်းစားစကားပြောရတဲ့အချိန် အရှုံးဗျ၊ မျက်နှာအငယ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပဲ''

''ဒါလား မျက်နှာငယ်တဲ့ရုပ်ကြီး''

''ဟို စိန်ပန်းရွက်လောက်ပဲရှိတယ် မဟုတ်လား''

သူက စိန်ပန်းပင် လက်ညှိုးညွှန်သေး၏။

''လွယ်လွယ်လေး ပြောနေတယ်''

''ချစ်တာပဲဗျာ ...သိပ်ခက်မှာတော့ မဟုတ်ပါဘူး''

''သွားပြောကြည့်လေ ...တခြားကောင်မလေးတွေ''

''ကျွန်တော်က ဒီကောင်မလေးကိုမှ ဟက်ထိတာ ကိုး''

''ဘယ်လိုယုံရမလဲ''

''အဲဒါ ချစ်ကြည့်မှသိမှာပေါ့''

''ပြုံးမြ အဲလို အပျော်သဘောနဲ့ ပေါ့ပေါ့ဆဆ မချစ်ရဲဘူး''

''ဒါဆို ဘယ်လိုချစ်မလဲ''

''တစ်ဘဝလုံးအတွက် အားကိုးယုံကြည်မှု''





''ကျွန်တော့်ရဲ့ပုံစံကြည့်ရတာ အားကိုးလောက်စရာ မဟုတ်လား၊ ယောကျ်ားပီပီသသနဲ့ ကြင်နာစိတ်လည်း ရှိတယ် ဆိုတော့''

ပြုံးမြ ရယ်မိတော့သည်။

သူက ကိုယ်ကိုမတ်၊ ကော်လံကို ထောင်လိုက်သေးတာ။ ပုံက မှင်သေသေး။

''ဘယ်လိုလဲ''

''ရန်ဖြစ်ချင်နေတဲ့ ကြွက်ကလေးနဲ့တူတယ်''

''ဟာဗျာ''

''နားရွက်က ကားကားနဲ့ဆိုတော့''

''ဒီနားရွက်အနေတော်ပဲ၊ ကြည့်ကောင်းပါတယ်''

''ဘယ်သူပြောလဲ''

''အမေပြောတယ်၊ သားပုံစံက မိန်းကလေးတွေ ဝိုင်းကြိုက်မယ့်ပုံတဲ့၊ အပြင်တွေဘာတွေသွားရင် သတိထားတဲ့၊ ဟုတ်နေပြီထင်တယ်၊ ပြုံးမြဆိုတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အခုတလော ကျွန်တော့်ကို အရမ်းစိတ်ဝင်စားနေတယ်၊ ကျွန်တော် ဘာပြောပြော သူရယ်နေတာပဲ၊ ကြည့်ရတာ ရင်ထဲက တော်တော်ရွှလန်းနေပုံရတယ်၊ အဲဒါ ကျွန်တော် ဘယ်လိုလုပ်မလဲ၊ သူ့လက်ကလေးဆွဲပြီး လျှောက်လည်ဖို့ခေါ်လိုက်ရမလား''

''မခေါ်နဲ့''

''ဘာလို့လဲ''

''သူ့မှာ တခြားကောင်လေး ရှိနေရင်ရော''

''မရှိပါဘူး၊ သူကိုယ်တိုင်ပြောပြီးသား''

''ရှင်က သူ့ကိုသိပ်ယုံလား''

''ယုံတာပေါ့ဗျာ''

''ရှင့်ကို အသည်းခွဲသွားရင်ရော''

''ခွဲပါစေ၊ သူခွဲရက်ရင်''

''မိန်းကလေးတစ်ယောက်ကို လျှော့မတွက်နဲ့လေ''

''ကျွန်တော်က ပိုတောင်တွက်ထားတာ၊ သူ့အဖြေ





ပေးခင်ကတည်းက သူ့ရင်ထဲမှာ ကျွန်တော်ရှိတာ ကျွန်တော်သိတယ်ဗျ''

''အဲဒါဆိုရင်တော့ ဘာလိုသေးလဲ၊ အဖြေတောင်းမနေနဲ့တော့၊ အိမ်ပြန်ပြီး တစ်ရေးလောက်အိပ်လိုက်''

''မလုပ်ပါနဲ့၊ ဒီကအပြန် အင်းလျားကန်ဘောင်ပေါ်ယမ်းသွားလျှောက်ရအောင်''

''ရှင် သိပ်လူလည်ကျတာပဲ''

''လေညှင်းခံရင်း စကားပြောတော့ ပြုံးမြ စိတ်ချမ်းသာရအောင်ပါ၊ ကျွန်တော်က ကိုယ့်ရဲ့ကောင်မလေးဆို ပျော်နေတာပဲ ကြည့်ချင်တာ''

''ဟုတ်လည်း မဟုတ်ဘဲနဲ့''

''ဘာကိုလဲ''

''ကျွန်တော့်ကောင်မလေးတဲ့''

''ကိုယ်ချစ်တော့လည်း ချစ်သူပဲဗျ''

''ဒါဆို ဖြေစရာမလိုတော့ဘူး''

''ဘာ ...ချစ်တယ် ဟုတ်လား၊ ဝမ်းသာလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"နားလေးနေပြီ၊ သေချာတယ်"

"ဪ ...တစ်သက်လုံး ချစ်မှာလား၊ အဲလောက်ကြီးတော့ ကတိမပေးနဲ့လေဗျာ"

"ရှင်နော်"

"ချစ်လို့ပါဗျာ၊ စိတ်မဆိုးနဲ့၊ ပြုံးမြ ဖြေချင်တဲ့နေ့မှ ဖြေ၊ ကျွန်တော် နေ့တိုင်းအဖြေတောင်းမယ်"

"ဘုရားရေ"

"ပြုံးမြ ဖြေချင်တဲ့နေ့ ကျွန်တော်က ချစ်လားမမေးမိရင် ဘယ်လိုလုပ်မလဲ၊ မမေးရင် ဖြေရခက်မှာပေါ့၊ မဟုတ်ဘူးလား၊ ဒါကြောင့်ပါ"

"ရည်းစားတွေ ဘယ်နှစ်ယောက်ရှိသလဲ မသိပါဘူး"

"ဟောဗျာ ...အခုမှမေးတယ်၊ ပြုံးမြနဲ့ဆို ဆယ့်ရှစ်ယောက်ထဲပါ၊ သိပ်မများပါဘူး"

"တော်ပြီ၊ မပြောတော့ဘူး"

"ဟာ ...အဲလိုတော့ မလုပ်ပါနဲ့"





"ပြန်မယ်"

"နေပါဦး"

"ပြန်မယ်ဆို"

"ပလိစ် ...ဆယ်မိနစ်လောက်"

"ဘာကိစ္စလဲ"

"မျက်နှာလေးကို ထိုင်ကြည့်နေချင်လို့"

ဝံ့နေဦးရယ် ...ရှင်ဟာ ဘယ်လိုလူစားလေးများလဲ။

ကျွန်မ တကယ်ပဲ ကိုးစားယုံကြည်ရမလား။

ဒါမှမဟုတ် အခြေအနေ စောင့်ကြည့်ရမလား။

သေချာတာကတော့ သူ့မှာ ခင်မင်စရာ ဆွဲဆောင်မှုတော့ ရှိသည်။

သူ့စကားသံကလည်း ချိုကြည်ပြီး နားထောင်ကောင်းသည်။

သူ့ကို ပြုံးမြ ခင်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com





ဝိုးဝိုး · ၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အိမ်ချင်းကပ်လျှက်နေပါလျက် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်တာ စိန်ရောင်သန့် ရင်ထဲမချမ်းမြေ့။

အရင်ကဆို နေ့တိုင်းလိုလို 'မောင်သန့်ရေ' ဆိုသော ခေါ်သံဗွာဗွာလေးကို ကြားရစမြဲ။

စကားပြောချင်လည်း တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်သွားလာဖို့အလွယ်လေး။

တစ်ခါတစ်ရံမှာ အလွန်လွယ်ကူပါလျက် ခက်နေသောကိစ္စတွေ ရှိပါလားဟု သိသွားရသည်။

သူ့မှာ ဟိုဖက်ခြံဖက် ခိုးခိုးကြည့်နေရသည်။

ခုတလော ပုံနေဦးကလည်း ပြုံးမြဲဆီ အလားပင်နေ

ဝိုမို - တပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘယ်ကဘယ်လို ရောက်ရောက်လာမှန်းမသိ။ နေ

ခင်းတစ်ခါ ညနေတစ်ခါ နှစ်ကြိမ်တောင် တွေ့ရင်တွေ့ရ

အတော်အလုပ်မရှိလို့ ဖြစ်မှာပေါ့ဟု အမြင်ကပ်ကပ်နှင့်

မိသည်။

ထိုကောင်လေးကို မောင်သန့် ကြည့်လို့မရ။

သူနှင့် စကားမပြော၊ စိတ်ဆိုးနေတဲ့အချိန်မှ အ

ဝင်ယူပြီး ပြုံးမြကို ကပ်နေတာဟာ သူ့နှလုံးသားကို အ

နာကျင်ခံခက်စေပါသည်။

ပြုံးမြမျက်နှာကလည်း နာမည်နှင့်လိုက်အောင် ပြုံး

မြနေတတ်တာ ဘာကြောင့်လဲ။

တမင်ပင် လာတွဲပြနေသလိုအထင်နှင့် ကျော

လှည့်ထွက်ဖို့ ကြံရွယ်တိုင်း မအောင်မြင်။

သူ့မှာ ဥပေက္ခာပြုနိုင်စွမ်းမရှိပါ။

ဘယ်လိုပဲ တောင်းပန်ရပါစေ ပြုံးမြရဲ့ ခွင့်လွှတ်





လည်မှုလေးကို လိုချင်သည်။ အထူးသဖြင့် ခါတိုင်းလို မှုန့်နွဲ့

ချိုသာစွာ သူ့အပေါ် ကြည်ဖြူလိုက်လှဲခြင်းမျိုးကို မွတ်သိပ်စွာ

တောင့်တမိသည်။

ဘယ်အချိန်ထိ နာကြည်းနေမှာလဲ ပြုံးမြရယ်။

နည်းနည်းမှ မလျှော့တော့ဘူးလား။

ဒီတစ်ခါ မျက်နှာချင်းဆိုင်တွေ့လျှင်တော့ ထပ်ပြီး

တောင်းပန်ကြည့်ရဦးမည်။

သူ့ဖက်ကတော့ လက်မလျှော့နိုင်ပါ။

ခွင့်လွှတ်တဲ့အထိ ဖြေရှင်းချင်မိတာပါပဲ။ မှားခဲ့ရင်

လည်း ကျေပါတော့ကွာ။

ကိုယ်မှားပါတယ်၊ ဖြစ်လာတဲ့ပြဿနာတွေဟာ ကိုယ့်

အပြစ်မကင်းဘူးလို့ ပြုံးမြစွပ်စွဲတဲ့အတိုင်းပဲထားပါ။

သူတို့ချင်း ဖူးစာမပါကြလို့ပဲ တစ်ချက်တောင်

ကြေအေးဖြေသိမ့်တွေးလေး တွေးမပေးဘူးလား။

ရင်ထဲမှာ ပြောချင် ဖြေရှင်းချင်တာတွေ အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြရဲ့ စိတ်ပျက်ခါးသီးမှုတွေက သူ့ကို နေမရအောင် နှိပ်စက်နေသည်။

နီးလျက်နှင့် ဝေးကွာနေရသော ခံစားချက်က ဆိုးရွားလှပါသည်။

ဘေးမှာတခြားအဖော်ရှိနေတာကိုလည်း သူ ဒီအတိုင်းလက်ပိုက်ကြည့်မနေချင်။

ပြုံးမြရယ် ...

ငါ့ရင်ထဲမှာ နင့်ကို ဒီလောက်ထိ မြတ်နိုးတောင့်တနေမှန်းသိလည်း အစောကြီးကတည်းက ငါ တစ်ခုခုဖွင့်ပြောထားမိမယ်ထင်တယ်။

အခုမှတော့ ငါ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ။ ငါ့အတွက် ခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်လာရတယ်။

ဒါကို နင်သိရဲ့လား။

ငါ့ဖက်က ခံစားချက်ကို နင် ဘာလို့ထည့်မစဉ်းစား





တာလဲ။

နင် စိမ်းကားရင် ငါ အသည်းကွဲမယ်ဆိုတာ မသိဘူးလား။

စိန်ရောင်သန့်သည် ရင်ထဲ မချင့်မရဲစိတ်နှင့် ပြုံးမြကို ရှာဖွေကြည့်နေမိသည်။

ဒီနေ့တစ်နေ့လုံး သူမရဲ့အရိပ်အယောင် မမြင်ရသေး။

သူတို့နှစ်ယောက်လုံးရဲ့ သူငယ်ချင်း မီမီဇင်ဟာ နှစ်တိုင်း မွေးနေ့ပွဲကျင်းပနေကျမို့ ဒီဆန်းဒေးလည်း ဖိတ်ထားသည်။

သူ့အိမ်မှာ ဖိတ်စာရောက်နေပြီဖြစ်သလို ထိုဖိတ်စာကို ပြုံးမြဆီပေးထားပြီဆိုတာလည်း သူသိသည်။

ခါတိုင်းတော့ သူနှင့်ပြုံးမြ အတူသွားနေကျ။

ဒီနှစ်မှာ ဘယ်လိုရှိမလဲ။

ပြုံးမြ သွားမှာလား။ ပွဲကတော့ တက်ရမှာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အတူသွားရအောင်လို့ စကားစရင်း ပြုံးမြနဲ့ ပြန်ခေါ်ပြောခွင့်ရဖို့ တိတ်တဆိတ် မျှော်လင့်မိသည်။

ထို့ကြောင့် ပြုံးမြကို သူတွေ့ချင်နေသည်။

ညနေစောင်းရောက်တဲ့အထိ မတွေ့ဘူးဆိုတော့ အပြင်တစ်နေရာရာ သွားနေတာပဲ ဖြစ်မည်။

သူ့အမေဆီလည်း ဖုန်းဆက်မမေးရဲ။

ထို့ကြောင့် နိုးသာစောင့်ကြည့်နေမိ၏။

ညနေ ရေချိုးပြီးချိန်မှာတော့ စိန်ရောင်သန့်လည်း လမ်းထိပ်လက်ဖက်ရည်ဆိုင်ဆီ ထွက်ခဲ့မိသည်။

လက်ဖက်ရည်ဆိုင်ထိုင်ရင်း စိတ်အပန်းဖြေတတ်တာ သူ့အကျင့်။

ဟာ ...

မထင်မှတ်ဘဲ လမ်းတစ်ဝက်မှာ ပြုံးမြနှင့်ဆုံသည်။

ကချင်ချည်ထည်သား ဝမ်းဆက် ကော်ဖီမှုန့်ရောင်လေးနှင့် ရှိုးရှင်းစွာ လှနေသည်။





အကျီမှာ ပုလဲကြယ်သီးတို့ တပ်ထားသော လက်ပွတ်ကလေး။

ဒါဟာလည်း သူမကလေးရဲ့ လက်ရာပဲ ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် သူမအသွားအရေးနှင့် အရမ်းလိုက်ဖက်သော ဝတ်စုံလေးပါပဲ။

စိန်ရောင်သန့်ပင် ခြေလှမ်းနှေးကာ ငေးမောသွားမိသည်။

ပြုံးမြက ဟိုဖက်လမ်းကြော အုတ်တံတိုင်းဖက်ကပ်ကာ လျှောက်လာပြီး သူကတော့ ဒီဖက်အခြမ်းမှာ။

မောင်သန့်က လမ်းဘယ်ဖက်ခြမ်းသို့ ပြောင်းလိုက်သည်။ သို့မှသာ သူမနှင့် မျက်နှာချင်းဆိုင်ဆုံမှာလေ။

အနီးကပ်လာတော့ သူ ရင်ခုန်မြန်လာစဉ် ဖြုန်းဆို ပြုံးမြမျက်ဝန်းကလေးရဲ့ အကြည့်က သူ့ဆီ ဖျတ်ခနဲရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်သည်နှင့် မဆိုင်းမတွပင် မျက်နှာဆတ်ခနဲ လွှဲ၏။

စိန်ရောင်သန့် ရင်ထဲအောင့်သွားရသည်။ ပြီးတော့ အထိနာစွာ မျက်နှာပျက်မိသည်။

ပြုံးမြပဲ ခေါ်လိုက်မည့်နှုတ်ခမ်းတွေလည်း တင်းစေ့ သွားရသည်။

ငါခံစားရအောင် မျက်နှာလွှဲ လျှစ်လျူရှုရက်တာလား။

တစ်နေကုန် စောင့်ဆိုင်းနေရတဲ့ နင့်ရဲ့မျက်နှာလေးဟာ တွေ့မယ်တွေ့တော့ ငါ့အတွက် ..ဝေဒနာသက်သက်ပဲလား။

ပြုံးမြက မသိယောင်ဆောင်ကာ ဒီတိုင်း ရှေ့ဆက် လျှောက်သွားပါသည်။

သူတို့နှစ်ယောက် ကျောခိုင်းလျက်အနေအထား တစ်ယောက်က လမ်းထိပ်ဖက်၊ တစ်ယောက်က လမ်းတွင်း ဖက်ဆီသို့ ဦးတည်ကြသည်။

ဘဝလမ်းခရီးမှာရော ...





စိန်ရောင်သန့် သူမကျောပြင်လေးကို ပြန်လှည့်ကြည့် မိသည်။

တစ်နေရာစီ မသွားပါဘူး။ ရုတ်တရက် ခြေလှမ်းကျဲ နှင့် အိမ်ဖက်ပြန်လျှောက်မိသည်။

ပြုံးမြရှိတဲ့ အရပ်ဒေသသည်သာ သူ့ရဲ့နေရာ။

ပြုံးမြသည် နောက်မှ တလွှားလွှားလျှောက်လာသော ခြေသံကို နားစွင့်ရင်း ဒါ မောင်သန့်ပဲဟု ထင်မိသည်။

သူမနောက် ပြန်လိုက်လာတာလား။

ဟွန်း ...အခုမှ မျက်နှာငယ်ငယ်နဲ့။

အရင်က တဖွဖွမေးတုန်းကဖြင့် သူ့ကိုယ်သူ ဆရာ ကြီးအမူအရာနှင့် ဘာမှမဖြေ။

ထင်သာထင်သော်လည်း လှည့်မကြည့်ရဲ။

မောင်သန့်မဟုတ်ဘဲ လမ်းသွားတခြားတစ်ယောက် ဖြစ်နေခဲ့ရင် ...

အို ...သေချာအောင် သမင်လည်ပြန်ကြည့်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ လှည့်ကြည့်လိုက်ချင်စိတ်နှင့် ပြုံးမြနှုတ်ခမ်းလေး ကိုက်ထားမိသည်။

ခြေသံရှင်က သူမနှင့် ပိုမိုနီးကပ်လာပြီဖြစ်သလို အိမ်ကိုလည်းရောက်တော့မှာ။

ခြံထဲမဝင်ခင် ဖျတ်ခနဲတစ်ချက် လှည့်ကြည့်ရာ မောင်သန့်နှင့် ဒိုင်းခနဲ အကြည့်ချင်းဆုံမိသည်။

သူ့မျက်လုံးတွေမှာ တိုးလျှိုးတောင်းပန်ဟန်နှင့် နူးညံ့ရီဝေနေပါသည်။

ရုတ်တရက် ပြုံးမြနှလုံးသားတွေ ပျော့ပျောင်းစွာ နစ်ဝင်အရည်ပျော်မိတော့မတတ်ပါပဲ။

သူ့ကို စကားပြန်ပြောခွင့် ပေးလိုက်ရမလား။

ခွင့်လွှတ်လိုက်ရမလား။

နည်းနည်းတော့ သွေးအေးလာမိတာအမှန်။

အရင်ရက်တွေကလိုတော့ အပြစ်မတင် စိတ်မဆိုးမိတော့ပါ။ သူက ပြုံးမြ ခပ်တည်တည်ဆိုတော့ ဘာမှမပြော





ဘဲ ခေါင်းငုံ့လိုက်ပါသည်။

ထိုအမူအရာကပင် ပြုံးမြရင်ထဲကို တစ်စုံတရာထိရှသွားစေသလို ထင်မိသည်။

ငါက အသည်းမာတဲ့ မိန်းမရိုင်းကြီးလည်း မဟုတ်ပါဘူး မောင်သန့်ရယ်။

ငါ့ကို ဒဏ်ရာရစေခဲ့တာ နင်ပါ။

သူတို့နှစ်ယောက် မျက်လုံးချင်းသာ စကားဆိုပြီး နှုတ်က ဘာသံမှထွက်မလာ။

မောင်သန့်ကလည်း ပြုံးမြ မျက်နှာထားတင်းတင်းကြောင့် စကားမစရဲ။ ပြုံးမြကလည်း သူကအပြစ်လုပ်ထားတာပဲ သူ့အရင်ပြောပစေဟု လွှတ်ထားလိုက်သည်။

ရင်ထဲက အကြိတ်အခဲကတော့ ပြေသင့်သလောက် ပြေခဲ့ပါပြီ။ ကျန်နေတာကလည်း ကျန်နေသည်။

သံယောဇဉ်ဆိုတာ လွယ်လွယ်နဲ့တော့ မပြတ်တောက်နိုင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေနဲ့ တင်းမာနေတဲ့ နေ့ရက်တွေမှာလည်း မောင်သန့်ကို စိတ်နာနာနဲ့ သတိရမိတာပါပဲ။

ဝ့်နေဦးနှင့် သွားလာပတ်သက်ရတဲ့အခါကျမှပဲ မောင်သန့်နှင့် ပြုံးမြလို စိတ်ချင်းနီးစပ်နားလည်မှုဆိုတာ လွယ်လွယ်နှင့် မဖြစ်နိုင်ဘူးဆိုတာ ပိုသိရသည်။

"ချစ်တယ်"လို့ တတွတ်တွတ်ဆိုတတ်တဲ့ ဝ့်နေဦးကို နှလုံးသားက မရင်းနှီးပါဘဲ တစ်ခါမှ 'ချစ်တယ်'မပြောဖူးသေးတဲ့ မောင်သန့်အပေါ်မှာကျ လှိုက်လှဲနွေးထွေးရင်းနှီးနှစ်လိုမှုက ပိုနေသည်။

ဒါဟာ ဘာကြောင့်လဲ။

နှစ်လိုခြင်းဟာ သူ့ဘာသာဖြစ်ပေါ်လာတဲ့ ခံစားမှုဓါတ်တစ်မျိုးပဲလား။

ပြုံးမြ မတွေးတတ်တော့ပါ။

သို့သော် ဝ့်နေဦးရဲ့ စကားအခွန်းပေါင်းများစွာထက် မောင်သန့်ရဲ့ အကြည့်လေးတစ်ချက်က ပြုံးမြရင်ထဲ တိုက်ရိုက်





ကျရောက်တာ ထူးဆန်းသည်။

မခေါ်ပါဘူးဆိုမှ ထိုအကြည့်လေးက အာရုံထဲက ဖျောက်မရ။

နင်နဲ့ ပတ်သက်ရင် ငါ့စိတ်တွေက အပြောင်းအလဲမြန်လွန်းတယ်။

နင့်ကို မေ့ထားလိုက်တော့မယ်လို့ စိတ်ကူးတိုင်း နင်ဟာ ငါ့ကို သတိရစေတယ် မောင်သန့်ရယ်။

မာနနဲ့ တင်းမာထားပေမယ့် ဖုန်းမြည်သံကြားရင် နင်ပဲလားလို့ ရုတ်တရက်ထင်မိရော။

ခွင့်မလွှတ်နိုင်ဘူးလို့ ယူဆရင်းကလည်း ငါ့ရဲ့ရင်ထဲက ခွင့်လွှတ်မှုတွေကို နင့်လာပြီး သယ်ဆောင်နေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဝေးကနေ့လည်း နင်က ငါ့အပေါ် လွှမ်းမိုးနိုင်စွမ်း အမြဲရှိနေတာပဲနော် ...

ငါ အံ့ဩမိတယ်။

× × × ×

www.burmeseclassic.com





ပိုမိုး · ၁၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြရဲ့ မျှားပြားလှတဲ့ ကျစ်ဆံမြီးလေးတွေက မျက်နှာလေးပေါ်၊ နားရွက်ပေါ်၊ ဂုတ်ပေါ် အချောင်းလိုက်တွေ နက်စိုမှောင်စွာ ချစ်စဖွယ်ကျရောက်နေသည်။

ဝါးတားဂျဲနှင့် လိမ်းကျံထားတာကြောင့် ရေစိုပြီး တောက်ပနေသလိုထင်ရ၏။ ကျစ်ဆံမြီးတို့နှင့်အတူ ကြယ်ပေါက်စနလေးတွေ ပုလဲလေးတွေ သီထားတဲ့ ကြိုးလေးတွေလည်း ဟိုမှာဒီမှာ တွဲရရွဲကျနေလျက်သားမို့ မှန်ထဲကြည့်ကာ ပြုံးမြပင် ကိုယ့်ဆံပင်ကိုယ် ဆန်းကြယ်စွာ ကြည့်မဝ။

မျက်နှာကို အလှပြင်တော့လည်း အိမ်ကကောင်မလေးကပင် စိတ်ဝင်စားစွာ လာချောင်းကြည့်ချောင်းကြည့်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



""မိညိုရေ ...ကိုဝံ့နေဦး ရောက်ပြီလား၊ သွားကြည့် ပါဆို၊ နင်က ဒီမှာချည်းပဲ""

""မမလေး အလုပြင်တာ အရမ်းလှလွန်းလို့ပါ၊ မမြင် ဖူးလို့ပါ""

""ကဲ ...ဆင်းကြည့်ပါဆို""

""ဟုတ်ကဲ့ပါ""

မိညိုပြေးဆင်းသွားမှ တံခါးလော့ခ်လုပ်ပြီး ဂါဝန် သခွါးရောင်လေးကို ဝတ်သည်။ ပြုံးမြရဲ့ ဝါသနာအတိုင်း ဂါဝန်မှာလည်း ပလိုင်းလွယ်ထားသော မိန်းမငယ်လေး တစ်ယောက်ရဲ့ အရုပ်ပုံကို ရေးဆွဲအလှဆင်ထားသည်။

သခွါးရောင်ပေါ် အနက်နှင့် အဖြူအရုပ်လေးတ ချစ်စဖွယ်ထင်းလင်းလှပနေသည်။

မဇင် မွေးနေ့တိုင်း ပျော်ပျော်ပါးပါး ဗွီဒီယိုရိုက်နေတ မို့ ဗွီဒီယိုခွေထဲ ကိုယ်မလှမှာ စိုးရသည်မဟုတ်လား။

သူငယ်ချင်းတွေအားလုံး ကိုယ့်ဒီဇိုင်းလေးတွေနှင့်ကို





ကိုယ်တွင်ဝတ်ဆင်နေကျ။ ပြုံးမြက နာမည်ရှိုးရှိုးလေးဖြစ်သော် လည်း အဝတ်အစားအဆင်အပြားလေးတွေ ကြိုက်တတ်သည်။

အလှပြင်ရင်းပင် မောင့်သန့်ရော ဘယ်သူနှင့် သွား မလဲ စဉ်းစားနေမိသည်။

""မမလေး ပြုံးမြရေ၊ အစ်ကိုကြီး ရောက်ပြီ""

""အေး ...အေး လာပြီ""

ဝံ့နေဦးက ပြုံးမြရဲ့ခွေးကလေးမို့ ညှုတုကို လက် ဖျောက်တီးကာ ခေါ်ကြည့်သည်။

ညှုတုက အနားသို့မလာ။ ဝေးဝေးကပဲ ထိုင်ကြည့်နေ ၏။ အမြီးလည်းမလှုပ်၊ ခပ်တည်တည်။

လှေကားကဆင်းလာသော ပြုံးမြက ထိုမြင်ကွင်း ကြောင့် ပြုံးမိသည်။

""ညှုတုနော် ...ငြိမ်ငြိမ်နေ၊ အလကားဝံ့နေဦးရဲ့ သူ့ကိုသွားမခေါ်နဲ့၊ အရမ်းဆော့တဲ့ကောင်""

""မဆော့ပါဘူး""



www.burmeseclassic.com

www.burmeseclassic.com



ဝံ့နေဦးက စကားဆိုရင်းလက်စမှ ပြုံးမြပုံလေးကို မေးမိသည်။

ကြည့်စမ်းကွာ …မော်ဒယ်ဂဲလ်လေးလို ပြင်တတ်လိုက်တာ။

အရင်တွေ့နေကျ ပိုစ်မဟုတ်ဘဲ တခြားကောင်မလေး တစ်ယောက်လားထင်ရအောင် ဆံပင်စတိုင်နှင့် ဝတ်စားထားသော ဟန်ပန်လေးက အသက်ရှူမှားလောက်သည်။

အနားသို့ရောက်သည်အထိ ဝံ့နေဦးက စကားမဆိုဘဲနှင့် မျက်တောင်မခတ် စိုက်ကြည့်နေတာမို့ …

"ဘာကြည့်တာလဲ"

ရှက်စနိုးမေးမိသည်။

"မေးစေ့မှာ နှုတ်ခမ်းနီတွေပေနေတယ်"

"မဟုတ်တာနဲ့"

ရွှေရောင်နှုတ်ခမ်းနီ အရည်လေးကို စုတ်တံနှင့် သေချာထိုးထားတာမို့ ပြီးတော့ ပေလွယ်၊ ပြန့်လွယ်လည်း





မရှိသော ဘရင်းဒ်ကောင်းကောင်းလေးမို့ ပြုံးမြက ကိုယ့်ကိုယ်ကို ယုံကြည်သည်။

"မှန်ထဲကြည့်လိုက်"

နံရံပေါ်က အလှူမီနီယံမှန်ချပ်လေးဆီ သူက ကြည့်စေသည်။

မှန်ထဲမှာ မျက်နှာနှစ်ခုပေါ်လာသည်။

"ပြုံးမြက အလှပြင်လိုက်တော့ ကျွန်တော်နဲ့ အချောချင်းညီသွားပြီ"

"အမယ်မယ်"

"မယုံရင်မေးကြည့်၊ ဟိုတ် …နင်တို့မမလေး ငါ့လောက်မချောဘူးမဟုတ်လား"

မိညိုကို သွားမေးနေ၏။

ဟိုက "မမလေးကချောတာ"ဆိုတော့မှ သူရယ်သည်။

"မေမေရေ …ပြုံးမြတို့သွားမယ်၊ မိညို တံခါးပိတ



www.burmeseclassic.com

www.burmeseclassic.com



စိတ်၊ ညတု မထွက်စေနဲ့နော်''

ပြုံးမြက နှုတ်ဆက်ရင်း မှာကြား၏။

''ပြုံးမြ''

ဝံ့နေဦးခေါ်တာကို မျက်ခုံးပင့်ကာ ထူးတော့ …

''ဘတ်ဒေးပါတီလုပ်တဲ့ ကောင်မလေးက ကိုစိန်ရောင်သန့်နဲ့ရော ခင်လား''

''အင်း''

ပြုံးမြက သိပ်မဖြေချင်ပုံ။

''ဒါဆို အဲဒီပွဲကို သူလည်းလာမှာလား''

''ဘယ်သိမလဲ''

ဝံ့နေဦးက ပခုံးတွန့်ကာ ထပ်မမေးတော့။

တော်ကြာ ကြည်လင်လှပတဲ့ အချိန်လေး အရုပ်ဆိုးသွားဦးမယ်လေ။

''ပရဲဆင့်ဗူးလေး …ကျွန်တော် ကိုင်ခဲ့မယ်''

ပြုံးမြက ပက်ကင်ဗူးကို လေးတော့မလေးပါပဲ သူ့ထံ





ပေးလိုက်ပါသည်။

''ပွဲတစ်ခုကိုတော့ အတူတူတက်ရပြီ၊ ဘယ်တော့ လက်ချိတ်ပြီး သွားမှာလဲ''

''ရှင်နော်''

''ဟ …တကယ်မေးတာကို''

''နောက်ကျနေပြီ၊ သိပ်စကားများတာပဲ''

''အေးဗျ …အရေးကြီးတဲ့မေးခွန်း၊ ဖုန်းထဲမှာ ထပ်မေးမယ်၊ ဒါပဲ''

သူက ဖုန်းပြောဖို့ ဘွတ်ကင်လုပ်နေသည်။

ရှင်းလင်းတိကျသော အဖြေတစ်ခုကို ခုထိမပေးဖြစ်သေးပါ။

မဖင်တို့လမ်းထဲ ရောက်သည်ဆိုလျှင် လမ်းတစ်ဝက်မှာကတည်းက ဘေးကပ်ရပ်ထားတဲ့ ကားတွေ များပြားနေသည်။

''ဒီကပဲ ဆင်းလျှောက်ရမယ်ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ပြုံးမြကို အရင်ခြံရှေ့ချပေးရမလား"

"ရပါတယ် ...အတူတူပဲ လျှောက်လိုက်တာပေါ့"

သူ့ကို အားနာသည်။ ကားတံခါးပိတ်ပြီးမှ သူ တစ်ယောက်တည်း လျှောက်လာရရင် ဘယ်ကောင်းမလဲ။

"ခင်ဗျားရဲ့ စိတ်ဓာတ်လေးက အရမ်းချစ်ဖို့ကောင်းတယ်"

ဝိုင်နေဦးက ကျေနပ်သဘောကျစွာ နားနားကပ်ပြော၏။

ပြုံးမြက ပြုံးသာနေလိုက်သည်။

တကယ်တော့ မောင်သန့် ကြိုတင်ရောက်နှင့်မလား တွေးကာ လူက လက်ဖျားအေးချင်သည်။ ဘာရယ်မဟုတ် စိတ်လှုပ်ရှားမိတာအမှန်။

အတူတွဲကာ ဝင်လာသောစုံတွဲကို မောင်သန့်က ထိပ်နားက စားပွဲဝိုင်းကနေ စီးကရက်သောက်ရင်း ကြည့်နေလိုက်ပါသည်။





နင်က ဒီလိုအဖော်နဲ့မို့ ငါ့ကိုမေ့နေတာလား။

စောစောရောက်လာပြီး ခြံအဝင်ဝကိုပဲ စောင့်မျှော်ကြည့်ရှုနေခဲ့တာ။

ထင်လည်းထင်ထားပြီးသားပါ။

ဝိုင်နေဦးနှင့် ရောက်လာမှာပဲဆိုတာ။

ထင်ထားပေမယ့်လည်း မြင်ရတော့ ထိရှတာပဲ။

ထိရှပေမယ့်လည်း အပြစ်မယူရက်။ အကြည့်မလွှဲရက်။

ငါဟာ ပျော့ညံ့တဲ့လူတစ်ယောက်လား။

ဘယ်လိုပဲဖြစ်ဖြစ် ငါ့စိတ်ထဲမှာ နင်ရှိနေတယ်။

ဒါဟာ မပြောင်းလဲနိုင်တော့ဘူး။ သေချာတယ်။

"ဟယ် ...ပြုံးမြ ကြည့်စမ်း နောက်ကျလိုက်တာ၊ ဟိုမှာ စိန်ရောင်သန့်က ရောက်နေပြီ၊ ဟင်း ...ဟင်း နင်တို့ နှစ်ယောက်က တကွဲတပြားနဲ့ စိတ်ကောက်နေကြတာလား၊ ဒီနှစ်တော့ အဆန်းပဲ၊ တစ်သက်လုံးက မကောက်ဖူးတဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကောက်နေကြတာ"

ဝံ့နေဦးက မျက်နှာပျက်၏။ သူငယ်ချင်းတွေအားလုံးကလည်း မောင်သန့်နှင့် ပြုံးမြကိုဆို အလိုလိုနေရင်း သဘောတူနေကြတာမဟုတ်လား။

"ပြန်ခေါ်လိုက်ပါ၊ ဟိုမှာကြည့်နေပြီ၊ ဟင်း ... ဟင်း"

ရယ်ကာမောကာ ထိုစားပွဲနားခေါ်လာတာမို့ ပြုံးမြက နီးရာစားပွဲလွတ်တစ်ခုမှာ နေရာယူလိုက်သည်။

"မွေးနေ့ရှင်ရေ ...လူစုံရင် သီချင်းဆိုကြမယ်လေ"

မဇင်က လာခေါ်တဲ့သူရှိလို့ အဆင်ပြေသွားသည်။

ပြုံးမြက ပင့်သက်ရှိုက်သည်။

ဝံ့နေဦးက ဟန်ဆည်သောအပြုံးနှင့် ဘာမှမဖြစ်သလို။

ခဏနေတော့ မဇင်နှင့် ကောင်မလေးတချို့ ပြုံးမြကို လာခေါ်ကြသည်။ စင်ပေါ်မှာ သီချင်းဝိုင်းဖွဲ့ဆိုကြတာ။

စိန်ရောင်သန့်ကလည်း ပွဲကြည့်ပရိသတ်လုပ်ကာ





ခပ်ငြိမ်ငြိမ်။

အရင်နှစ်တွေတုန်းက ဒီလိုပွဲမျိုးဆို သူနှင့်ပြုံးမြ တတွဲတွဲနှင့် ပြုံးပျော်နေကြတာ။

အခုတော့ တစ်နေရာစီ။ သူလည်း ပြုံးမြအနားသို့ မသိ။

"ဟိတ် ...ကိုနေဦး၊ ရှင် ဒီကိုဘယ်လိုရောက်နေတာလဲ၊ မတွေ့တာတောင်ကြာပြီ"

မိန်းကလေးငယ်ငယ်တစ်ဖွဲ့ သူ့ကိုနှုတ်ဆက်တော့ ဝံ့နေဦးလည်း အဆင်ပြေသွားသည်။

ဘူဖေးသွားထည့်ကာ အတူတူဝိုင်းဖွဲ့ပြောဆို စားသောက်နေတော့မှ ဝံ့နေဦးပုံစံက မင်းသားလေးလို ရင်ကော့ကော့နှင့် ပျော်လွှန်နေသည်။

တကယ်တော့ သူ့မှာလည်း ခင်မင်ကျွမ်းဝင်သော မိန်းကလေးသူငယ်ချင်းတွေ အများကြီးပါ။ ပြုံးမြတစ်ယောက်တည်းမဟုတ်။ စိန်ရောင်သန့်ရှေ့မှာ ဖြစ်တာကြောင့် ဝံ့နေဦး



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေနှင့် တဟေးဟေး တဟားဟား ပိုလုပ်သည်။

“ကိုနေဦးတို့ သိပ်စွံပါလား”

“ဘာလဲ …စွံချင်လား၊ ဒါဖြင့် ဒီဖက်လာ”

“ဟင်း …ကောင်စုတ်”

သူ့ပခုံးကိုထုတာ နည်းနည်း၊ သူရယ်တာကြီးက ခပ်ကျယ်ကျယ်။

“ဟား …ဟား …ဟား”

စိန်ရောင်သန့်က ဂရုမစိုက်။ ပြုံးမြသီချင်းဆိုနေတာ လက်ခုပ်တီးပုံလေးက ချစ်စရာကောင်းတာ၊ ဒါပဲ ခိုးကြည့်နေမိသည်။

ဝံ့နေဦး ပြုံးမြအနားမှာ မရှိတာကိုပဲ စိတ်ချမ်းသာသည်။

ဝံ့နေဦးကလည်း ရင်ထဲ သိပ်မကြည်လင်တာကြောင့် ကောင်မလေးတွေနားပဲ ခပ်ကြာကြာနေမိရင်း စကားပြောရင်း အချိန်ဖြုန်းနေပစ်သည်။





ပြုံးမြစားပွဲကို ပြန်ရောက်နေတာတောင် သူမသိ။ လှည့်လည်းမကြည့်မိ။

သူ့ဘာသာ အာများနေသည်။

ပြုံးမြကလည်း သွားမခေါ်။ ပန်းကန်ထဲက အသားကင်နှင့် သစ်သီးကို ခက်ရင်းနှင့်ထိုးကော်ကာ ပါးစပ်ကလေး ပိတ်လို့ ဝါးနေမိသည်။

ကောင်မလေးတွေနှင့် တဟေးဟေး တဟားဟား ဝံ့နေဦးကို အမြင်ကပ်မိတာတော့ အမှန်။

သင်းက တမင်ရွဲ့နေသလား ထင်ရသည်။

ပြုံးမြက ဖျော်ရည်ဖန်ခွက်လေးကိုင်ကာ နေရာရွှေ့ဖို့ စဉ်းစားသည်။

ဒီနေရာက မောင်သန့်နှင့် နီးသည်။ ဝံ့နေဦးက သူမ အနားမှာမရှိတော့ စကားပြောဖော်လည်း မရှိဘူးလေ။ ဝံ့နေဦးကို စိတ်တိုမိတာလည်းပါသည်။

ဆတ်ခနဲအထမှာ ထိုင်ခုံက သံပန်းအစွန်းနှင့် ငြိလျက်



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ သူမကျောပြင်က ဇစ်လေးပြုတ်သွားတာ ခံစားမိသည်။

မီးရောင်တွေကြားမှာ လှုပ်ရှားဖို့ပင် ခက်သွား၏။

ပြုံးမြ နေရာမှ မထရဲတော့။

ကျောကို မသိမသာလေး စမ်းမိတော့ ဇစ်ကပြုတ်ကာ ပြန်ဆွဲလို့လည်းမရ။

အလောတကြီး ဝုန်းခနဲထဖို့ ပြင်မိလို့ပေါ့။

ကိုယ့်ဘာသာ အပြစ်တင်ရင်း နှုတ်ခမ်းလေးကိုက်ကာ ငြိမ်သက်ပြီး အကြံအိုက်ရှက်နေမိခိုက်မှာ လုံးဝမမျှော်လင့်ပါပဲ သူမနောက်ပါးသို့ စိန်ရောင်သန့် လှစ်ခနဲ ရောက်လာခဲ့သည်။

မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်မိတော့ သူက စကားမဆိုဘဲ သူ့ရဲ့ကုတ်အင်္ကျီနက်ပြာရောင် ထူထူကို ပြုံးမြကို အသာအယာ လွှမ်းခြုံပေးသည်။

ပြုံးမြ စကားမဆိုနိုင်။ ဒီတစ်ကြိမ်မှာ သူ့ရဲ့ကြင်နာ





ဂရုစိုက်ပုံဟာ အသည်းထဲထိ စိမ့်အေးသွားရသည်။

ဒါဟာ သူ ပြုံးမြမျက်နှာကို တရံမလပ် အရိပ်လို ကြည့်နေပါတယ်ဆိုတာ ပြောစရာမလို။

ကြုံတွေ့ရတဲ့ အခက်အခဲကို သူ ချက်ချင်းရိပ်မိသည်။ ပြီးတော့ ချက်ချင်းဖြေရှင်းပေးသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမဆိုကြပေမယ့် ရင်ထဲမှာ လှပ်ခနဲပေါ်ပေါက်လာတဲ့ ခံစားမှုကလည်း စကားနှင့်ဖွင့်ပြောဖို့ ခက်လှသည်။

ပြုံးမြသည် သူ့ကို လိုက်လှဲစွာ ကျေးဇူးတင်မိတော့၏။

သူက သူ့စားပွဲသို့ ပြန်လျှောက်သွားသည်။

ထိုခဏမှာပင် ဖြုန်းဆို ဝုံးနေဦးလည်း အနားကိုပြန်ရောက်လာသည်။

"ခင်ဗျားဆီကို သူဘာကြောင့်လာတာလဲ၊ ခင်ဗျားပြောတော့ မုန်းတယ်၊ မခေါ်ဘူးဆို"

ပြုံးမြက ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှမခေါ်ဘဲဥစ္စာ။

"ဒီကုတ်အင်္ကျီက ဒါဆိုဘာကြောင့် ပြုံးမြဆီ ရောက်လာတာလဲ"

ပြုံးမြက မဖြေ။

"သိပ်ချမ်းနေလို့လား၊ ဟုတ်လား"

ဝံ့နေဦးက မြူစီစီပုံစံလေးကို စိတ်မရှည်။ သူ ဒေါသလည်းဖြစ်သည်။

ပြုံးမြက ဖြေရှင်းချက်မပေးတော့ ပိုဆိုးသည်။ မကျေနပ်မှု၊ ဝန်တိုမှုတွေက ရင်ထဲလှိုင်းလုံးကြီးလို လာဆောင့်သည်။

"ပြောလေဗျာ ...ဘာသဘောလဲဆိုတာ"

ရင်းနှီးမှုအတိုင်းအတာကို ဖျတ်ခနဲ သူတွေ့ရပြီလေ။ ဒါမျိုးကို သည်းခံနိုင်ပါ့မလား။

"ချမ်းနေရင်လည်း ပြန်မယ်ပြောပါလား၊ လာ အခု ပြန်မယ်"

သူမလက်ကောက်ဝတ်ကို ဆတ်ခနဲ ဆောင့်ဆွဲခေါ်၏။





လူတွေကြားထဲ ဟန်မပျက်ချင်တာမို့ သူဆွဲခေါ်ရာ နောက် ပါလာရသည်။

စိန်ရောင်သန့်က ရှပ်အင်္ကျီပြာဖျော့ဖျော့မှာ နက်ခ်တိုင်အစင်းလေးနှင့် ဘောင်းဘီရှည်နှင့် ကုတ်မပါသော စတိုင်လ်မျိုး ဖြစ်သွားသည်။

ဟိုနှစ်ယောက် ပြဿနာကြိတ်ဖြစ်သွားပုံပေါ်ပေမယ့် သူလည်း မတတ်နိုင်။

ဝံ့နေဦးကို ပြုံးမြ ဘယ်လိုပြောမလဲ။

ပြောရခက်ရှာလိမ့်မည်။

ကိုယ်ချစ်ရသူလေးကို တခြားယောကျ်ားတစ်ယောက်က လက်ဆွဲခေါ်သွားသော မြင်ကွင်းမျိုးကို မြင်ရလိမ့်မယ်ဟု အစက သူမထင်မိခဲ့ပါ။

ပြုံးမြရယ် ...

နင်ဟာကယ် ရက်စက်နိုင်ပြီလား။

××××



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ...နှင့်အကျီ"

"ငါ့ကိုခေါ်တာ ဒီအကျီပြန်ပေးဖို့လား"

"ဟုတ်တယ်"

ပြုံးမြက ခပ်တည်တည်နှင့် အေးတိအေးစက်သာ။

ထိုမျက်နှာထားနှင့် ထိုဆက်ဆံရေးက သူ့နှလုံးသားကို မချိမဆန့် ထိုးနှက်လိုက်သလိုပါ။

သူ ပြုံးမြမျက်လုံးထဲကို နာကျင်စွာ စိုက်ကြည့်နေမိသည်။

"ကျေးဇူးတင်စကားတော့ ပြောဖို့မလိုဘူးထင်ပါတယ်နော်"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သူစိမ်းဆန်ဆန် မခန့်ပါနဲ့"

"ဒါဆိုရင်လည်း ကျေးဇူးတင်ပါတယ်၊ ပြုံးမြ မခန့်ရဲပါဘူး"

"အခုထိ အမုန်းမပြေဘူးလားဟင်၊ ဒီတစ်သက်လုံး ပြန်တောင်းပန်လို့ မရတော့ဘူးလား"

ပြုံးမြ မျက်နှာတည်လေးက သူ့ကို မချင့်မရဲဖြစ်စေသည်။

"ကောင်းပြီလေ၊ နင့်သဘောပါ၊ ခွင့်မလွှတ်ချင်လည်း ငါထပ်မတောင်းဆိုတော့ပါဘူး၊ ဒါပေမယ့် ငါပြောချင်တာတစ်ခုကို ပြောခဲ့မယ်၊ နင့်ကို ငါအရမ်းချစ်တယ်"

ရင်ထဲနွေးဖြာစွာ မျက်နှာလေး ထူအမ်းရှက်ရွံ့သွားမိသည်။

သူ ဒီလိုမြန်းစားဒိုင်းစားကြီး ဖွင့်ပြောမယ်လို့ မထင်။

"နင်သိသိ မသိသိ ငါအရင်ကတည်းက ချစ်ခဲ့တာ၊ ငါပြောတာ ကြားရဲ့လား၊ နင်ယုံရဲ့လား"





မောင်သန့်က သူမရဲ့ပခုံးသားနုနုလေး နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လို့ ရင်ထဲက အသံနှင့်ဆိုမိသည်။

ပြုံးမြက ရှက်လန့်စွာ မျက်လုံးဝိုင်းလေးနှင့် ရှန်းမိရင်း

"လွှတ်"

"ချစ်တယ် ပြုံးမြ"

"ဖယ် ...နင်သွားတော့"

"စိတ်ချပါ၊ နင်မမြင်စေချင်ရင် ငါ့မျက်နှာ မမြင်ရစေဘူး၊ ငါသွားမှာပါ၊ နင်ခွင့်မလွှတ်မှတော့ ငါ နောက်ဆုတ်ပါတယ်၊ ထားပါတော့၊ နင့်ကို စွန့်လွှတ်ရမယ်ဆိုရင်လည်း ငါဘာမှ မတတ်နိုင်ဘူးလေ၊ နင့်သဘောအတိုင်းပါပဲ၊ ငါက သိပ်ချစ်တော့ အရှုံးပေးပြီးသားပါ"

ကြေကွဲနက်ရှိုင်းစွာ ပြောပြီးတာနှင့် စိန်ရောင်သန့် ချာခနဲ လှည့်ထွက်သွားတော့သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ကိုဦးစကားကြောင့် ပြုံးမြက ဖွန်းနှင့် ခက်ရင်းကို ခဏချထားပြီး ကိုဦးဆီ မျက်လုံးကလေး ရောက်သွား၏။

ပြုံးမြကို ပြောပြနေတာ မဟုတ်ပေမယ့် ပြုံးမြလည်း ထမင်းဝိုင်းမှာရှိနေတော့ ကြားနေရသည်။

"သားကိုခေါ်ရဲ့လား"

"ခေါ်ပါတယ်"

"သားကရော"

မေမေက သိချင်စွာမေး၏။

"သားတို့က ယောက်ျားချင်းပဲဗျာ၊ မခေါ်စရာ ဘာရှိလဲ၊ ခေါ်ပါတယ်"

"ဟုတ်လား"

မေမေက သည့်ထက်ပိုပြီး မမေးသောအခါ ပြုံးမြက



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တော့ဘဲ ...

"သူက လေယာဉ်လက်မှတ် လာဝယ်တာလား၊ ဟုတ်လားဟင် ကိုဦး"

"ဟုတ်တယ်"

မေးတုန်းကမေးပြီးမှ ကြားလိုက်ရတော့ ရင်ထဲ လစ်ဟာသွား၏။

မောင်သန့်က တကယ်ပဲ ဝေးဝေးကို ရှောင်ပြေးသွားတော့မှာလား။

ပြုံးမြကို ထားခဲ့နိုင်ပြီလား။

"သမီးလေး ...စားလေ"

"ဟုတ်ကဲ့"

အမေနှင့် အစ်ကိုရှေ့မှာ သိသာလောက်အောင် မျက်နှာမပျက်ချင်။

ရင်ထဲမှာ ပူလောင်လှုပ်ရှားသွားတာကို ဟန်ဆောင်နေမိပါသည်။

ဒါပေမယ့် မောင်သန့် အဲဒီလိုအဝေးကြီး ထွက်သွားမှာကိုတော့ သွေးပျက်စွာ ချောက်ချားတုန်လှုပ်လွန်းပါသည်။

× × × ×





စိန်ရောင်သန့်အကြောင်းကို ကြားပြီးတော့ ပြုံးမြ ထပ်တလဲလဲ စဉ်းစားနေမိသည်။

တစ်နေ့လုံးလည်း နေလို့မကောင်း။

တစ်ညလုံးလည်း အိပ်မပျော်ပါ။

ပြုံးမြ သူ့ကို သည်လောက်ထိ သံယောဇဉ်ကြီးနေမိပါသလား။

မခေါ်ဘဲ နေနိုင်ပေမယ့် မခွဲနိုင်။

လုံးဝမခွဲနိုင်ပါ။

မခေါ်သေးတာက စိတ်ဆိုးမပြေသေးတာ။ စိတ်နာနေမိသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ဘက်က လက်လျှော့နောက်ဆုတ်သွားပြီ လို့လည်း မထင်။

တွေဝေနေသော ချိတုံချတုံစိတ်က ဒုံးခနဲ ဆုံးဖြတ်ချက်ကျသွားသည်။

မောင်သန့်ကို ပြုံးမြဘဝထဲက ထွက်သွားခွင့်မပြုနိုင်။

သူ ထွက်မသွားအောင် မြန်မြန်တားမှ ဖြစ်လိမ့်မည်။

× × × ×





ပြုံးမြက တုန်ယင်နေသော လက်ကလေးဖြင့် ဖုန်းခေါ်သည်။

မောင်သန့်ကို သွားခွင့်မပြုနိုင်။

ငါနဲ့ဝေးရာကို နင်တကယ်ပဲ ထွက်သွားတော့မှာလား။

စိန်ရောင်သန့် ခရီးထွက်မယ်ဆိုတာကို ကြားရရုံနဲ့ ပြုံးမြ သွေးပျက်တုန်လှုပ်သည်။

ဟန်ဆောင်အေးစက်မှုတွေ ကွာကျကုန်သည်။

မာကျောတင်းမာမှုတွေ တစ်စစီ ပြေးလွင့်ကုန်ပြီ။

ဟင့်အင်း ...မသွားရဘူး။

နင်ဘယ်မှ မသွားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို အရှုံးပေး၊ ခေါင်းငုံ့ကျောခိုင်းသွားတော့မှာလား။

ငါ့ကို ...ငါ့ကို နင်ချစ်တယ်ဆို ...

ပြုံးမြက နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ မျက်ရည်တွေ စီးကျလာ၏။

ငါ ...နင်နဲ့မဝေးချင်ဘူး။

နင် ငါ့ကိုခွဲမသွားပါနဲ့။

ငါတို့နှစ်ယောက်ကို ဘယ်သူမှ ခွဲလို့မရဘူး။

ဘာပြဿနာမှ ငါတို့အချစ်ကို မတားနိုင်ဘူး။

ငါတို့နှစ်ယောက် အားလုံးကို ရင်ဆိုင်ကျော်ဖြတ်ကြမယ်လေ။

နင် ငါ့ကို မထားခဲ့ပါနဲ့ မောင်သန့်။

နင်မရှိရင် မဖြစ်လို့ပါ။

ငါတို့နှစ်ယောက် အမုန်းပြေးလမ်းပေါ် မရောက်ချင်ဘဲ ရောက်ခဲ့ကြရပေမယ့် ပန်းဝင်ရင် စစ်မှန်တဲ့ ချစ်ခြင်းကို





အမောပြေ တွေ့ရမှာပါ။ ငါတို့ အချစ်ပန်းတိုင်ရောက်အောင် အားတင်းပြေးကြမယ်လေ။

"ဟဲလို"

ခပ်ဆတ်ဆတ်အသံကို ကြားလိုက်ရတော့ ရင်ထဲမှာ ဖျန်းခနဲ အေးသွား၏။

သည်အသံ ...ပြုံးမြနှလုံးသားကို ယိမ်းခါဟပ်ထိုးလဲအောင် အနိုင်ယူအောင်ပွဲခံနိုင်တဲ့ အသံ။

"ဟဲလို ...ဘယ်သူပါလဲ"

စိတ်မရှည်သံပါစွက်၏။

"မောင်သန့်လား"

ပြုံးမြ၏အသံက တိုးသက်တုန်ခါလွန်းပါသည်။ တစ်ဖက်က အသံတိတ်သွား၏။ ဘာသံမှ မကြားရ။

"ပြုံးမြပါ"

လုံးဝ မျှော်လင့်မထားတာလား။

ဒါမှမဟုတ် ဘယ်လိုမှ တောင်းပန်အောက်ကျို့မရှော



www.burmeseclassic.com

www.burmeseclassic.com



ကို လက်လျှော့သွားတာလား၊ တစ်ခုခုပါပဲ။

"ငါ ...ခဏာစကားပြောချင်တယ်"

ခုထက်ထိ စိန်ရောင်သန့်က ဘာမှပြန်မပြော။

ငါ့ကို စိတ်နာနေပြီလားဟင်။

နင် ...ငါ့ကိုမုန်းသွားပြီလား။

တကယ်ပဲထားခဲ့ဖို့ ဆုံးဖြတ်ပြီးပြီလား။

ငါ ကြားခဲ့တာ သတင်းအမှန်ပေါ့နော်။

နင် ငါ့ကို စိတ်ပျက်လက်လျှော့လိုက်ပြီပေါ့။

"ငါ ဘယ်ကိုလာရမလဲ"

စိန်ရောင်သန့်က ပြန်မေးသည်။ သူ့အသံက တုန့်ဆိုင်းဆိုင်း။ စိတ်မပါတာလား၊ မယုံကြည်တာလား။

"အိမ်ကိုလား"

"အင်း"

သူ ...ပြုံးမြတို့အိမ်ကို လာမှလာချင်ရဲ့လား။

သံယောဇဉ် ပြတ်ပြီလား။





"ပြီးရောလေ ...လာခဲ့မယ်"

စိန်ရောင်သန့်က ဖုန်းချပြီး ငေးငိုင်သွား၏။

ပြုံးမြရယ် ...

နင်ဘာပြောမလို့လဲ၊ ငါ့နှလုံးသားကို တစ်စစီ ပဲ့ကြွေစေမယ့်စကားတွေလား။

ငါ ခံနိုင်ရည်မရှိဘူးဟာ။

နင်နဲ့ပတ်သက်ရင် ငါ အရမ်းပျော့ညံ့ပါတယ်။

သူ ပြုံးမြဆီ သွားသင့်မသွားသင့် ချင့်ချိန်ကာနေမိပါ၏။ ပြုံးမြက ဝံ့နေဦးနှင့် စေ့စပ်တော့မှာ ကြွားမလို့လား၊ ကြေငြာမလို့လား။

ငါ အရှုံးပေးပြီးသားပါဟာ။

ထပ်ပြီး အနိုင်မယူချင်ပါနဲ့တော့။

ထိုင်ခုံမှာ ဘယ်လောက်ကြာလို့ ကြာသွားမှန်းမသိ။

ဖုန်းက ထပ်တစ်ကြိမ်မြည်လာသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



သူကောက်ယူထွေးမိသည်။

"နင်မလာသေးဘူးလား"

ပြုံးမြက ပင့်သက်ကလေးရှိုက်သည်။

"ဖုန်းထဲကပြောလို့ရမလား"

စောင့်နေရသူ ဘယ်လောက်ရင်မောရသလဲဆိုတာ ကိုယ်ချင်းစာနားလည်ရဲ့လား မောင်သန့်ရယ်။

နင် တကယ်စိမ်းနိုင်ပြီပဲ။

ငါ ...စိတ်ဆိုးမှာ နင်မကြောက်တော့ဘူး။

ငါ ...မုန်းသွားမှာလည်း နင်မကြောက်တော့ဘူး။

ပြုံးမြ အရမ်းဝမ်းနည်းလာမိသည်။

"အင်းလေ ...ငါ ခုပဲ လာခဲ့မယ်"

စိန်ရောင်သန့် ယတိပြတ်ဆုံးဖြတ်လိုက်၏။

နင် စိတ်ချမ်းသာမယ်ဆိုရင် ငါ သတ္တိမွေးပြီးလာရမှာပေါ့ဟာ နင့်စကားတွေကို နားထောင်ပေးဖို့။

×××××





သူ့ကို ညုတုက အပြေးလာကြိုသည်။

ပြောင်းလဲမသွားတာ ညုတုပဲရှိသည်။

စိန်ရောင်သန့်က ညုတုကို ကောက်ယူချီလိုက်၏။

ပြုံးမြက ခပ်လှမ်းလှမ်းမှာ ခြေစုံရပ်နေသည်။

သူက ခပ်ဖြည်းဖြည်း ပြုံးမြရှေ့ လျှောက်သွားလိုက်သည်။ ရှေ့ရောက်လာတော့လည်း ဘယ်လိုစပြောရမှန်းမသိ။

အိမ်ထဲဝင်လာကာ ညုတုကို ကောက်ချီလိုက်တာ ခါတိုင်းလိုပါပဲ။ နည်းနည်းမှ မပြောင်းလဲ။

ပြုံးမြရင်ထဲမှာ ထိုမြင်ကွင်း၊ ထိုပုံရိပ်ကို ဘယ်လောက်တမ်းတနေမိသလဲ မသိပါ။ မြင်လိုက်ရတော့ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သွားက ဆတ်ခနဲခါသည်။

"ဘာပြောမလို့လဲ ..ပြောလေ"

စိန်ရောင်သန့် မေးတော့ နှုတ်ခမ်းစူချင်သည်။

နိုင်နေကြမို့ အကျင့်ကစွဲနေပြီ။

"နင် ခရီးထွက်မယ်ဆိုတာ ဟုတ်လား"

ပြုံးမြ အရေးတကြီးခေါ်မေးတာ သည်ကိစ္စလား။

စိန်ရောင်သန့် အံ့ဩကာ မယုံချင်။

"ဘယ်တော့ပြန်လာမှာလဲ"

ခပ်မာမာမေးပုံက အလိုမကျတာ ပေါ်လွင်သည်။

"ဖေဖေ့ကိုလိုက်ပို့ပြီး ပြန်လာမှာပေါ့၊ တကယ်ဟိုမှာနေပြီး အလုပ်လုပ်ရမှာက ဖေဖေပါ၊ ဘာလို့လဲ"

"ဟင်"

ပြုံးမြက ရှက်စိတ်နှင့် ဖျန်းခနဲ မျက်နှာလေးနွေးသွား၏။

"နင် အကြာကြီးသွားမှာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"





စိန်ရောင်သန့်က ခေါင်းယမ်းသည်။

"ဒါဆို နင်ပြန်တော့"

ပြုံးမြက သူ့ကိုကျောခိုင်းပြီး နှင်၏။

သူတစ်ချက် ပြုံးမိသည်။ စိတ်ပါလက်ပါ မပြုံးဖြစ်တာပင် ကြာလှပြီ။

"အေးပါ ...ပြန်မှာပါ၊ နင်တော်တော်လောဘကြီးနေပါလား၊ ငါ့ကို ဝေးဝေးလည်းမသွားစေချင်ဘူး၊ အနားမှာရှိနေတော့လည်း မခေါ်ချင်ဘူး"

သူက နာကျင်သလိုပြော၏။

ရင်ထဲမှာတော့ ပီတိလှိုင်းတစ်ခု ကျေနပ်စွာ ရိုက်ခတ်သွားခဲ့ပြီ။

ပြုံးမြက သူနှင့်မခွဲနိုင်တာ သူသိသွားပြီ။

စိုးရိမ်တကြီး ဖုန်းဆက်ခေါ်မေးတာပဲကြည့်။ အဖြေက အရမ်းရှင်းသည်။

"ငါပြန်တော့မယ်၊ ညတုကို ရေချိုးပေးပြီးမှ ပြန်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမြက သူ့ကို ဆတ်ခနဲ ပြန်လှည့်ကြည့်၏။

""နင် ဟိုနေ့က ပြောတာ တကယ်လား""

""ဘာကိုလဲ""

သူက မသိသလိုလို ဘာလိုလို။

မှန်းလိုက်တာ။

ပြုံးမြ နှုတ်ခမ်းကိုက်သည်။

""နင် ...ငါနဲ့ လိုက်ရဲလို့လား၊ လူကြီးတွေပြောကြည့်ခွင့်တောင်းလို့ အဆင်မပြေရင် ငါ့နောက်လိုက်ခဲ့ရမှာ""

စိန်ရောင်သန့်စကားကြောင့် ပြုံးမြ မျက်နှာပျက်၏။

ညှုတုကို အောက်ချလိုက်ပြီး စိန်ရောင်သန့်က ပြုံးမြ ပခုံးလေးကို ဆုပ်ကိုင်လာ၏။

""လိုက်ရဲတယ်မဟုတ်လား""

သေချာအောင်မေးလာ၏။

ပြုံးမြက မျက်လွှာချသည်။

""ငါ ...နင်နဲ့မှ မခွဲနိုင်တာ၊ မလိုက်ရဲလို့ဖြစ်မလား""

ဟု မပွင့်တပွင့်ဆို၏။





စိန်ရောင်သန့်က ပြုံးမြကို ဆွဲယူပြီး တင်းတင်းဖက်ထားလိုက်၏။

ပြုံးမြ မရုန်းမိပါ။ သူ့ရင်ခုန်သံကို ကြားနေခွင့်ရသည်။ ပြီးတော့ နွေးထွေးလုံခြုံသည်။

ခုမှပဲ အရာရာလှပသွားသလို ခံစားမိသည်။

""ငါတို့တကယ်ချစ်ရင် မခွဲနိုင်တာသိရင် လူကြီးတွေ သဘောတူမှာပါ""ဟု စိန်ရောင်သန့်က အားပေးစကားဆို၏။

မောင်သန့်ရယ် ...

အမုန်းပြေးလမ်းတစ်ခုပေါ်မှာ ပြေးလွှားခဲ့ရတာ မောပန်းလှပါပြီ။

နင့်ရင်ခွင်ရိပ်အေးအေးမှာ ငါ နားခိုပါရစေတော့။ နင် ငါ့ကို ပစ်မသွားပါနဲ့။

ပန်းသီနိုင်



www.burmeseclassic.com